
# နှမဂျာသိုင်း

## မိုးရေတက်ရေတာဖွေးဖွေး



နွယ်ဂျာသိုင်း၏ “မိုးရေတက်ရေတဖွေးဖွေး” ဝတ္ထုကို စာမူခွင့်ပြုချက်
မှတ် ၆၀၀/၉၄ (၉) အရ၊ ဒေါ်တင်ရွှေ (၀၁၄၄၀) အောင်ချမ်းသာပုံနှိပ်
ကိုက်၊ ၅၄၊ ၉၃လမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့မှပုံနှိပ်ပြီး၊ မျက်နှာဖုံး ခွင့်ပြု
ချက်အမှတ် ၁၈၄/၉၄ (၄) အရ၊ ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်
ကိုက်၊ ၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဦးလှရွှေ (၀၁၁၈၃)
လှရွှေးစာပေ၊ ၂၅၊ ၁၂၆လမ်း၊ ရန်ကုန်မြို့မှ ၁၉၉၅ ခု၊ စက်တင်ဘာလတွင်
အုပ်ရေ ၅၀၀ ကို တန်ဖိုး ၉၀/ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး – ပြုံးပန်းတစ်ရာစာပေ

ဖုန်း – ၇၅၁၂၇







## လယ်စောင့်တဲ

မိုးရေတက်ရေ့ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး။
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာ တည်။
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့်ပန်းတင့်။ ။

(မင်းသုဝဏ်)

ဤ၀တ္ထုဖြင့်
ဆရာမင်းသုဝဏ်အား
ပူဇော် ကန်တော့ပါသည်။

ကဗျာများ
ထည့်သွင်းရေးသားခွင့်ပြုသည့်
ဆရာအား အထူး ကျေးဇူးတင်ရှိပါကြောင်း....။

# နှမ်ဂျာသိုင်း

မိုးရေတက်ရေ တဖွေးဖွေး

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရိုးသားကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်

အပိုင်း (တစ်)

(၁)

ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်နေပြီ....မောင်။

မိုးမည်းကြီးကလဲ ပြိုကျဖို့ တဲတဲလေးပဲ လိုတော့တယ်။

ဝှ့ခနဲ ဝှ့ခနဲ တိုက်လာတဲ့ လေကလဲ မိုးသက်ခါနီးမို့ အေးအေးလာပြီ။ သေချာပါတယ်၊ နောက် မိနစ်ဝက်လောက်ဆို ဒီမိုးက ရွာချတော့မှာ....။

ရင်ထဲမှာ မောလှတယ် မောင်ရယ်။

မိုးပဲကွယ်....ရွာမှာဖြင့်လဲ ရွာလိုက်တော့ရောပေါ့။ မရွာဘူးဆိုရင်ဖြင့်လဲ ဒီလို အုံ့ဆိုင်းညို့မှိုင်းနေမယ့်အစား ကိုယ်နဲ့မဆိုင်သလို လွှတ်ရာကျွတ်ရာ တစ်နေရာ သွားနေလိုက်ဦးပေါ့။ ခုတော့ ရွာလဲမရွာသေးဘဲနဲ့၊ စင်ကြယ်ပြာလဲ့နေရင် လူတွေရဲ့စိတ်ကို ကြည်လင်ချမ်းမြေ့စေတဲ့ ကောင်းကင်ပြာ

ပြာကြီးကို သူမို့ မည်းမှောင် ညစ်နွမ်းအောင် ရက်ရက်စက်စက် လာပြီး ကွယ်ကာနေရက်တယ်။

သိတယ်မောင်....သိတယ်၊ နောက် တစ်စက္ကန့် လောက်ဆို ယု မျက်ရည်ကျတော့မယ်။

ယုရင်ထဲမှာ မိုးသက်မိုးမှုန်တွေ စုပြီး လေထဲမှာ တိမ်စိုင်တိမ်ထုကြီးဖြစ်နေသလို အုံဖွဲ့နေတဲ့ မျက်ရည်မိုးကြီး ပြိုတော့မယ်။ မငိုဘဲကော နေနိုင်ပါတော့မလား မောင်ရယ်။ အုံ့ဆိုင်း မှိုင်းညို့နေတဲ့ လွမ်းနယ်ခြဲ့ မိုးတစ်ခုတည်းကတင် ယုကို လာနှိပ်စက်နေတာမှ မဟုတ်ဘဲ၊ ညောင်ခန်းထဲမှာ ဖွင့်ထားတဲ့ ရေဒီယိုကနေ လွင့်လာတဲ့ သီချင်းသံကလဲ ယုရင်ကို တစ်ဖက်ဘစ်လမ်းကနေ ကူဖဲ့ ညှဉ်းပန်းနေသေးတာ မဟုတ်လား။

ကြည့်စမ်းပါဦး မောင်ရယ်၊ ဒီလောက် ငိုချင်စရာကောင်းတဲ့ မိုးအုံ့အုံ့ကြီးဆိုင်းနေတဲ့ အချိန်မျိုးမှ သောတရှင်လိုရာ ဓာတ်ပြားအခန်းကနေ 'မိုးသက်လေနှင်' သီချင်းကို လွှင့်ပေးနေရသတဲ့။ တောင်းဆိုကြတဲ့ သောတရှင်တွေကပဲ အညှာတာ ကင်းရေ့သလား၊ တေးစီစဉ်သူတွေကပဲ မစာနာ ညှဉ်းရေ့သလား၊ သူတို့မို့ တောင်းရက်၊ ဖွင့်ရက်တယ်။

ဂီတစာဆို ကိုစောငြိမ်းကလဲ ရေးပဲရေးတတ်သလို အဆိုတော် မောင်မောင်ညွန့်ကလဲ မျက်ရည်ပူတွေကို ချူ....ချူတတ်လွန်းလှတယ်၊ စာသားရော၊ တီးလုံးရော၊ အသံရော တရိရိနဲ့ ရင်တစ်ခုလုံး ပွန်းအောင် ဖွဲ့ခြွေနေတော့တယ်။





'နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင်.... လွမ်းအောင်ဖော်ပြ.... အာကာဝေဟင်၊ ဘယ်....ရွေး....ဝဠ်ကြွေးတုံ့တင်၊ချေပြီထင်ရဲ့ ခိုမှီရာမဲ့၊ ရှုလှည့်မြင်လှည့်စေချင်....ချစ်တဲ့သူရဲ့ ရင်ခွင်....ဒီမိုးမှောင်တုန်း မောင်ပုန်းပါရစေ ခင်၊ တစ်ကိုယ်ရေ အားနွဲ့နွဲ့....တုန်ယင် ရွှေဘဝင်'....တဲ့။

တကယ် အားနွဲ့သူဆိုတာက ယုတို့ မိန်းမသားဘွေပါ မောင်ရယ်၊ မိန်းကလေးဆိုတာ လိပ်ပြာမှမဟုတ်ဘဲ၊ ပန်းပါ။ သွားနိုင်သူ မဟုတ်တာမို့ မျှော်ရသူပေါ။ သူတို့သဘောကျစိတ်ကြိုက်ရွေးချယ်ပြီး ကိုယ့်ဆီလာတယ်၊ ကိုယ့်နှလုံးသားကို လာခေါက်တဲ့ တံခါးခေါက်သံကြားမှ ရင်လှာတံခါးကို အသာလှပ်ကြည့်ပြီး ယုံကြည်လောက်တဲ့ ညောင့်သည်အထင်မှာ အဲဒီယောကျ်ားကို ကံဆိုးကံကောင်း မဲနှိုက်သလို စွန့်စား ရွေးချယ်ရတာ။ ချစ်ခဲ့၊ အားထားခဲ့၊ တစ်မျက်နှာတစ်ရွာထင်ခဲ့ရတာပါ။

ကံကောင်းခြင်းကြီးလို့ ကိုယ် တစ်ရွာမှတ်ခဲ့တဲ့ တစ်မျက်နှာက တစ်ခက်၊ တစ်ညှာ၊ တစ်လွှာ၊ တစ်ရွက်ဘဝနဲ့ တစ်သက် တစ်ချစ် ကိုယ့်ကို နှစ်နှစ်ကာကာ သစ္စာရှိရှိ ချစ်ပြီဆိုရင် စကြဝတေးမင်းရဲ့ စည်းစိမ်လဲ မမက်တော့ပါဘူး၊ တစ်လမ်းလုံး ဆူးဖုံးနေတာတောင် အပြုံးမပျက်၊ မြတဘက် ခါးမှာ ပန်းလို့ မိန်းမကြံ့းကြီးလုပ်ပြီး ပျော်နိုင်ပါသေးတယ်။

ကံဆိုးလို့ ကိုယ်ရွေးမိတဲ့ ယောကျ်ားက တစ်ရွာမှာ တစ်မျက်နှာလွမ်း၊ အကြင်နာဆိုတာကို မြောက်ကျွန်းက

ပဒေသာပင်သီးသလိုသီးပြီး ခူးလိုဆွတ်လိုဟဲ့ လက်မှန်သမျှ မလွတ်စတမ်း လက်ကမ်းတတ်ဟဲ့လူမျိုးလဲ ဖြစ်နေရော အဝီစိက ငရဲမီးထဲမှာ အရှင်လတ်လတ်လှဲထားပြီး မြင်းမိုရ် ရွှေ တစ်တောင်လုံးကို တုံးလုပ် အဖိခံရတာထက်တောင် ရင်နင့် ကြေကွဲ ရှူးမတတ် ခံစားရပါတယ်။

သည်လို ဘဝမျိုးမှာ သည်မိုးညို ချိန်နဲ့လဲ တိုးရော... မောင်တို့ယောကျ်ားတွေတောင်မှ 'တစ်ကိုယ်ရေ...အားနွဲ့နွဲ့ တုန်ယင်ရွှေဘဝင်'သေးတာ မောင်ရယ်၊ ယု ငိုချင်ရုံလောက် ငိုချင်တာ မလွန်လွန်းလှပါဘူး။

ဒါပေမယ့်...

ဒါပေမယ့်ပေါ့လေ...

ရင်ထဲမှာ မချိလွန်းလို့သာ ရရာတရားခံကို ယိုးမယ်ဖွဲ့ ရမယ်ရှာရပါတယ်၊တကယ်တမ်းကျတော့ သည်မိုး ညိုညို့ ကြီးမှာ အပြစ်မရှိရှာပါဘူး၊ သူက ယုကို ပစ်ခွာခဲ့တာမှ မဟုတ်ဘဲ၊ သူက ယုကို ရက်စက်ခဲ့တာမှ မဟုတ်ဘဲ။

သူက သဘာဝတရားပဲ၊ သဘာဝတရားပီပီ အချိန်တန် သူ့ဝတ္တရား မပျက်ရအောင် သူထမ်းရမယ့်တာဝန်ကို မပျက် မကွက်တမ်း သစ္စာရှိရှိ ဆောင်ရွက်ရတာပါ။

အပြစ်ရှိသူဟာ မိုး မဟုတ်ပါဘူး။

သစ္စာမဲ့သူက မိုး မဟုတ်ပါဘူး။

* * *





မိုးက သစ္စာရှိပါတယ် မောင်ရယ်။

သစ္စာမရှိတတ်တာက လူတွေပါ။ ယုက ရေးလက်စ စာကြောင်းကို ခဏရပ်ပြီး ပတ်ဝန်းကျင်ကို အကြည့်ကစားသည်။ သူရေးနေသော စာကြောင်းများထဲကလိုပင် အပြင် ဘက်တွင်လည်း မိုးသည် အုံ့မှိုင်းနေ၏။ ဧည့်ခန်းထဲမှ လွင့် လာသော မိုးသက်လေနှင် အသံကလည်း ရှာလုလုမိုးနှင့် အပြိုင် လွမ်းငွေ့ဝေပြနေသည်။

"ဟင်း..."

ယု သက်ပြင်းတစ်ချက် ချလိုက်၏။ ဘာအလုပ်ပဲလုပ်လုပ် နောက်ဆုံးတော့ သည်သံသရာထဲသို့ပင် ပြန်ပြန်ရောက်နေ တော့သည်။ အခုလည်း ရေးတုန်းကတော့ ဝတ္ထုဆိုပြီး ရေးလိုက်ခြင်းဖြစ်သည်။ သို့သော် ဖြစ်လာသည်က တမ်းတ ခြင်း မှာတမ်းရှည်ကြီး ဖြစ်နေသည်။ ဆက်ရေးလျှင် ယုလည်း မျက်ရည်ကျတော့မည်။ စာလည်း ငိုချင်းရှည် ဖြစ်တော့မည်။

ယုက ဖောင်တိန်ကို အဖုံးပိတ်ပြီး စားပွဲပေါ် ချထား လိုက်သည်။ ရေးလက်စ ဇလာစာအုပ်လေးကိုသည်း ပြန်ပိတ် ထား၏။ ကားလုဆဲမျက်ရည်ကိုလည်း မျက်တောင်ပုတ်ခတ်၍ သိမ်းသည်။ ယု သည်အချိန်မှာ မျက်ရည်မကျချင်။

မျက် ရည် ကျ ခြင်း မှာ မိန်းမသားတစ်ယောက်အတွက် လွယ်ကူလွန်းသော အရာဖြစ်၏။ လွယ်ကူလွန်းသည်နှင့်အမျှ

ထိရောက်သော အကျိုးကျေးဇူးလည်း ဘာတစ်ခုမှ မရနိုင်။ မိန်းမသား တစ်ယောက်အတွက် ခက်ခဲသောကိစ္စမှာ ထို အခြေအနေမျိုးကို ကြံ့ကြံ့ခိုင် ရပ်တည်၍ မိမိ ရည်ရွယ် အိပ်မက်ဖူးခဲ့သော ဘဝလမ်းကြောင်းကို မိမိခွန်၊ မိမိအား၊ မိမိရပ်တည်မှုဖြင့် ဆက်လက် လျှောက်လှမ်းနိုင်ခြင်းပဲ ဖြစ် သည်။ ထိုအရာက ခက်ခဲ၏။ သို့သော် ခက်ခဲသည်နှင့်အမျှ အကျိုးသက်ရောက်မှုကတော့ ကြီးမားပါသည်။

ယု ရွေးချယ်ထားသည်က လွယ်ကူသော လမ်းမဟုတ်၊ ခက်ခဲသော လမ်း။

သည်အချိန်မျိုးမှာ မျက်ရည်မကျဖို့ အထူး လိုအပ်သည်။

ယုက သက်ပြင်းနှင့်အတူ သူ့အခန်းပြတင်းဆီသို့လျှောက် လာခဲ့၏။ အပြင်ဘက်တွင် မိုးက သဲသဲမဲမဲရွာလျက် ရှိနေပေ ပြီ။ လေကူသယ်သောဘက်မို့ ပြတင်းမှ မိုးမပက်။ ယုက ပြတင်း ပေါင်ပေါ်တွင် လက်ထောက်၍ မိုးထဲသို့ ဦးတည်ရာမဲ့ ငေး ကြည့်နေမိသည်။

အသင့်အတင့်ကျယ်ဝန်းသော ခြံကလေးထဲရှိ သစ်ပင် များမှာ မိုးနှင့်အတူ ယိမ်းနွဲ့နေသည်။ ခြံထောင့်ရှိ ရေတမာ ပင်လေးဆီ ယု၏အကြည့် ရောက်ရှိသွားသည်။ မိုးရေများ ကြားမှ ရေတမာပင်လေးကို ဝိုးတဝါး မြင်နေရသည်။ယုရဲ့ ထဲ ခံစားမှုလေးတစ်ခု လှုပ်ခါသွားသည်။





ရေတမာပင်လေးများဖြင့် စခဲ့သော ဇာတ်လမ်းသည် ရေတမာပင်လေးများ အနီးဘွင်ပင် အဆုံးသတ်ရပေတော့ မည်။ သတိမရချင်တော့ဟု မေ့အောင် ကြိုးစားနေသည့် ကြားကပင် မျက်လုံးထဲ၌ တစ်ခါကရေတမာပင်လေးများကို ပြန်မြင်လာမိသည်။ ထို ရေတမာပင်လေးများသည် ယခု သူ့ မျက်စိရှေ့က ရေတမာပင် မဟုတ်။

တစ်ခါက ရေတမာပင်လေးများသည် အလွန် ကြည်နူး ဖွယ်ကောင်းသော ဘဝလေးများ ဖန်ဆင်းပေးနိုင်သည့် အပင်လေးများ ဖြစ်သည်။

ထိုဘဝလေးများသည် လွန်စွာ ပျော်စရာကောင်းသည် နှင့်အမျှ၊ ဘဝတွင် မြတ်နိုးတွယ်တာဖွယ် အကောင်းဆုံးဘဝ လေးများလည်း ဖြစ်သည်။

သို့သော်လည်း ထိုဘဝမျိုးသို့ ဘယ်သောအခါမှ ပြန် ရောက်တော့မည် မဟုတ်၊ ထို ဘဝလေးများသည် လွန်ခဲ့ပြီ၊ မြတ်နိုးဖွယ်ကောင်းလှသော ထိုဘဝလေးများသည် ရဲရဲပင် မသိရဲလောက်အောင် နူဆတ်လှသော ကြွေပန်းအိုးငယ်လေး ကျကွဲသကဲ့သို့ အစိတ်စိတ်အမြွာမြွာ ဖြစ်ခဲ့ပြီ။

အလွန်တော်သော လက်မှုပညာရှင်ကြီးက ကျွမ်းကျင် စွာ ပြန်ဆက်ပေးသည့်တိုင်၊ မူလ ကြွေပန်းအိုးလေးကဲ့သို့ သော အနာအဆာမရှိ၊ ပကတိ တင့်တယ်သော သဘောကို မဆောင်နိုင်တော့။

နှမြောတသခြင်း၊ယူကျုံးမရဖြစ်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတို့သာ ရှိနိုင်စရာ ရှိတော့သည်။ သည်ပန်းအိုးလေးကို ဘယ်ပုံဘယ်နည်းပြုပြင်၍ အကောင်းပြန်ဖြစ်အောင် လုပ်ရမည်နည်းဟု မစဉ်းစားနိုင်တော့။ ဖြစ်နိုင်လျှင် နောက်ထပ်အသစ်တစ်လုံး အလားတူ ဝယ်ရုံသာရှိသည်။

သို့သော် တကယ်တမ်းကျတော့ ဘဝသည် ကြွေပန်းအိုးမဟုတ်၊ ဘဝတစ်ခု ဆုံးရှုံးခြင်းကို ကြွေပန်းအိုးအသစ်အစားထိုးသလို အလွယ်တကူ ပြုပြင်ပြောင်းလဲ၍ ရသည်မဟုတ်။ အထူးသဖြင့် အစိတ်စိတ်အမြွာမြွာ ဖြစ်သွားသောအချစ်ပန်းအိုးလေးတွင် အလားတူ အသစ်တစ်လုံး မရှိနိုင်။

ယုက ပါးပေါ်တွင်စွန်းထင်းဆဲဖြစ်သော မျက်ရည်စများကို လက်ဖြင့် သုတ်ဖယ်သည်။

လွမ်းခြင်းမှ လွတ်ကင်းစေနိုင်သော နည်းနာ နိဿယများကို ယု အစွမ်းကုန် ရှာဖွေရပေမည်။ တစ်နည်းအားဖြင့် ပန်းအိုးကွဲလေးများအကြောင်း မစဉ်းစားဖြစ်အောင် ကြိုးစားရတော့မည်။ ဘဝဟူသည် လွမ်းခြင်း၊ တမ်းတခြင်းတို့ဖြင့် ကုန်ဆုံးအပ်သောအရာမဟုတ်။

မလွမ်းဘဲနေနိုင်မည် မဟုတ်သဖြင့် လွမ်းရသည့်တိုင်၊ တမ်းတရသည့်တိုင်၊ ဘဝကိုစွ ဆောင်ရွက်ရင်း လွမ်းမှတမ်းတမှ ဖြစ်ပေမည်။

ဖေဖေ့စကားတစ်ခုကို လေးနက်စွာ အမှတ်ရ၏။





"လောကကြီးမှာ ကိုယ့်ဘဝအတွက် ဘယ်လိုအရာမျိုးတစ်ခုခုကိုမှ အားပြုမထားနဲ့ သမီး၊ အဲဒီ ကိုယ်အားကိုးတဲ့အရာဆိုတာက မနက်ဖြန်မနက်မှာ ရှိချင်မှရှိမယ်၊ အရေးကြီးတာက ဘဝကိုရုန်းကန်ရဲတဲ့ သတ္တိရှိထားဖို့တစ်ခုပဲ ကြိုးစား၊ အဲဒါကို အားပြုထားရင် သမီး တစ်သက်လုံး စိတ်ဆင်းရဲစရာ မရှိတော့ဘူး"

သူ ရင်ထဲမှ ပြင်းထန်စွာ ခံစားနေရသော ရောဂါဝေဒနာအား ကုစားရန်အတွက်လည်း သည်နည်းမှလွဲ၍ အခြားနည်းမရှိ။

(၂)

မိုးက စောစောကထက်ပင် ပို၍သည်းလာသည်။

ယုရင်ထဲသို့ ကြောက်စိတ်ကလေးတစ်ခု တိုးဝင်လာသည်။ သည်သော်ကား မိုးတွေသည်းလာလျှင် တစ်ခုခုများဖြစ်တော့မလားဟူသော စိုးရိမ်စိတ်ဖြစ်၏။ ယု သူ့အဖြစ်ကို သူသဘောကျပြီး ပြုံးလိုက်သည်။

မိုးရွာလာလျှင် မိုးရွာနေခြင်းကို သူ မကြည့်ဘဲလည်း မနေနိုင်၊ မိုးတွေ ရွာနေသည်ကို ကြည့်ရသည်ကပင် ရင်ထဲမှာ အေးချမ်း လွတ်လပ်နေသလို ခံစားရသည်။ သို့သော်.... မိုးတွေ သိပ်ရွာလာလျှင်လည်း ကြောက်တတ်သည်။ ဟိုး ငယ်ငယ်လေးကတည်းက။ ဘာကြောက်သလဲဆိုတော့ တစ်ခုခု

ဖြစ်မှာကို ကြောက်ခြင်းဖြစ်သည်။ သို့သော် အခါများစွာ ဆိုသလိုပင် ထို....တစ်ခုခုသည် ဘာလဲဟု စဉ်းစားဖူး၏။

ယခုအသက်အရွယ်ရောက်သည့်တိုင် ထိုတစ်ခုခုသည် ဘာလဲဟု အတိအကျ အဖြေမရ၊ ဘာလဲတော့ မသိဘူး၊ တစ်ခုခု ဖြစ်မှာစိုးတာပဲ၊ အဲသည်တစ်ခုခုဆိုတာကလည်း ဘာဖြစ်ဖြစ် ဖြစ်နိုင်တာပဲဟု မရေမရာ ဆင်ခြေမျိုးသာ ထွက်လာသည်။

သည်ကြားထဲကပင် ဘယ်လောက် အသက်ရရ၊ ပညာရှိရှိ၊ အသိတိုးတိုး အချိန်တန်လာလျှင် ကြောက်မြဲကြောက်လာသည်။ ဤသည်ကို တွေးမိ၍ ပြုံးမိခြင်းဖြစ်သည်။

တကယ်တမ်းကျတော့ ထိုတစ်ခုခု ဖြစ်နိုင်သော မိုးက ခုထိ တစ်ခါမှ ဒုက္ခမပေးခဲ့။ ဘာမှမဖြစ်နိုင်ဟု ထင်ခဲ့သော ကိစ္စ၊ ဘယ်တုန်းကမှ ကြောက်စိတ်မပေါ်ခဲ့ဖူးသူကသာ ယုကို ဒုက္ခပေးခဲ့သည်။

ထိုကိစ္စမှာ ယု၏ သိပ်ချစ်တတ်သော အချစ်ဖြစ်၍ ထိုသူမှာ ယု သိပ်ချစ်မိခဲ့သော မောင်ဖြစ်သည်။ မောင်သည် ယုကို ဒုက္ခပေးလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးထင်မိခဲ့။ မောင့် တည်ငြိမ်ခြင်းများကို ယု ယုံခဲ့သည်။ မောင့်အပြုံးများကို ယု ကြည်နူးခဲ့သည်။ မောင့်စကားများကို ယု နားကျခဲ့သည်။ နောက်ဆုံးကျတော့ ယု တစ်သက်လုံး ကြောက်လာခဲ့သည့် မိုးက ဘာဒုက္ခမျှမပေးဘဲ ယု တစ်သက်လုံး ချစ်တော့မည်ဟု စိတ်ချလက်ချ ဆုံးဖြတ်ခဲ့သော မောင်....က....

ပြုံးပန်းတစ်ရာစာစပေ



ယု သက်ပြင်းချလိုက်သည်....။

အင်းလေ....တကယ်တမ်းကျတော့လည်း ယုအပြစ်ပဲပေါ့၊ ယုမှာ သည်လောက် သင်လာခဲ့ရတဲ့ ပညာတွေရှိတယ်၊ ယုကို အခါမလပ် သွန်သင်ဆုံးမခဲ့တဲ့ ဖေဖေ့ ကျေးဇူးနဲ့ သည်လောက် အသိဉာဏ်တွေရှိခဲ့တာပဲ၊ မောင်နဲ့တွေ့တဲ့အချိန်မှာ ဒါတွေဟာ အသုံးဝင်တဲ့အရာတွေလို့ ယုက စဉ်းမှ မစဉ်းစားတဲ့တော့ပဲ။

အတိတ်ကို တမ်းတ တွေးတောနေခြင်းသည် မိုက်မဲသောသူတို့၏ အလုပ်ဖြစ်သည်ဟု ပညာရှိများက ဆိုခဲ့သည်။ သို့သော်....လူတို့သည် အတိတ်က ဖြစ်စဉ်များချည်း ရေးသားမှတ်တမ်းတင်ထားသော သမိုင်းရာဇဝင် ဘာသာရပ်ကို အရေးပါသောဘာသာရပ်တစ်ခုအဖြစ် လက်ခံထားကြ၏။

ထိုအခါကျတော့ အတိတ်မှ ဖြစ်စဉ်များကို သုံးသပ်ပြီး အနာဂတ်တွင် မမှားရန် သင်ခန်းစာယူဖို့ဟု ပြောကြ၏။

ယုမှာလည်း သမိုင်းလေးများ ရှိပါသည်။

ယု၏ သမိုင်းလေးသည် ၁၅ ရာစု၊ ၁၆ ရာစု၊ ၁၇ ရာစု သဖြင့် ရာစုနှစ်နှင့်ချီ၍ ဖြစ်ခဲ့ခြင်းမဟုတ်သော်လည်း ယု သမိုင်းလေးမှ သင်ခန်းစာများကတော့ ဘဝနှင့်ချီ၍ ရှိလိမ့်မည်ဟု ထင်ပါသည်။

ထိုအခါ ယု၏ သမိုင်းရာဇဝင်လေးများကို ယု ပြန်စဉ်းစားတွေးတောမိခြင်းသည် မိုက်မဲခြင်း မဟုတ်နိုင်တော့။

ပြုံးပန်းတစ်ရာစာစပေ

အကယ်၍ မိုက်မဲခြင်းဟု သတ်မှတ်ကာ ယုအား မိုက်မဲသော မိန်းကလေးဟု စွပ်စွဲလျှင်လည်း ထိုစွပ်စွဲသူ၌ အမှား တစ်စုံ တစ်ရာမရှိ။

အဘယ်ကြောင့်ဆိုသော်…ယုသည် စကတည်းက မိုက်မဲခဲ့ သူဖြစ်သောကြောင့်ပင်တည်း။

* * *

ယု၏ သမိုင်းရာဇဝင်သည် ယု၏ အတ္ထုပ္ပတ္တိကို ဆိုလိုခြင်း မဟုတ်ဘဲ ယုနှင့်မောင်တို့၏ သမိုင်းထုပ္ပတ်မျှသာ ဖြစ်သည်။

သို့ဆိုလျှင် ယု၏သမိုင်းကို အစပြုပ က ကမ္ဘာဦးက စတင်စရာမလိုတော့။ အာဒမ်နှင့် ဧဝတို့ အေဒင်ဥယျာဉ် အလယ်၌ မြွေခေါင့်သော ပန်းသီးပင်မှ အသီးကို စားခဲ့ခြင်း သည် ယုတို့၏ သမိုင်းအစနှင့် အလွန်ဝေးကွာ စောလွန်းလှ သည်။ ထိုအကြောင်းကိုစလျှင် စင်စစ် ၁၉၇၆ ခုနှစ်မှသာ စရန် လိုအပ်၏။

ယုနှင့် မောင်တို့ စတွေ့ခြင်းသည် ၁၉၇၆ ခုနှစ်က သာ ဖြစ်သည်။





သို့သော် တစ်ခုတော့ရှိပါသည်။ သမိုင်းတစ်ခုကို စမည် ဆိုလျှင် သမိုင်းမတင်ခင်ကာလ၊ သို့မဟုတ် သမိုင်းဦးကာလ အခြေအနေကို အနည်းအကျဉ်းပြောပြရန်တော့ လိုမည်ထင် သည်။

သို့ဆိုလျှင် မိုးရေတက်ရေ တဖွေးဖွေး ကွင်းကျယ်အဝေး ဝေးဆိုသော ကဗျာလေးမှ စတင်၍ ယု၏သမိုင်းက မှတ် တမ်းတင်လိုပါသည်။

ယု…ဆိုသော မိန်းကလေးသည် စင်စစ် လွန်စွာ လိမ္မာခဲ့ ဖို့ကောင်းသော မိန်းကလေးဖြစ်၏။

(၃)

"ဘယ်လို....ဘယ်လို....သမီး....ခုန ကဗျာကို ပြန်ဖတ်စမ်း"

ယု မှတ်မိသလောက် ထိုအဖြစ်အပျက်လေးသည် ယု သုံးတန်းလား လေးတန်းလားမသိ၊ ထိုလောက်လောက်က ဖြစ်ခဲ့သော အဖြစ်ကလေးပင်။

ယုတို့ သင်ရသော မြန်မာစာ စာအုပ်ထဲတွင် ဆရာမင်းသုဝဏ်၏ ထိုကဗျာလေး ပါသည်။ ခေါင်းစဉ်က 'လယ်စောင့်တဲ' ဟု တပ်ထားသည် ထင်သည်။ ခေါင်းစဉ်ကို သေချာမမှတ်မိ၊ ကဗျာစာသားများကိုတော့ အသေအချာပင် မှတ်မိသည်။

ထိုကဗျာလေးကို ယုက သည်အတိုင်း အော်ဖတ်သည်။ ခေါင်းရင်းတွင် ပက်လက်ကုလားထိုင်ဖြင့် မြိန့်မြိန့်ကြီးထိုင်နေသော ဖေဖေက ငြိမ်နားထောင်နေရာမှ မျက်မှောင်ကြုတ်လိုက်ပြီး ယုကို တစ်ခေါက် ပြန်ဖတ်ခိုင်း၏။ ယုက သူဖတ်တာ မှားသွား၍ ပြန်ဖတ်ခိုင်းသည်ပဲ ထင်လိုက်သည်။ ထို့ကြောင့် ကဗျာလေးကို ပြန်ကြည့်လိုက်ပြီး တစ်ခေါက် ပြန်ဖတ်သည်။

'မိုးရေတက်ရေ....တဖွေးဖွေး
ကွင်းကျယ်အဝေးဝေး၊
လယ်စောင့်တဲလေးခြေတံရှည်
မိုးကုပ်အောက်မှာတည်၊
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့်ဟန်တင့်'

ယု ဖတ်သံအဆုံးတွင် ဖေဖေက ခေါင်းကို ခါယမ်းလိုက်ရင်း....

"သမီး အဲဒီကဗျာကို အလွတ်ရလား"

"ရပါတယ် ဖေဖေ"

"ရရင် မျက်လုံးမှိတ်လိုက်စမ်း"

ယုက မျက်လုံးမှိတ်လိုက်သည်။

"ရွတ်....အဲဒီကဗျာကို အလွတ်ရွတ်"





ကဗျာစာသားလေးကို ယု တစ်ခေါက်ပြန်ရွတ်သည်။ အလွတ်ရနေသောကဗျာမို့ ဒိုးဒိုးဒေါက်ဒေါက် မြန်မြန်ဆန်ဆန်ပင် ရွတ်ပြလိုက်သည်။

"အဲဒီလိုရွတ်လိုက်တော့ သမီးမျက်လုံးထဲ ဘာမြင်လဲ"

"ဟင်....ဘာမြင်ရမလဲ ဖေဖေရဲ့၊ မျက်လုံးမှိတ်ထားတာပဲဟာ၊ မှောင်မှောင်ကြီးပဲမြင်တာပေါ့"

ဖေဖေ သဘောကျစွာ ရယ်သည်။

"အေးပါ....အေးပါ....ဒါဖြင့် အဲဒီ မှောင်မှောင်ကြီးအတိုင်းပဲ ခဏနေလိုက်ဦး၊ အဲဒီကဗျာလေးကို ဖေဖေ ရွတ်ပြမယ်၊ နားထောင်"

"အင်း"

"မိုး....ရေ....တက်....ရေ....တဖွေးဖွေး....
ကွင်းကျယ်....အဝေး....ဝေး...."

ဖေဖေ့အသံက ယုဖတ်သလိုမဟုတ်၊ ကလေးချော့သိပ်သည့် သီချင်းသံလိုလို၊ တူရိယာတစ်ခုခုဖြင့် တွဲဖက်သီဆိုထားသည့် တေးသံလိုလို၊ သံစဉ်အနိမ့်အမြင့်ဖြင့် နားထောင်၍ ကောင်းသည်။ ဖေဖေ့အသံ ဝါဝါအောင်အောင်ကြီးကို ဇိမ်နှင့် နားထောင်ရင်း ယု မျက်လုံးထဲမှာ ရှုခင်းမြင်ကွင်းလေးတစ်ခုလိုလို မြင်လာသည်။ သူတို့နေသော ညောင်လေးပင်မြို့လေးမှ မိုးရာသီအတွင်း တစ်နေရာရာသို့ ကားဖြင့် ထွက်လျှင် မြင်တွေ့နေကျဖြစ်သော ရေဖွေးဖွေး လယ်ကွင်းကြီး၊ ပြီးတော့ ယိုင်တိယိုင်နဲ့ လယ်စောင့်တဲလေး။

"ကဲ....ဘာမြင်လဲ သမီး"

"အင်း....မြင်တယ် ဖေဖေ၊ ညောင်လေးပင်ကနေ မြွန်တန်ဆာဘက်ကိုထွက်တော့ လမ်းဘေးမှာတွေ့ရတဲ့ လွယ်ကွင်းကြီး"

"ရေတွေကော ဖွေးနေရဲ့လား သမီး"

"အင်း....ရေတွေလဲ အများကြီးပဲ၊ လယ်တဲလေးလဲပါတယ်"

"အေး....အဲဒါမှတ်ထား၊ ကဗျာရွတ်ရင် စာဖတ်သလို မရွတ်နဲ့၊ အသံနေအသံထားနဲ့ရွတ်၊ ပြီးတော့ မျက်လုံးထဲပေါ်အောင်ရွတ်၊ ကဗျာဆိုတာ အဲဒီလို ရွတ်လို့ဆိုလို့လဲ အသံသာရမယ်၊ အသံချိုချိုကလေးနဲ့ ရွတ်မှလဲ ကဗျာအရသာပေါ်တယ်"

"ကဗျာအရသာဆိုတာ ဘာလဲ၊ သမီး နားမလည်ဘူး"

"စောစောက ဖေဖေရွတ်တော့ သမီးစိတ်ထဲမှာ ဘယ်လိုနေလဲ"

"ကောင်းတာပေါ့"

"အေး....အဲဒါ ကဗျာအရသာပဲ၊ သမီးက ငယ်သေးတော့ ကောင်းတာပဲ သိဦးမယ်၊နောက် သမီးကြီးလာတော့ အဲဒီကဗျာလေးကို ခု ဖေဖေရွတ်သလို ပြန်ရွတ်ကြည့်၊ အဲဒီအခါမှာ ဘယ်လိုကောင်းတာလဲ၊ ဘာကြောင့်ကောင်းတာလဲဆိုတာ သမီး သိလာလိမ့်မယ်၊ အဲဒီအခါကျတော့ ကဗျာအရသာဆိုတာ ဘာလဲလို့ သမီး မေးမှာမဟုတ်တော့ဘူး"





ကြီးလာရင် သည်ကဗျာကို တစ်ခေါက် ရွတ်ကြည့်ဦးမယ်ဟု ယု စိတ်ထဲကနေ မှတ်သားထားလိုက်၏။

* * *

ဖေဖေ့အလုပ်သည် မူလတုန်းက ကျောင်းဆရာဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံရေးဘက်သို့ရောက်သွားပြီး မြို့နယ်ကောင်စီဝင်အဖြစ် အရွေးခံရ၊ ထိုမှနေ၍ တိုင်းကောင်စီအဖွဲ့ဝင် အချိန်ပိုင်း၊ ထိုမှ တိုင်းတရားသူကြီးအဖွဲ့ဝင် ဖြစ်သွားသည်။

ဖေဖေ့ဝါသနာက စာအကြီးအကျယ်ဖတ်ခြင်းပင်၊ အိမ်မှာလည်း ဗီရိုကြီးငယ်နှင့် စာအုပ်ပေါင်းများစွာ စုဆောင်းထားသလို အချိန်ရလျှင်ရသလို စာတစ်အုပ်နှင့် မျက်နှာအပ်နေသူလည်း ဖြစ်သည်။ ယုကိုလည်း စာဖတ်ကျင့် ထူထောင်ပေးခဲ့သလို စာများစွာဖတ်နိုင်အောင်၊ ဖတ်တတ်အောင်လည်း လေ့ကျင့်ပေးခဲ့သည်။

ထို့ကြောင့် ယု တက္ကသိုလ်ရောက်၍ မောင်နှင့် မတွေ့မီအထိ ယု၏ ပင်တိုင်အလုပ်ဖြစ်သော ကျောင်းစာကြိုးစားခြင်းမှအပ အခြား အချိန်ရှိသရွေ့ လုပ်သောအလုပ်သည် စာဖတ်ခြင်း၊ စာရေးခြင်း၊ ကဗျာရေးခြင်းတို့ပင် ဖြစ်သည်။

ထို့အတွက် မောင်နှင့် စတွေ့ချိန်တွင် ယုသည် တက္ကသိုလ် ကျောင်းရောက်၍ ပညာရေးတက္ကသိုလ်တွင် တတိယနှစ် ရောက်နေသည့်တိုင် လောကကြီး၏ ဒိဋ္ဌဓမ္မ ဖြစ်ရပ်များနှင့် ဘာမှ သိပ်ရင်းနှီးခြင်းမရှိဘဲ စာသင်သားသာသာအသိဖြင့် ခပ်အအ ရှိနေခဲ့ခြင်းဖြစ်သည်။ ပြောရလျှင် ဖတ်ဖူးမှတ်ဖူး သော စာများထဲကလိုပင် လောကကြီးသည် အဖြောင့် အတိုင်းသွားနေသည်ဟု ထင်မိခဲ့သည်။

တကယ်စစ် လောကကြီးက ထိုကဲ့သို့မဟုတ်။

(၄)

"ဟာ....အဲဒါပြဿနာပဲ"

မေဘယ်လ်ထံမှ ညည်းသံ ကြားလိုက်ရသည်။ သည်အချိန် ရောက်လျှင် သည်အသံမျိုးက မကြာခဏ ပေါ်ထွက်လာဖူး သဖြင့် ယုအဖို့ မထူးဆန်းတော့ဘဲ ပြုံးရုံပြုံးပြီး လှည့်ကြည့် လိုက်သည်။

"စိတ်ရှုပ်တယ်ကွာ၊ သေတောင် သေချင်တာပဲ"

အညည်းအညူ ဒီဂရီက တစ်ဆင့်တက်သွားသည်။ မေ ဘယ်လ် ဘာကို ရည်ရွယ်နေကြောင်း စေ့တ်သိချင်း သိနေ မို့ ယု အလိုက်သိရတော့မည်။

"ဘာဖြစ်လို့လဲ မေဘယ်လ်၊ ဘာလိုနေလဲ"

"ဟာကွာ....ညနေတုန်းက သတိတော့ရသား၊ သွား မလို့လုပ်ပြီးခါမှ ဘယ်လိုလုပ် မေ့သွားလဲမသိဘူး၊ ကိုယ်လဲ ရှူးတော့မယ်ထင်ပါတယ်၊ ဒါမှမဟုတ်လဲ ရှူးပစ်လိုက်ချင်ပြီ"

ယု ရယ်သည်။

"ရှူးတော့ မရှူးပါနဲ့ဦး မေဘယ်လ်ရယ်၊ မင်း ရှူးသွား ရင် တို့တစ်ယောက်တည်း ဒုက္ခရောက်နေပါဦးမယ်၊ ခု ဘာ ဖြစ်နေလို့လဲ ပြော၊ မင်း လိုနေတဲ့ပစ္စည်း တို့ဆီမှာ မရှိဘူး လား"

"ဟို....ဟိုသင်းကွာ....ယုမှာတော့ ရှိတာပေါ့၊ ကိုယ်က အားနာနေလို့၊ ကိုယ့်ပါဖျူးမ် ကုန်နေပြီ၊ နေ့ခင်းက သတိ ရတယ်"

"ရေမွှေးကုန်နေတာများ ခက်နေရသေးလား မေ ဘယ်လ်ရယ်၊ တို့ သေတ္တာထဲမှာရှိတာ မေဘယ်လ် သိသား ပဲ ဥစ္စာ၊ ယူဆွတ်သွားလိုက် ပြီးရော"

"မင်းကို သိပ်အားနာဖို့ကောင်းတယ် ယုရာ"

"အမယ်လေး မေဘယ်လ်ရယ်၊ ဘာလဲ၊ ယု ယူမပေးလို့ ယူရခက်နေတာလား"

"ဟာ....နိုး....နိုး၊ နေ....နေ....ယု၊ ကိုယ့်ဟာကိုယ်ပဲယူ မယ်၊ ယု စာဖတ်ပျက်နေလိမ့်မယ်"

ပြောပြောဆိုဆိုနှင့် မေဘယ်လ်က ယု ခုတင်ဘေးတွင် ထိုင်လိုက်ပြီး ယုသေတ္တာထဲမှ ရေမွှေးပုလင်း ထုတ်ယူသည်





ထို့နောက် ကိုယ်လုံးအနှံ့ ဆွတ်ဖျန်းလိုက်သည်။ တစ်ခန်း လုံး ဂိုယာဝဲရေမွှေးနံ့ သင်းပျံ့ပျံ့ ထုံသည်။

ယု သဘောကျစွာပြုံး၍ စာအုပ်၏ဖွင့်ထားသောမျက်နှာ ဆီ အာရုံပြန်ပို့သည်။ လူထုဒေါ်အမာရေးသော အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးစာအုပ်တစ်နေရာမှ စာသားများ မျက်လုံး ထဲဝင်လာသည်။

"ဇာတ်မင်းသားတွေ ရှိရှိသမျှမှာ၊ ဖိုး စိန် ကြီး ဆို တာ နံပါတ်တစ်က ရှိတဲ့ မင်းသားပေါ့၊ ဦးဖိုးစိန်နဲ့ တွဲရတယ်ဆို ရင် မင်းသမီး မိုးပျံအောင် ကောင်းပါစေ၊ ဦး ဖိုး စိန် ကို ဘယ်မင်းသမီးများ ရဲရဲလွှမ်းနိုင်ခဲ့သလဲ၊ အောင်ဗလတို့က တော့ ဖိုးစိန်ကိုလဲ လွှမ်းခဲ့တာပဲ"

* * *

'ယု....'

ခုထိ ပြဿနာမပြီးဆုံးသေးဟန်တူသော မေဘယ်လ် ခေါ် သံကြားသည်၊ ယုက လှည့်ကြည့်သည်။

"ဘာလဲ မေဘယ်လ်....ဘာလိုသေးလဲ"

"ဟင့်အင်း....ဘာမှမလိုတော့ပါဘူး၊ အား လုံး အို ကေ သွားပြီ"

"အိုကေရင်သွားတော့လေ၊ တော်ကြာ ဒီနေ့ အလှည့်ကျတဲ့မင်းရဲ့ ပရိသတ်ထဲက တစ်ယောက်၊ စောင့် နေ ရ လို့ ဒေါကန်နေဦးမယ်"

"အဲဒါပြောမလို့....ယုရ၊ ဒီနေ့တွေ့ရမယ့်ပုဂ္ဂိုလ်က လူသစ်ဖြစ်နေတယ်၊ ပြီးတော့ ကြောင်လဲ ခပ်ကြောင်ကြောင်၊ စကားလဲ သိပ်ပြောမှာမဟုတ်ဘူး၊ ပျင်းစရာကြီးဖြစ်နေမှာ၊ ယု အားရင် လိုက်ခဲ့ပါလားကွာ၊ ကိုယ်နဲ့စကားပြောဖော်ရတာပေါ့"

ယု....ခပ်သွက်သွက်ခေါင်းခါသည်။

"ဟာ....မလုပ်ပါနဲ့၊ကိုယ့်ဘာသာသွားပါမေဘယ်လ်ရာ၊ မလိုက် ချင် ပါဘူး၊ တို့ပါလာရင် ဘာမှမဆိုင်ဘဲနဲ့ ကြားထဲမှာ အသားလွတ် ကြောင်တောင်တောင်ကြီး"

ယုက အတွေ့အကြုံများအရ တမင်း ခါးခါးသီးသီးငြင်းလိုက်ခြင်း ဖြစ်သည်။အဆောင်မှာ တစ်ခါမှ အဖော်လိုက်မသွားဖူးသော်လည်း မေဘယ်လ်နှင့် ကျောင်းမှာ တစ်ခါ တလေအဲဖော်အဖြစ် ပါသွားမိလျှင် အမြဲဒုက္ခရောက်ရသည်၊ သူတို့ဟာ သူတို့ချင်း၊ သူတို့မူ၊သူတို့ဟန်၊သူတို့လေဖြင့်လေ ပေးဖြောင့်နေကြသည့် ကြားထဲမှာ ကိုယ်က သူတို့လိုလည်း





မပြောတတ်၊သူတို့စကားများလည်း နားမထောင်ရဲမို့ သိပ်အနေရခက်တတ်သည်။

ဒါတောင် ကျောင်းထဲမှာ ခဏတစ်ဖြုတ်ဆုံရတာမျိုး။ ခုလိုအဆောင်ဧည့်ချိန်ကြီးမှာ မည်မျှကြာမှန်းမသိ ထိုင်ပေးနေရလျှင် ရှက်တာနှင့် သေလိမ့်မည်။

"မဟုဘဲပါဘူး ယုရ၊ခုလူက ခါတိုင်းလူတွေလို မဟုတ်ပါဘူး၊ယု မကြောင်စေရပါဘူး၊ယု မပါမှ ကိုယ်တစ်ယောက်တည်း ကြောင်နေမှာ၊ လိုက်ခဲ့ပါကွာ၊ ကိုယ် တောင်းပန်ပါတယ်"

မေဘယ်လ်လေသံနှင့် ပုံစံကြောင့် အံ့တော့ အံ့ဩသွား၏။ယုနှင့် မေဘယ်လ်တို့က သင်ကြားသော ဘာသာရပ်ချင်း မတူကြ။ ယုက ပညာရေးတက္ကသိုလ်က၊ မေဘယ်လ်ကအင်္ဂလိပ်စာအဓိက က၊ သို့သော် တစ်ဆောင်တည်းမှာမနှစ်ကတည်းက အခန်းတူလာကျနေသဖြင့် အတော်လေးရင်းနှီးကြသည်။ အိပ်အတူ စားအတူမို့၊ အတွင်းသိ အစဉ်းသိလည်း ဖြစ်ကာ အခင်ဆုံး သူငယ်ချင်းများဟုပင် ပြောနိုင်သည်။

မေဘယ်လ်စရိုက်နှင့်လည်း ရင်းနှီးနေပြီ၊ ကိုယ်နှင့် သည်နေရာမှာတော့ ဘာမမပတ်သက်သဖြင့် ဘာ သိ ဘာ သာလည်း နေနိုင်နေပြီ၊ သို့သော် မေဘယ်လ်အခုလိုဖြစ်ပုံမျိုးကိုတော့ သူ တစ်ခါမှမကြုံဖူးခဲ့ချေ။

ပုဂံဆောင်၏ ညနေခင်းများသည် မေဘယ်လ်အတွက် ခုနစ်ပြည်ထောင်မင်းသားများ၏ အလှည့်ကျ အခစားခံ၊

အဖူးမြော်ခံ ညနေမျှားပင်။ မေဘယ်လ် မှာလည်း သည်
အလုပ်က စာမေးပွဲအောင်ဖို့နှင့် တန်းတူ လောက် ထား၍
အရေးကြီးတတ်သည်။

သို့ရာတွင် တစ်ခါမှတော့ သည်လိုမဖြစ်စဖူး။ ဖြစ်လျှင်
လည်း သည်လောက်မဖြစ်၊စခင်စနှစ်၊နှစ်ဦးလောက်ကတော့
အေးမေဘယ်လ် ရယ်သလိုမောသလို အဖော်စပ်ဖူးသေး၏။

"ဟေ့....ယုရ၊ မင်းကလဲ အမြဲ အခန်းအောင်းနေတာပဲ
လား၊မပျင်းဘူးလား၊ တစ်ခါတလေ လိုက်ခဲ့ပါလား၊
အပျော်ပေါ့ကွာ၊ ရယ်ရတာပေါ့"

ထိုအခါ ယုက 'အမယ်လေး....မလုပ်ပါနဲ့ မေဘယ်လ်ရယ်၊
ရယ်လဲ မရယ်ပါရစေနဲ့၊ယု ဒီလိုလဲမပျော်တတ်ပါဘူး၊အေး
စာဖတ်နေတာပဲ ကောင်းပါတယ်

ထိုသော စကားမျိုးဖြင့် အသာအယာပင်ငြင်းခဲ့သည်၊
စတိလောက်သာ ခေါ်သော မေဘယ်လ်ကလည်း နောက်
တစ်ခွန်းထပ်မခေါ်၊ ရယ်ရုံသာ ရယ်ပြီး သူ့ တစ်ယောက်
တည်းသာ မွှေးကြိုင်သင်းပျံ့လှပစွာ သွားလေ့သွားတ
သည်။ သည်နေ့ကျမှ မေဘယ်လ် တစ်မျိုးဖြစ်နေ၏။

ယုက အံ့သြမှုကို မထိန်းနိုင်....

"အမယ်....တောင်းတွေဘာတွေ ပန်လို့၊ ဒီနေ့တစ်မျိုးပ
လား မေဘယ်လ်၊ မကြုံစဖူး ထူးကဲသော အဖြစ်ပါလား၊

မေဘယ်လ်က ရှက်ပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။





"ဟုတ်တယ် ယုရ၊ဒီနေ့လူက ခါတိုင်းလူတွေနဲ့ မတူဘူး၊
ကိုယ်လဲ ခါတိုင်းလို ရယ်ရရုံ၊ ဟားရရုံ သွားတဲ့ ဟက်ပီး
ကိစ္စမဟုတ်ဘူး၊ ဒီလူ့ကို နည်းနည်း ဆီးရီးယပ်စ် ဖြစ်တယ်၊
ဒါကြောင့် မပျော်ဘဲနဲ့ သွားရမှာ၊ ယု လိုက်ခဲ့ပါကွာ၊
ပြီးတော့ ကိုယ့်လူကိုလဲ နည်းနည်း အကဲခတ်ပေးစမ်းပါ"

မေဘယ့်လ်စကား ဖြစ်နိုင်သည်ဟု ယု လက်ခံမိသည်။
အဘယ်ကြောင့်ဆိုသော်မေဘယ့်လ်ပုံစံက ခါတိုင်းလိုမဟုတ်၊
ခါတိုင်း သည်လို ညှိချိန်မှာ ထွက်တွေ့တာလောက်က သူ့
အတွက် ထမင်းစား ရေသောက်၊ သည်နေ့ မေဘယ်လ်
နည်းနည်း ပျာယာခတ်နေသည်။နည်းနည်းလည်း မို့ပြင်ထား
သည် အောက်မေ့သည်။ သူ ပြောသလိုသည်ကိစ္စက ဟက်ပီး
ကိစ္စ၊အပျော်ကိစ္စ မဟုတ်ဘဲ၊ ဆီးရီးယပ်စ်ဖြစ်သည်။အလေး
အနက် ထားရှိသည် ဆိုခြင်းကဖြစ်နိုင်သည်။

"လုပ်ပါယုရာ၊ ယုပြင်ချင်ပြင်လိုက်ပါ၊ ကိုယ် စောင့်နေ
ပါ့မယ်"

"မလုပ်ပါနဲ့ မေဘယ်လ်ရာ၊ ကိုယ့်ဟာကိုယ် သွားပါ၊
ဟိုက စောင့်နေရတဲ့သူလဲ အားနာပါတယ်"

"စောင့်တာက ကိစ္စမရှိဘူး၊ ရပါတယ်၊ ဒီလူက ဒီနား
ချထားရင် လှုပ်ကိုမလှုပ်မယ့် ကျောက်ရုပ်ပါ၊ အဲဒီကျောက်
ရုပ်ကြီးနဲ့ အကြာကြီးထိုင်နေရမှာစိုးလို့ ယုကို တမင်အဖော်

ခေါ်တာပါ၊ လုပ်ပါ သူငယ်ချင်းရာ၊ ကိုယ့်ကို ဒီတစ်ခါ တော့ လိုက်လျောပါ"

ယု သက်ပြင်းချသည်။

သည်လောက်ဖြစ်နေ၊ သည်လောက်ခေါ်နေတော့လည်း မေဘယ့်လ်ကို သူ အားနာသွားသည်။ 'အေးလေ....ခဏ တစ်ဖြုတ် လိုက်ပေးလိုက်တာပေါ့၊ သူတို့ဟာသူတို့လေပေး ဖြောင့်သွားတော့လဲ တစ်ခုခု အကြောင်းပြပြီး ပြန်လာခဲ့ ရတာပဲဟာ' ဟု တွေးပြီး....

"ကဲ....မေဘယ်လ် ဒီလောက်ပြောနေရင်တော့ တို့လိုက် ခဲ့ပါ့မယ်၊ ဒါပေမယ့် မေဘယ်လ်တို့ အဆင်ပြေနေရင် တို့ သိပ်အကြာကြီး မနေဘူးနော်"

"အင်း....အင်း....ယုသဘော"

ယု ထိုင်ရာမှ ထရပ်သည်။ ညနေ ကျောင်းကအပြန် လျှော် ထားသဖြင့် ဖြန့်ချထားသော ကျောလယ်လောက် ဆံပင်ကို သပ်တင်ရင်း....

"ကဲ....သွား....မေဘယ်လ်"

"ဟင်....မပြင်တော့ဘူးလား"

ယုက ရယ်သည်။

"ယုက ဘာလို့ပြင်ရမှာလဲ မေဘယ်လ်ရဲ့၊ ယုကိစ္စမှမဟုတ် တာ"





မေဘယ်လ်ကပါ လိုက်ရယ်ရင်း....

"အေးပါ.... ဟုတ်ပါတယ်၊ မေဘယ့်လ်သူငယ်ချင်းက ပြင်စရာလဲမလိုပါဘူး၊ နဂိုလှပြီးသားပါ၊ ဒါကြောင့် ကိုယ် က ချစ်ရတာ"

နှစ်ယောက်သား ရယ်လိုက်ကြသော အသံလေးများက အခန်းငယ်လေးထဲတွင် ဝေစည်သွားသည်။ ထို့နောက် အခန်းတံခါးပိတ်၍ ထွက်ခဲ့သည်။

အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး စာအုပ်လေးသာ စာ ကြည့်စားပွဲပေါ်တွင် ထီးတည်း ကျန်နေခဲ့၏။

(၄)

သူတို့နှစ်ယောက် ဧည့်ခန်းတွင် ဝင်လိုက်သည်နှင့် ဧည့်ခန်း ကုလားထိုင်ပေါ်မှ လူတစ်ယောက် ကပျာကယာ ထ, ရပ်သည်။ မေဘယ်လ်က ပြုံးလိုက်ပြီး....

"ရောက်နေတာ ကြာပြီလား ကိုထွန်းလွင်၊ မေဘယ်လ် ရေချိုးနေတာနဲ့ နည်းနည်းနောက်ကျသွားတယ်"

ကိုထွန်းလွင်ဆိုသော ပုဂ္ဂိုလ် ရှက်အမ်းအမ်းအမူအရာဖြင့် ခေါင်းခါရင်း....

"မကြာသေးပါဘူး မမေဘယ်လ်၊ ခုပဲရောက်တာပါ"

ယုရင်ထဲက ရယ်ချင်စိတ်ကို မနည်း ထိန်းထားလိုက်ရ သည်။ သည်ပုံမျိုးနဲ့ မေဘယ့်လ်ဆီ လာလို့ကတော့ တစ်

လျှောက်လုံး ဘယ်လောက်ကော့နေအောင် ခံရဦးမည်မသိ ဟုလည်း ထို သနားစဖွယ် ပုဂ္ဂိုလ်အတွက် ရင်လေးသွားမိသည်။

"လာလေ ကိုထွန်းလွင်၊ ကဲင်တင်း သွားကြတာပေါ့၊ ဒီထဲမှာ မှောင်ကုပ်ကုပ်ကြီး မကောင်းပါဘူး၊ ဒါပေမယ့် ကိုထွန်းလွင်က ဒကာခံရမှာနော်"

မေဘယ်လ်က ရယ်ရင်းနှင့် 'လာ....ယု၊ ကဲင်တင်းသွားရအောင်' ဟု ဆိုကာ ယုဘက် လှည့်ခေါ်သည်။

အူကြောင်ကြောင် ပုဂ္ဂိုလ်က ရှေ့မှ ကုပ်ကုပ်ကလေး-ကြွ၏။ မေဘယ်လ်နှင့် ယှဉ်၍ပင်မလျှောက်။

* * *

"ကိုထွန်းလွင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မေဘယ့်လ် အခန်းဖော်လေ၊ မေဘယ့်လ် အချစ်ဆုံး သူငယ်ချင်းပဲ၊ ယုယုမွန်တဲ့၊ မေဘယ်လ်တို့ကတော့ ယုပဲ ခေါ်တယ်၊ ယု၊ ဒါ ကိုယ်ပြောတဲ့ ကိုထွန်းလွင်"

ယုတို့ပုဂံဆောင်က ပြည်ဆောင်၊ တကောင်းဆောင်တို့နှင့် တစ်ဝင်းတည်း သတ်သတ်တည်ရှိသည်။ စားသောက်





ဆိုင်ကလည်း သုံးဆောင်ပေါင်း တစ်ခု၊ ဝင်း၏နောက်ဘက် ထွက်ပေါက်အနီး၌ ရှိ၏။

ဆိုင်၏ စားပွဲအလွတ်တစ်လုံးတွင် ဝင်ထိုင်မိသည်နှင့် မေဘယ်လ်က မိတ်ဆက်ပေးသည်။ ခုချိန်ထိ တစ်စက်ကလေးမှ တည်ငြိမ်မှုမရသေးဘဲ မေဘယ့်လ်စကားမှန်သမျှ ဘဝရှင်မင်းတရား၏ အမိန့်တော်ကို နာခံရသလို ပျာယာခတ်နေဆဲဖြစ်သော ပုဂ္ဂိုလ်က ထပ်မံပျာယာခတ်သွားပြီး....

"ဟုတ်ကဲ့ခင်ဗျ၊ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ကျွန်တော် ထွန်းလွင်ပါ"

"ဟုတ်ကဲ့၊ ယုလဲ ဝမ်းသာပါတယ်"

ကိစ္စကဲတော့ အည်လောက်နှင့် ပြတ်ပါသည်။ နောက်ထပ်လည်း ထိုပုဂ္ဂိုလ်ဆီမှ ဘာစကားမှ ကြားစရာမရှိတော့။ မေဘယ်လ်ရှေ့တွင် ကျောင်းအပ်ခါစ ကလေးငယ်လေးလို ငြိမ်ငြိမ်လေး ပြန်ထိုင်မြဲထိုင်သည်။

"ကဲ....ကိုထွန်းလွင်၊ မှာလေ....ဘာသောက်မလဲ"

ကျောင်းသားသစ် ပေါက်စနလေးမှာ ဆရာကြီးက မင်းနာမည် ဘယ်လိုခေါ်လဲဟု အမေး ပြန်ဖြေသည့်ပုံစံဖြင့်....

"ဟာ....လုပ်ပါ မမေဘယ်လ်၊ မမေဘယ်လ် ကြိုက်တာမှာပါ၊ ကျွန်တော် ဒီထဲ တစ်ခါမှမရောက်ဖူးဘူး၊ ဘာကောင်းမှန်း မသိပါဘူး"

မေဘယ်လ်က ရယ်သည်။

“ဒီထဲ တစ်ခါမှ မရောက်ဖူးဘူးဆိုတော့ ရတနာတို့၊ အင်းလျားတို့၊ သီရိတို့၊ မာလာတို့တော့ ခဏခဏရောက်ဖူးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဟုတ်လား....ကိုထွန်းလွင်”

ကျောင်းသားသစ်လေး၏ မျက်နှာ ရဲတွတ်သွားသည်။

“အာ....မဟုတ်ပါဘူး မမေဘယ်လ်၊ ကျွန်တော် ဘယ်မိန်းကလေးအဆောင်မှ မရောက်ဖူးပါဘူး”

“အင်းပေါ့လေ၊ ယုံအောင်ပြောတော့လဲ ယုံရတာပေါ့၊ နော....ယုရယ်”

ယုက ပြုံးနေသည်။ ထိုပုဂ္ဂိုလ်က ‘အံမယ်.... အဲလိုမထင်ပါနဲ့ မေဘယ်လ်ရယ်၊ တို့က ဘာလို့ညာရမှာလဲ၊ ဒီနေ့အဖို့ ပုဂံဆောင်ကလွဲပြီး ဘယ်မိန်းကလေးဆောင်မှ မသွားဘူး၊ ဘုရားစူး၊ မနက်ဖြန်မှသွားမှာ’ ဘာညာဖြင့် မိန်းကလေးကြိုက် ရယ်ရအောင် မနောက်၊ ရှက်ကိုးရှက်ကန်းမျက်နှာကြီးဖြင့် ရယ်မလိုငိုမလိုကြီး ဖြစ်ကာ....

“ဟာဗျာ မမေဘယ်လ်ကလဲ” ဟု တုံးတိတိကြီးပြောပြီး ပြန်နှုတ်ဆိတ်သည်။

ပြီးတော့ ခေါင်းကြီး ငုံ့နေ၏။

* * *





“ဒီလူနဲ့မှ ဘယ်လိုလုပ် ကြုံကြုံဖန်ဖန် ဆုံလာရတာလဲ မေဘယ်လ်ရာ၊ ဒီလိုလူမျိုးကို မင်းကလဲ ဘာစိတ်ကူးနဲ့ ဆီးရီးယပ်စ် ဖြစ်နေရပြန်တာလဲ၊ တို့တော့ အံ့တောင် အံ့သြတယ်”

အဆောင်ထဲ ပြန်ရောက်ရောက်ချင်း ယုက မနေနိုင်တော့ဘဲ ဖွင့်မေးရတော့သည်။ မေဘယ်လ် အဝန်းအဝိုင်းထဲတွင် သည်လိုလူမျိုးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းလည်းဖြစ်၏။ ပြန်တွေးမိတော့လည်း ရယ်ချင်စရာ ကောင်းသည်။

အားလုံး စုစုပေါင်း သူတို့ထိုင်ခဲ့သော အချိန်သည် တစ်နာရီလောက်တော့ အနည်းကလေးရှိမည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သည်လူ့ အရည်အချင်းမျိုးနှင့် မေဘယ်လ်လိုမိန်းကလေးကို ဆွဲဆောင်နိုင်ဖို့ ဝေးလှ၏။ သို့သော် ခုလိုမေဘယ်လ်က လှုပ်လှုပ်ရှားရှား ပြင်ဆင်ထွက်တွေ့ ညှော်ခံစကားပြော၊ ရင်းနှီးဖို့ လမ်းကြောင်းပေးနေသည်ကို အံ့သြနေမိသည်။ အဖြစ်အပျက် တစ်ခုလုံးက သဘာဝမကျ။

မေဘယ်လ် ပတ်ဝန်းကျင်ရှိ ယောကျ်ားလေးများ အားလုံးလိုလိုသည် တော်ရုံ မိန်းကလေးကို ငိုက်ခနဲ ပါလာအောင် ဆွဲဆောင် စည်းရုံးနိုင်သူများ၊ လည်သမျှ ကားဘီးကပင် အဘား အဘားအော်ပြီး လက်မြှောက်ပြေးရမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လေးများ။။

သို့သော်လည်း ပုဂ္ဂိုလ်လေးများသည်ပင် မေဘယ်လ်နှင့် ကျတော့ ခါးကျိုးကုန်ကြသည်။ မေဘယ်လ်အနားတွင် သူ

ငယ်ချင်းလိုလို၊ ဘာလိုလို၊ တဟားဟား၊ တဟီးဟီးနောက်ရင်း ပြောင်ရင်း ထိုလိုလိုဘဝနှင့်သာ ပြီးကုန်ကြရသည်။ မေဘယ်လ်ကလည်း အပျော်သူငယ်ချင်း ဘဝထက် တစ်စက်ကလေးမှ အပိုမခံ။ ဘယ်သူ့ကိုမှလည်း မငြင်းပယ်၊ ကြာတော့ ထို ပုဂ္ဂိုလ်လေးများသာ တစ်ယောက်ပြီးတစ်ယောက် ခြေမြှောက်၊ လက်မြှောက် အရှုံးပေးပြီး အောင်မြင်စွာ တပ်ခေါက်ကြရသည်။

ခု ပုဂ္ဂိုလ်ကျတော့ ကြည့်ပါဦး။

* * *

"ကိုထွန်းလွင့် သောက်လေ၊ဒီဆိုင်မှာတော့ သဘော်သီးဖျော်ရည်က အကောင်းဆုံးပဲ၊မေဘယ်လ်တို့ပြည်၊တကောင်းပုဂံဝင်းထဲမှာ နာမည်ကြီး"

"ဟုတ်ကဲ့"

"ဘာလိုသေးလဲ၊ ဖျော်ထားတာ မကြိုက်ရင် ပြန်ပြင်ခိုင်းလို့ရတယ်"

"မပြင်ပါဘူး မမေဘယ်လ်၊ ကောင်းပါတယ်"





ယု မျက်လုံးထဲတွင် အိမ်မှာ ဆွမ်းကျွေးတုန်းက၊ ဖေဖေကဲ ဆွမ်းပွဲကပ်ရန် ဇွန်းအမြှောက်၊ 'တော်ပြီ ဒကာကြီး၊ ပြည့်စုံပါပြီ' ဟု မိန့်ကာ မျက်လွှာချပြီး ဆွမ်း ဆက်ဘုဉ်းပေးနေသည့် ကျောင်းထိုင် ကိုယ်တော်ကြီးကို ပြန်မြင်နေမိသည်။

မေဘယ်လ်လည်း မောသွားဟန်တူသည်။ ကိုထွန်းလွင်ကို ဘာမှ ထပ်မမေးတော့ပဲ ယုဘက်လှည့်၍....

"ညနေက ယုပြန်မလာခင် အခန်းထဲမှာ ကြွက်တစ်ကောင် တွေ့သေးတယ်၊ စိတ်ညစ်တယ်ကွာ၊ အဲဒီကြွက်တွေလဲ ဘယ်လိုလုပ်ရမယ်မှန်းတောင် မသိတော့ဘူး"

ရယ်ချင်စိတ်ကို ယု မနည်းထိန်းထားလိုက်ရ၏။အဆောင်မှာ ကြွက်ပေါသောကိစ္စသည် သည်ဝိုင်းနှင့် ဘာမှမဆိုင်။ သို့သော် မေဘယ်လ်ခမျာလည်း ဘာပြောရမှန်း မသိတော့သည်နှင့် ဂဠုန်ဆားချက်၊ ကြွက်ဆီရောက်သွားခြင်းမို့ စိတ်ဝင်စားအောင် မျက်မှောင်ကြုတ်လိုက်ပြီး....

"ဟုတ်လား၊ ဒီလိုဆိုရင်တော့ မဖြစ်ဘူး၊ ဒီကပြန်ရင် အဆောင်မှူးဆီမှာ ကြွက်ထောင်ချောက် တစ်ခုတော့ သွားတောင်းထားရမယ်၊ ကြာရင် ရောဂါဖြစ်လိမ့်မယ်"

"ရောဂါမဖြစ်တောင် အဝတ်အစားတွေ ကိုက်ကုန်ရင် မလွယ်ဘူး၊ ပြောသာပြောရတာ၊ ဒီကောင်တွေလဲ သိပ်မကြိမ်းရဲဘူး၊ အဲလိုကြိမ်းရင် ဒီကောင်တွေက သိပြီး ပိုငြိုးတတ်တယ်လို့ ပြောတယ်ယုရဲ့"

"လွယ်ပါတယ်၊ အခန်းပြန်ရောက်ရင် တံခါးဝမှာ ကြွက်ရောင်းရန်ရှိသည်လို့ ရေးထားရုံသာ ရှိတာပေါ့"

"အဲဒါဆို ဒီကောင်တွေ မလာရဲဘူးလား"

"မပြောတတ်ဘူးလေ၊ သူများတွေတော့ ဒီလိုပဲ လုပ်တာပဲ၊ ဒါပေမယ့် ခပ်ရွှတ်ရွှတ် ကြွက်နဲ့တွေ့လို့ ရောင်းမှတော့ လက်လီမရောင်းနဲ့ လက်ကားရောင်းဆိုပြီး ရှိသမျှကြွက်တွေ အခန်းထဲ စုခေါ်လာလို့ မွတ်နေဦးမယ် မေဘယ်လ်"

"အေး....အဲဒါလဲ ကြောက်ရသေးတယ်"

နှစ်ယောက်သား ရယ်လိုက်သည်။ သည်တော့မှ ကိုထွန်းလွင်ဆိုသော တေးကြီးကလည်း ဟင်းဟင်းဟု အသံတစ်ချက် နှစ်ချက်ပြု၍ဝင်ရယ်သည်။ သည်တော့မှလည်း ဩော် သည်လူမှာ အသက်ရှိပါသေးလားဟု အောက်မေ့ရ၏။ ကြားထဲတွင် တစ်ခွန်းမှဝင်မပြော။ ရယ်ဖော်ရတာပင် ကျေးဇူးတင်ရမလို ဖြစ်နေသေးသည်၊ မေဘယ်လ်က ရယ်ရင်းနှင့်....

"ကိုထွန်းလွင်ဆီမှာ တောကြွက်နိုင်တဲ့ နည်းလေးဘာလေး မရှိဘူးလား"

"ဟင့်အင်း....ကျွန်တော်ကတော့ ကြွက်တွေ့ရင် အမြီးက နေ ဖမ်းကိုင် ရိုက်သတ်ပစ်လိုက်တာပဲ"

"အမယ်လေး"





မေဘယ်လ် တကယ်လန့်သွားဟန်တူသည်။ ယုပင် မျက်လုံးပြူးသွား၏။

သည်သို့သော ပုဂ္ဂိုလ်ကို မေဘယ် ဘယ်လိုလုပ် တွေ့လာပါလိမ့် ဟူသော အမေးကို မေးခြင်းသည် ယု လုံးဝမလွန်။

* * *

"မောင်မောင်တို့နဲ့ပတ်သက်ပြီး သိလာတာ ယုရ၊ သူက မောင်မောင်တို့ ကယ်မစ်စတြီ မေဂျာကပဲ၊ ဖိုင်နယ်ယီးယားက"

'ဩော်' ဟု ယုက တုံ့ပြန်သည်။ မောင်မောင်ဆိုတာလည်း သူ မသိ။ သို့သော် သည်အဆင့်အထိလည်း အံ့ဩမှု မပြုနိုင်။ ယုတို့ထက် တစ်တန်းကြီးသော်လည်း ကယ်မစ်စတြီ မေဂျာ၊ ဓာတုဗေဒ အဓိက ကျောင်းသားလောက်နှင့်တော့ မေဘယ်လ် သည်လောက်ဖြစ်နိုင်ပေ။ မေဘယ်လ်က ဆက်သည်။

"သူ့အဖေက အရမ်းချမ်းသာတာ၊ မိုးနတ်ဆူဇာ ဆေးဆိုင်ပိုင်ရှင်လေ၊ သားတစ်ယောက်တည်းရှိတာ၊ သူကလဲ ကယ်မစ်စတြီ မေဂျာကဆိုပေမယ့်၊ သိပ္ပံပညာသင် ဆုရထားတာ ယုရ၊ ဆယ်တန်းတုန်းက တိုးလ်မြန်မာ ဆက်ကင်း"

"ဒီလိုလား"

သည်တော့မှ ယု သဘောပေါက်သည်။ မျက်လုံးထဲတွင် လည်း လူပျံတော် ပတ္တမြားတို့၊ ရွှေပုပ္ပားတို့နှင့်အပြိုင် မဂ္ဂဇင်းတော်တော်များများ၏ ကျောဖုံးပါ မိုးနတ်သူဇာ သွေးဆေးကြော်ငြာများကို ပြန်မြင်မိသည်။ မြန်မာပြည်တစ် ဝန်းတွင် ဖုံးမရ ဖိမရ လူတိုင်းသိသော အချမ်းသာဆုံး ဇာ ရင်းဝင်များ။

"ယု သတိမထားလို့ပါ၊ နောက်ဘက် အဆောင်တံခါး နားမှာ ရပ်ထားတဲ့ ကိုရိုလာ မြင်းချေးရောင်ကားလေးက ကိုထွန်းလွင်မောင်းသာတဲ့ ကားပေါ့"

ယု ထပ်မံ၍ သဘောပေါက်စွာ ခေါင်းညိတ်သည်။ သည် လောက်ဆို အဘက်ဘက်က ပြည့်စုံသွားပါပြီ။ မေဘယ်လ် တစ်ယောက် တစ်ကောင်ပြီးတစ်ကောင် ပစ်ချစရာ ယုန် ကလေး၊ ပူးကလေးတွေ တွေ့တုန်းက လက်ရှောင်ထားခဲ့ပြီး ခု အင်မတန် ခက်ခက်ခဲခဲပစ်ရမည့် အကောင်ကိုမှ ဘာ ကြောင့် ဣန္ဒြေမရ ပစ်ခတ်ဖို့ ကြိုးစားနေကြောင်း ထပ်မံ ရှင်းစရာ မလိုတော့။

ထပ်ဖြည့်စရာဆို၍ ထောင်ထောင်မောင်းမောင်း၊အသား မဖြူမညို၊ ယောကျ်ားပီသ တည်ငြိမ်သော မျက်နှာပိုင်ရှင် ဟူသာ ကျန်တော့သည်။





မိန်းမကြိုက် စကားများ ရွှင်ရွှင်လန်းလန်း ဝေဝေဆာ ဆာ မပြောတတ်၊ မဆွဲဆောင်တတ်တာသာ ပြောစရာရှိ သည်။ သို့သော် ဒါကလည်း ပိုတောင် ကောင်းနေသေး။ ထိုအရည်အချင်းများသာ ပြည့်စုံခဲ့လျှင် ကမ္ဘာပေါ်၌ သည် လူလောက် ကြောက်စရာကောင်းသူ ရှိတော့မည်မဟုတ်။ ခုတော့ စိတ်ပင်ချရသေးသည်။

နောက်ထပ် သည့်ထက် လေးငါးဆလောက် ထပ်အ၊ ထပ်ရိုးပါစေဟု မေဘယ်လ် ညအိပ်ရာဝင်တိုင်း ဆုတောင်း ကောင်းပင် ဆုတောင်းနေပေလိမ့်မည်။

(၆)

"ယု ဒီနေ့လဲ လိုက်ခဲ့ပါဦးကွာ၊ မင်းပါလာတော့ ဝိုင်း
လေးစည်တာပေါ့၊ ကိုယ့်လူအခြေအနေလဲ မင်းအမြင်ပဲဟာ"
သည်နေ့ ယု ကျောင်းကအပြန် နောက်ကျသည်။ ယု
အဆောင်ပြန်ရောက်တော့ မေဘယ်လ် ရေမိုးချိုးပြီးနေပြီ။ယု
ရေချိုးပြီး ပြန်လာတော့ မေဘယ်လ် ပြင်ဆင်မှုတစ်ဝက်
လောက် ကျိုးနေပြီ။ ယု အခန်းထဲ ဝင်လာလာချင်း မှန်ရှေ့
တွင် ထိုင်နေရာက မေဘယ်လ်လှည့်ကြည့်ရှုကြည့်၍ပြောသည်။
မေဘယ့်လ်အပြောတွင် အာရုံ သိပ်မရောက်လိုက်၊ မေဘယ့်**လ်**
အလှမှာ ယုပင် ငိုက်ခနဲ ပါသွားသည်။

ဖြုံးပန်းတစ်ရာစာစေပ

လှလိုက်သည့် မေဘယ်လ်။ ပြင်လည်း ပြင်တတ်လိုက်တာ။ ညနေစောင်း အဆောင်ညှော်ချိန်သည် အလွန် ပြင်ရဆင်ရ ခက်သည့်အချိန်၊ သိပ် မွှမ်းမံလိုက်လွန်းလျှင်လည်း အမျှားထဲမှာ ရုပ်ပျက်ဆင်းပျက်ကြီး ထင်းနေသည်။ မပြင်ဘဲနေပြန်တော့လည်း ကိုယ်နှင့် တွေ့ရမည့်သူက သာမန်အသိတွေ မဟုတ်တတ်။

မေဘယ်လ် ပြင်ထားပုံက ပိရိသည်။ ရုပ်လည်းမပျက်၊ လှလည်းလှသည်။ ကိုထွန်းလွင် ငြိသွားသည့် ပိုက်ကွန်သည် ဒါပဲဖြစ်မည်ဟု ယု တွေးမိ၏။ မေဘယ့်လ်အလှက တော်ရုံ မဟုတ်။ ယုပင်လျှင် တော်ရုံမိန်းကလေးများ ကြားထဲတွင် မသိမသာ ခေါင်းတစ်လုံး ပိုလှသည်။ သို့သော် မေဘယ်လ် နားကပ်လိုက်သောအခါ မာကျူရီ မီးလုံးနားက ဖယောင်းတိုင်လောက် ဖြစ်မနေလျှင် ကံကောင်း။

အမှန်တော့ မေဘယ့်လ်အဖို့ သည်မျှနှင့်ပင် လိုသည်ထက် ပိုနေပါပြီ။ ယုက မေဘယ့်လ်စကားကို နားထောင်၍ ရယ်လိုက်ပြီး....

"မလိုပါဘူး မေဘယ်လ်ရာ၊ ဒီဝိုင်းက စည်ဖို့လိုတဲ့ ဝိုင်းမှ မဟုတ်ဘဲ၊ တော်ကြာ အမြဲတမ်း တို့က ကန့်လန့်ကြီးပါပါ နေလို့ မင်း ပုဂ္ဂိုလ် စိတ်ပျက်သွားလိမ့်မယ်၊ ဒီနေ့ တို့ မလိုက်တော့ဘူး"





"မဟုတ်ဘူးယုရေ၊ အကြောင်းရှိလို့ပါ၊ လိုက်ခဲ့စမ်းပါ"

"အကြောင်း....ဘာအကြောင်းလဲ မေဘယ်လ်"

"ကိုယ် ပွင့်ပွင့်လင်းလင်းပြောမယ်နော်၊ ကိုထွန်းလွင်တို့လိုလူမျိုးက တစ်မျိုးယုရ၊ ကိုယ့်ဘက်က အများကြီး အိုကေနေပေမယ့် သူတို့ဘက်ကို သိပ်ညွှတ်ပြလို့ မကောင်းဘူး၊ အခက်အခဲနည်းနည်းတော့ ရှေ့မှာ ခံပေးထားရတယ်၊ ဒါမှ သူတို့က တန်ဖိုးထားတာ"

"အဲဒါနဲ့ တို့လိုက်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူ့ကို ထွက်တွေ့ပေမယ့် တို့က အဖော်နဲ့သေ၊ ဣန္ဒြေရရ ထွက်တွေ့တာ၊ စေချင်းကတည်းက သူ့ကို လွတ်လွတ်လပ်လပ်ကြီး လမ်းဖွင့်ပေးထားတာ မဟုတ်ဘူး"

"ဩော်....ဒီလိုလား"

ယု ရေးတေးတေး သဘောပေါက်သွားသည်။ သူ့နည်းပညာနှင့် သူပါလားဟုလည်း သဘောကျသွား၏။ အမှန်အတိုင်းပြောရလျှင် သည်ပညာမျိုးကို ယု ကကြီး ခခွေးပင် မတတ်။

သည်ကိစ္စမျိုးနှင့် ပတ်သက်၍ ယုမှာ ဆုံးဖြတ်ထားပြီးသား။ ကျောင်းမပြီးခင် သိကြားမင်းကြီး ဆင်းလာပြီး ရည်း

စားစကားပြောလျှင်တောင်မှ နှစ်ခါမစဉ်းစားဘဲ ပြတ်ပြတ် သတ်သတ် ရန်တွေ့လွှတ်မည်။ ကျောင်းပြီးလို့ အလုပ်အကိုင် သေချာမှ သင့်တင့်သောသူကို ရွေးချယ်မည်။ သို့သော် မိဘ ကို အနည်းဆုံး သုံးနှစ်တော့ လုပ်ကျွေးထောက်ပံ့ဦးမည်။ ကျေနပ်မှယူ၊ မကျေနပ်လျှင် သွား။ တစ်သက်လုံး အပျိုကြီး လုပ်ရတော့ကော ဘယ်သူ့ ဂရုစိုက်စရာမှတ်လို့ဟု အမာခံကို တွေးထားသည်။ ခုနစ်တန်း၊ ရှစ်တန်းလောက်ကတည်းက အကျင့်လုပ်လာသည်မို့ အတော်တောင် နေသားကျ အကျင့် ရနေပြီ။

"အင်း....တစ်ခုတော့ရှိတယ်နော် ယု၊ ဒီကိစ္စကတော့ ကိုယ့်အတွက် သက်သက် ယု အပင်ပန်းခံကူညီရတာ၊ ယု အဘွက် ဘာအကျိုးမှမရှိဘူး၊ စာဖတ်တောင် ပျက်သေးတယ် ဆိုပြီး ကိုယ့်ကို မကူညီချင်ရင်တော့ နေခဲ့၊ တကယ်လဲ ဒီကိစ္စ က ကိုယ့်ကို ပါရမီဖြည့်ရုံသက်သက်ပဲ၊ ကိုယ်လဲ ယုကို ခင် လွန်းလို့သာ အကူအညီတောင်းရတာ၊ အားတော့ အားန တယ်"

မေဘယ်လ်တို့ ဘော်လိုက်ပုံ ပြောစရာမရှိ။ သူ့ နည် ပညာတွေက ဘက်စုံလွန်းလှသည်။ သည်လိုပြောမှတော့ ပ ဘယ်လိုလုပ် မကူညီဘဲ နေနိုင်တော့မည်နည်း။

"ဟာ....အဲလိုတော့ မပြောနဲ့ကွာ၊ မင်းကိစ္စက ဒီလိုမှန် မသိလို့ ငြင်းတာပါ၊ သူငယ်ချင်း တစ်ယောက် အတွက်





ဒီလောက်ကူညီရတာ အပန်းမကြီးပါဘူး၊ မင်း လိုတဲ့အချိန် ခေါ်၊ မလိုတော့ဘူး ဆိုရင်လဲ ကဲ....ဒီနေ့တော့ ယု မလို တော့ဘူး၊ နေခဲ့ဆိုပြီး ထားခဲ့၊ ဒီပညာတွေကို တို့က သိပ် ကျွမ်းတာ မဟုတ်ဘူး၊ အကျိုးရှိတာ မရှိတာလဲ တစ်ခါမှ မစဉ်းစားဘူး"

မေဘယ်လ်က လှပစွာပြုံးသည်။ ဖြူဖွေးနူညက်နေသော ပါးမို့မို့လေးပေါ်တွင် ခရခွေပါးချိုင့်လေးတစ်ခု ရစ်လည် ၍ ပေါ်လာ၏။

"ဒါဖြင့် ကိုယ် နောက်နှစ်ခါ မခေါ်ရတော့ဘူးပေါ့၊ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ၊ အဲဒီအတွက် အကျိုး တော့ မယုတ်စေရပါဘူး၊ ယု တစ်သက်လုံးအတွက် သွေး ဆေး ဝယ်မစားစေရပါဘူး၊ မိုးနတ်ဘုရား တစ်ဘူးကုန် တစ်ဘူး တစ်သက်လုံး ထောက်ပံ့သွားပါ့မယ်"

"ဘယ်ရမလဲကွ၊ တစ်ခါပေးရင် ဒါဇင်လိုက် ပေးရမှာ ပေါ့၊ ဒါမှ ကျောင်းက ဆရာမတွေကို ပိုတာပြန်ရောင်းပြီး ယုတို့ ကြီးပွားမှာ"

ရယ်သံလေးမှာ လွင်လွင်ဝေသည်။

အခန်းလေးထဲတွင် မေဘယ်လ်ကိုယ်မှ ဂိုယာနံ့လေးဖြင့် ကြိုင်လှိုင် သင်းထုံနေသည်။ ဝတ်ထားသော အဝါပေါ် အနက်ဝိုင်းလေးနှင့် လက်ပြတ်အင်္ကျီလေးမှာ မေဘယ်လ်နှင့် သိပ်လိုက်သည်။

ခြေတစ်လှမ်း အပြုံးတစ်ပွင့်နှင့်ပင် တစ်သက်လုံး သွေးဆေးရောင်း ရှာထားသမျှတွေ ကုန်ပျောက်ပါသည်ဟု ယူ တွေးမိလိုက်၏။

* * *

"ဟေ့ကောင်....မီးနီနေပြီ"

'မောင်မောင့်အသံကြောင့် ထွန်းလွင် ဖျတ်ခနဲ သတိဝင်သည်။ ညာခြေထောက်က ဘရိတ်ပေါ်သို့ ချက်ချင်းကူးသွားသည်။ ကိုရိုလာ ကားသစ်ကလေးက ဝိဇယရုံ့ရှေ့ မီးပွိုင့်တွင် အဝါမျဉ်းကိုနင်းလျက် ကျွီခနဲ ရပ်သွား၏။

ထွန်းလွင် ရှက်ရယ်လေး ရယ်သည်။

"ဝှီး....ကံကောင်းသို့၊ အိတ်ထဲကလိုင်စင်လေး အဘခေါ်သွားတော့မလို့"

"ဝှီးတဲ့မှပဲ၊ ဒီလောက် အဝေးကြီးကတည်းက ဝါနေတာတောင် မမြင်ရအောင် မင်းက ဘာတွေမှန်လာလို့လဲ"

"မေဘယ်လ်လေကွာ၊ မင်းတို့ ကောင်းမှုပေါ့၊ ခု ညနေတိုင်း ငါ့မှာ နေ့တိုင်း ဂျူတီဝင်နေရတော့မလို ဖြစ်နေပြီ"





"ဒါပဲကွာ၊ ဒီလောက် စဉ်းစားနေစရာမလိုပါဘူး၊ ဒီမီးပွိုင့်လွန်လို့ ဟံသာဝတီအဝိုင်းပတ်ပြီးရင် အဆောင်ရောက်တော့မယ့်ဟာပဲ၊ မင်းမှန်လို့ လိုင်စင်ပါသွားရုံတင်ဆိုအကြောင်းမဟုတ်ဘူး၊ ဟိုဘက်က လာတဲ့ကားနဲ့တွေ့မှ ဟံသာဝတီအဝိုင်းကနေ အသံလွှင့်ရုံရှေ့ကပတ်ပြီး အဆောင်မရောက်ဘဲ အသံလွှင့်ရုံအနောက်ကနေ ပတ်ပြီး မီးသဂြိုဟ်စက်ထဲ ရောက်နေဦးမယ်"

ထွန်းလွင် ရယ်သည်။

"မဟုတ်ဘူးကွ၊ ငါ့ခေါင်းထဲမှာ အတော်ပြဿနာတက်နေတယ်၊ အဲဒါမျိုးကလဲ ငါ ထိထိရောက်ရောက် ကြုံဖူးတာမဟုတ်ဘူး၊ ခု သူတို့က တစ်ယောက်တောင် မဟုတ်ဘူး၊ နှစ်ယောက်ကြီးများနဲ့ တစ်ပြိုင်တည်း ထိုင်နေရတော့ ငါ ကိုးရိုးကားရားနဲ့၊ မနေ့ကဆို လှည်းကျိုးကြီး ခွေးနင်းထားသလို ဖြစ်နေတာ"

မောင်မောင်က ရယ်သည်။ မီးပွိုင့် အရောင်ပြောင်းသွားသဖြင့် ဟေ့ကောင်....စိမ်းပြီ၊ ထွက်တော့ဟု လှမ်းပြောလိုက်သည်။ ကားလေး လမ်းဆုံကိုဖြတ်ပြီးမှ ဆက်၍....

"မပူပါနဲ့ကွာ၊ မင်းအတွက်က ဒါတွေမလိုပါဘူး၊ မင်းဖွင့်ပြောလို့ မေဘယ်လ်ကငြင်းရင် ငါ့ပါးသာ ပိတ်ရိုက်"

"ဒီလောက်လဲ မတွက်နဲ့ဦး မောင်မောင်၊ မင်းပဲ ပြောတယ်မဟုတ်လား၊ မေဘယ့်လ်နားကပ်ဖို့က လွယ်တယ်၊ မေ

ဘယ့်လ်နား တစ်သက်လုံး ရပ်နေနိုင်ဖို့ တော်ရုံနဲ့ မချောင်ဘူးဆို”

“ဟ....ဒါက ငါတို့အတွက် ပြောတာကွ၊ မင်းက တော်ရုံမှမဟုတ်ဘဲ၊ မင်းနဲ့ တူမလား”

“ငါ့လို ကောင်မျိုးတွေ သူ့နားမှာလဲ ရှိဦးမှာပါကွာ၊ ဒီလောက်ကြီး တွက်လို့လဲ မရသေးပါဘူး”

“အေးပေါ့ကွာ၊တစ်ခုတော့ရှိတာပေါ့၊ မေဘယ်လ်ကလဲ သူ့အလှသူ တန်ဖိုးအမြင့်ဆုံး အသုံးချချင်တဲ့ မိန်းကလေးပဲဟာ၊ ဒီလောက် အလွယ်ကြီးတော့လဲ ဘယ်ရမလဲ၊ တွေ့ရာ သစ်မြစ်သစ်ဖုတွေ ဖောက်ထုပြီး မိုးနတ်သူဇာ သွေးဆေးလို့ ကြော်ငြာကောင်းကောင်းနဲ့ တံဆိပ်ကပ် ရောင်းတာလောက်တော့ မသက်သာဘူးပေါ့”

“ဟာ....မင်းကြီးတော်”

မောင်မောင်က အားရပါးရ ရယ်သည်။ ရယ်ရင်းနှင့် တစ်စုံတစ်ခု သတိရဟန်ဖြင့် ထွန်းလွင်ဘက် လှည့်လိုက်ပြီး....

“ဟေ့ကောင်....ဒါနဲ့ နေပါဦး၊ မေဘယ်လ်နဲ့ ပါလာတဲ့ ယုဆိုတဲ့ကောင်မလေးကကော လှရဲ့လား”

“ဘာလုပ်မလို့လဲ”

“ခြြော်....ဒီလိုပေါ့ကွာ၊ မင်းကိစ္စကို လိုက်ကူညီပေးရုံ ပေးရတာထက်စာရင် ငါ့အတွက် မျှော်လင့်ချက်ကလေး တစ်ခု ပူးတွဲထားရတော့ ပိုကောင်းတာပေါ့ကွာ”





“နေပါဦး၊ မင်းနဲ့ မေဘယ်လ်နဲ့ သိတာကြာပြီ မဟုတ်လား၊ ဒါဆို ယုကို တွေ့ဖူးရမှာပေါ့”

“ငါတို့က ကျောင်းကို အသွားများတယ်၊ အဆောင်လဲ ရောက်တာပါပဲကွာ၊ ဒါပေမယ့် သူ့အခန်းဖော် အက်ဂျူကေးရှင်းက ယုဆိုတာ နာမည်တော့ ကြားဖူးတယ်၊ တစ်ခါမှတော့ ပါမလာဖူးဘူး”

“ငါနဲ့ကျတော့ ဘာလို့ပါလာရတာလဲ”

“အေးလေ....အဲဒါကြောင့် မင်းက ငါတို့နဲ့ မတူပါဘူးလို့ ပြောတာပေါ့၊ ဘာကြောင့်လဲတော့ ဘယ်သိမလဲ”

“ဟုတ်ရဲ့လား မောင်မောင်ရာ၊ မင်းတို့နဲ့တုန်းကတော့ တစ်မျိုး၊ ငါ့ကျတော့ တစ်ပုံစံနဲ့ မင်းတို့ပြောတာ ငါယုံပြီး လျှောက်လုပ်နေတာ ငပေါကြီး ဖြစ်နေပါဦးမယ်”

ထွန်းလွင်စကားကြောင့် မောင်မောင် သိပ်စိတ်မရှည်ချင်တော့။

“ကဲ....ဒီလောက်ဖြစ်နေရင်လဲ သွားမနေနဲ့တော့ ထွန်းလွင်၊ ကားပြန်လှည့်တော့၊ တွေ့တုန်းကတော့ မင်းပဲ ကြိုက်တယ်ဆိုလို့ ဝိုင်းကြံဖန်ပေးရတယ်၊ ခုတော့လဲ မင်းပဲ တွန့်ဆုတ် တွန့်ဆုတ်”

“မဟုတ်ဘူးလေ၊ ငါပြောတာက မင်းတို့တုန်းကတော့ အတော် အိုကေတယ်ဆို၊ စကားပြောလို့လဲ ကောင်းတယ်၊ ပွင့်လင်းတယ်၊ ဟိုဟိုဒီဒီ လျှောက်လည်လို့လဲ ရတယ်ဆို”

"အေးလေ ဒါကတော့ မင်းနည်းမင်းဟန်နဲ့ ကြည့်လုပ်ပေါ့ကွ၊ လိုအပ်ရင် ဝိုင်းကူပေးဖို့တောင် ငါလိုက်လာပြီပဲ၊ ထမင်းစား ရေသောက်လုပ်ယူရမယ့် ကိစ္စကို ရေးကြီး ခွင့်ကျယ် လျှောက်တော့ ဇာချဲ့မနေနဲ့ကွာ၊ ဇာချဲ့မနေနဲ့ဆိုလို့ လဲ ခု ရေတွင်းတူး၊ ခု ရေကြည်လဲ မသောက်ချင်နဲ့ဦး၊ အင်မတန် သွက်ပါတယ်ဆိုဘဲ့ ငါတို့တောင် ဘယ်လိုမှ လိုက်ကပ်လို့ ရတာမဟုတ်ဘူး၊ ဒါမျိုးက ပုံစံတစ်မျိုး၊ သူတို့ကမစ်ရှင်ကျောင်းထွက်တွေ၊ အနောက်တိုင်းဆန်တာ၊ ပွင့်လင်းတာပဲရှိတယ်၊ ပျက်နေဘာမဟုတ်ဘူး၊ မင်းထင်သလောက် ဘယ်လွယ်မလဲ"

"ငါလဲ လွယ်ဖို့ပြောတာ မဟုတ်ပါဘူးကွာ၊ ငါနဲ့ဖြစ်ပါ့မလား၊ တော်ကြာ သူ နေတာ ထိုင်တာနဲ့၊ ငါ့စရိုက်နဲ့မဟပ်မိဘာရယ်၊ စည်းကမ်းကြီးတဲ့ ငါ့ အသိုက်အဝန်းနဲ့ပြဿနာဖြစ်မှာရယ်၊ အဲဒါတွေလဲ ရှိသေးတယ်"

"ဩော် ဖြစ်ရပြန်ပြီ၊ ကဲ....ဒါကြောင့်ငါပြောတာပေါ့၊ ဒီလောက်ဖြစ်နေရင်လဲ ပြန်လှည့်လို့၊မင်းကို ငါတို့က တခါတည်းယူဖို့ဝိုင်း တိုက်တွန်းနေတာမှ မဟုတ်ဘဲ၊ မင်းဟာမင်းအသည်းအသန်ဖြစ်နေတဲ့ ကိစ္စ၊ ငါတို့က တစ်သက်လုံး တို့ရှေ့ရေး နောက်ရေးတို့ ထည့်တွက်တာမှ မဟုတ်ဘဲ၊ ငါတို့လို သဘောထားနိုင်ရင်ထား၊ မထားနိုင်ရင် ဒီကိစ္စနဲ့ ပတ်သက်လို့ ငါတို့ ဘာမှ တာဝန်မယူဘူး၊ မင်းသဘောပဲ၊ပြန်ဆိုပြန်မယ်"





ထွန်းလွင် တွေသွားသည်။ ပြီးမှ....

"နေပါဦး မောင်မောင်ရာ၊ဒီလောက်လဲ စိတ်မတိုပါနဲ့၊ ငါလဲ ငါတွေးမိတာတွေ ပြောရတာပါ၊ ပြန်တော့ မပြန်နိုင်သေးပါဘူး၊ မေဘယ့်လ်အလှက ငါ့ကို တော်တော် ဖမ်းစားထားပါတယ်"

မျက်လုံးထဲတွင် သူနှင့်မေဘယ်လ် စတင် ဆုံစည်းရပုံလေးများ ပြန်မြင်လာပြန်၏။

* * *

"မင်း ဘယ်သွားမလို့လဲ ထွန်းလွင်"

စာသင်ချိန်များအပြီး ကျောင်းပေါ်က ဆင်းလာ၍ သိပ္ပံအဆောက်အအုံဘေး ပင်လယ်ကဗ္ဗီးပင်များအောက် ရပ်ထားသော သူ့ ကားလေးနားအရောက် နောက်ဘက်မှမေးသံကြောင့် ထွန်းလွင် လှည့်ကြည့်သည်။

မောင်မောင်၊ ဖိုးစိုင်းနှင့် ခင်မောင်ကြည်။

"အိမ်ပြန်မယ်လေ"

"မင်း အိမ်ပြန်ရင် ဘယ်ဘက်က ပြန်လဲ"

သူငယ်ချင်းများ ကားကြုံ လိုက်ချင်ပြီဟု နားလည်လိုက်သည်။ သိပ်အပန်းမကြီးရင် သူတို့ သွားမည့်နေရာ လိုက်ပို့မည်ဟု ဆုံးဖြတ်၍....

"မင်းတို့ ဘယ်သွားချင်လို့လဲ၊ လိုက်ပို့ပေးမယ်လေ"

"မဟုတ်ပါဘူး၊မင်းက ဦးဝိစာရ လမ်းဘက်က ပြန်တာမို့ လမ်းသင့်တာနဲ့ အသံလွှင့်ရုံရှေ့အထိ လိုက်ခဲ့ချင်လို့"

"ဟာ....ရတာပေါ့၊ ဒါများ ခက်ခက်နိုးနိုးကွာ၊ လာ....တက်ကြ"

ထွန်းလွင်က ကားပေါ်တက်ပြီး ပိတ်ထားသော တံခါးသော့ချက်များကို အတွင်းမှ ဖွင့်ပေးလိုက်သည်။ ဖိုးစိုင်းနှင့် ခင်မောင်ကြည်က နောက်ထိုင်ခုံတွင် ဝင်ထိုင်၍ မောင်မောင်က ထွန်းလွင် နှင့် ယှဉ်လျက် ရှေ့ထိုင်ခုံတွင် ထိုင်သည်။ ထွန်းလွင်က ကားစက်နှိုးရင်း....

"အသံလွှင့်ရုံ ဘာသွားလုပ်မလို့လဲ၊မင်းတို့အုပ်စု အသံလွှင့်စရာ ရှိလို့လား"

မောင်မောင်တို့အုပ်စုက ဂစ်တာ ဘာညာ ခေါက်တတ်သူများမို့ ထင်ကြေး နှင့် မေးလိုက်ခြင်း ဖြစ်သည်။ မောင်မောင်က "ဟာ" ဆိုပြီး ထွန်းလွင်ကို လှည့်ကြည့်သည်။ နောက် ထိုင်ခုံမှ ရယ်သံများကြားရ၏။





"မင်းကလဲ ငါတို့ကို ဘာစိတ်ကူးနဲ့ ဒီလောက် အထင်ကြီးသွားရတာလဲ၊ ငါတို့သွားမှာက အသံလွှင့်ရုံနဲ့ မျက်နှာချင်းဆိုင်က အက်ဂျူကေးရှင်းဘဲ သွားမှာပါ"

"ဘာ သွားလုပ်မလို့လဲ"

ထွန်းလွင်ကတော့ ဘာရယ်မဟုတ်။ ကားပေါ်မှာစကားပြောဖော် ပါလာသဖြင့် တောင်မေး မြောက်မေး လုပ်သွားခြင်းပင်။

"ဘာသွားလုပ်မယ်ဆိုတာ ဟိုတိကျကျ ပြောရရင် မစားရညှော်ခံ သွားလုပ်မလို့၊ မင်းပါ ကြုံတုန်း ညှော်မိချင်ရင် လိုက်ခဲ့ပါလား"

"အမယ်....ဒီကောင့်ခေါ်သွားလို့ ညှော်မိရုံ တင်ကမှာ မဟုတ်ဘူး မောင်မောင်၊ ဒါမျိုးကျတော့ မေဘယ်လ်က အသေစွယ်ရင် တွယ်ထားမှာ၊ ပြောလို့ရတာ မဟုတ်ဘူး"

နောက်ခန်းမှ ခင်မောင်ကြည် က ဝင်ပြောသည်။ ထွန်းလွင်က ရယ်လိုက်ပြီး....

"အဲဒီလို အသေတွယ်မယ့် လှလှ ပ ပ လေး များ ရှိရင် ငါ့ကို မေ့မထားပါနဲ့ကွာ၊ ငါလဲ အဖော်ပါချင်တာပေါ့"

မောင်မောင် မျက်လုံးပြူးသွား၏။

"အလို....ကျားသားမိုးကြိုးပါလား၊ ငါ့ကောင် ဒီနေ့ ဘယ်လိုလုပ်ပြီး ဒီစကားတွေ ပြောလာရတာတုံး"

“ဩြော်....သူ့ခများလဲ ဖိုင် နယ် ရောက်လာပြီလေကွာ၊ တစ်သက်လုံး ရှောင်လာခဲ့တဲ့ မကောင်းမှုလေးတွေ ကျူးလွန်ချင်စိတ်ပေါက်လာရောပေါ့”

“အေးကွာ....ခင်မောင်ကြည်ရာ၊ ကြည့် ပြောစမ်းပါဦး”

အမှန်တော့ဘာရယ်မဟုတ်၊ ပါးစင်လည်းအားနေသဖြင့် ပြီးတော့ သည်အုပ်စုထဲမှာ ငတုံးကြီး ဖြစ်မနေချင်သဖြင့် အလိုက်သင့် နောက်နေခြင်းမျှသာ၊ အဲ....သို့ပေမယ့် တစ်ခုတော့ရှိပါသည်။သည်အသက်သည်အရွယ်၊ သည်အခြေအနေရောက်လာတော့လည်း ဘယ်လောက်ပဲ သည်ကိစ္စကို စိတ်မဝင်စားအောင် ထိန်းချုပ်ထားသည်ဆိုဆို သည်ကိစ္စ စိတ်မဝင်စားဘူးဆိုတာကတော့ ဟုတ်ကိုမဟုတ်။

အရွယ်ရောက်ကတည်းက သူ့အရွယ်နှင့်သူ့စိတ်၊ စိတ်ထဲကတော့ မကြာခဏ တောင့်တမိတတ်သည်။ မလုပ်ရဲတာရယ်၊ အကျိုးမရှိပါဘူးကွာဆိုပြီး အချိန်မပေးချင်တာရယ်တို့ကြောင့်သာ ဘာမှ ထိထိရောက်ရောက် မလုပ်ကိုင်ခဲ့ဖူးခြင်းသာ ဖြစ်သည်။ ကိုယ်က သိပ်အပင်ပန်းမခံရဘဲ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို အလိုက်သင့် အလျားသင့်ပင် ရည်းစားလေးတစ်ယောက် ရလာမည်ဆိုလျှင်တော့ ထွန်းလွင်တို့ ဘယ်ငြင်းပါ့မလဲ။

“မင်း လိုက်ချင်ရင်တော့ လိုက်ခဲ့လေ၊ တို့လိုပဲ ညော်ခံရုံသက်သက်ကတော့ ဘာမှ အခက်အခဲမရှိစေရဘူး၊ ခု တို့





သွားမယ့် မေဘယ်လ်ဆိုတဲ့ ကောင်မလေးက သိပ်မိတယ်၊ မင်းနဲ့လဲ မိတ်ဆက်ပေးမယ်၊ တစ်ခါတည်း ဖရင်းဒ် ဖြစ်သွားရမယ်၊ ကျန်တာတော့ မင်းဟာမင်း ဆန္ဒရှိသလို ဆက်ကြိုးစား”

“ဆက်ကြိုးစားဖို့ကတော့ ငါ့အရည်အချင်းနဲ့ မဖြစ်လောက်ပါဘူးကွာ၊ ဒီအထိလဲ မမျှော်မှန်းပါဘူး၊ ဒါပေမယ့် ငါက ဒီဘက်က ဗဟုသုတခေါင်းပါးလို့ လေ့လာသူအနေနဲ့ လိုက်ခဲ့လို့ရမလားလို့ မေးတာပါ”

“ဩြော်....လေ့လာသူတင်မဟုတ်ဘူး၊တရားဝင် မင်ဘာအနေနဲ့ကို တက်ခွင့်ရှိတယ်၊ ပိုတောင် ကောင်းသေးတယ်၊ ငါတို့က ကားလေးနဲ့ ငြိမ့်ပြီး ရောက်သွားမှာ၊ တို့ ဒီကားနဲ့ လာရင် မေဘယ်လ် နည်းနည်း ဖြုံချင် ဖြုံသွားလိမ့်မယ်၊ နော....မောင်မောင်”

မောင်မောင်က ပြုံးရုံပြုံးနေလိုက်သည်။

သို့ဖြင့် မော်တော်ကားလေးသည် အသံလွှင့်ရုံရှေ့၌ မရပ်ဖြစ်ဘဲ ဟံသာဝတီအဝိုင်းကို ပြန်ပတ်၍ ပညာရေးတက္ကသိုလ်ဝင်းထဲအထိ လိုက်ပါလာခဲ့၏။

* * *

"ဟော....လာပါပြီကွာ၊ဒီအုပ်စုကတော့ အမြဲတမ်း ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ပါပဲ"

မောင်မောင့်အသံကြောင့် မောင်မောင် မျက်နှာမူရာဘက်သို့ လှမ်းကြည့်လိုက်သည်။ 'ဟုတ်ပ' ဟု သံယောင်လိုက်ပြောရမလို ဖြစ်သွားသည်။ ပညာရေးတက္ကသိုလ်က ဆရာဆရာမလောင်းများ တည်ရှိရာအရပ်မို့ ကျောင်းစိမ်းနှင့်ကျောင်းစိမ်းမဟုတ်လည်း ခပ်အေးအေး အပြင်အဆင်များကြားတွင် သိသိသာသာ ပြိုးပြိုးပြက်ပြက်ဖြစ်နေသည့် အလှအပများကို မြင်လိုက်ရသည်။ အားလုံး သုံးယောက်။ တစ်ယောက်၏အလှက အစစအရာရာ ပိုထင်ပေါ်နေသည်။ အမှတ်တမဲ့ မြင်ရုံနှင့် က တုန် က ယင် ဖြစ် လောက် သည့် ဆွဲဆောင်မှု။

ကဲင်းတင်းထဲရှိ မျက်လုံးများအားလုံးလိုလိုကလည်း သူတို့သုံးယောက်ထံ၌ လျှပ်စစ်ဗို့အား အမျိုးမျိုးနှင့် ရောက်ရှိနေသည်။ သို့သော် ထိုသုံးယောက်၏ မျက်လုံးများကလည်း အားလုံးကို စိန်ခေါ်နေသည်။

မောင်မောင်က ကပျာကယာထ၍ မြင်သာအောင် လက်ထောင်ပြသည်။ အလှဆုံး၏မျက်လုံးတွင် အပြုံးတစ်ချက် လက်၍ ကျန်နှစ်ယောက်ကို 'ဟိုမှာ' ဟု လှမ်းပြပြီး ထွန်းလွင်တို့ဘက် လျှောက်လာသည်။

"လာ....မေဘယ်လ်တို့ထိုင်၊ တို့ စောင့်နေတာ ကြာပြီ ဒီနေ့ နောက်ကျပါလား"





"အင်း....ကျူတိုရီယယ် မပြီးလို့ ကြာသွားတာ"

ဖြေရင်းနှင့် မျက်လုံးအစုံက လူသစ်ထွန်းလွင်ထံ စွေ့ခနဲရောက်သည်။

"ဒီနေ့ တို့ လာဘာမှ မေဘယ်လ်တို့ မမြင်ရဘဲ၊ သိပ်သားနားနေတာ၊ ကိုရိုလာ အပ်တူဒိတ် ဆယ်ဗင်တီဆစ် မော်ဒယ် ဈ·နံ့ပါဘ်နဲ့၊ တွေ့တယ်မဟုတ်လား"

သုံးယောက်လုံး စားပွဲတွင် ထိုင်နေရာက ကဲင်းတင်းအလယ်တွင် ရပ်ထားသော ကားလေးဆီ လှမ်းကြည့်သည်။ မေဘယ်လ်က မဲ့တဲ့တဲ့လုပ်၍....

"မစီးရမယ့်ကား၊ သွားရည်ကျအောင် လာပြောမနေနဲ့၊ နော....မော်လွင်ရာ၊ ဒီလို လမ်းဘေးရပ်ထားတာတော့ တွေ့ရလွန်းလို့ ရိုးနေပြီ"

"အေးလေ....မဂ္ဂဇင်းထဲက ဓာတ်ပုံတွေ သူ့ထက်တောင် လှသေးတယ်"

မောင်မောင်က ရယ်သည်။

"ဒီကိစ္စတော့ တို့ ဆက်ဆွေးနွေးလို့ မရဘူးကွာ၊ တို့က ဒီလောကမချမ်းသာဘူး၊ ဒီမှာ ပိုင်ရှင်ရှိတယ်၊ သူနဲ့ ဆက်ကားပြော"

မေဘယ်လ် အပြုံးမျက်လုံး ဖျတ်ခနဲ ကူးလာသည်။ ထွန်းလွင် မျက်နှာ ဘယ်လိုထားရမှန်းမသိ၊ 'ဟာ....ဟော့ကောင်'

ဟု ဆိုကာ မောင်မောင့်လက်ကို ရှက်ကိုးရှက်ကန်း လှမ်း ရိုက်သည်။ မေဘယ်လ်က ထုံးစံအတိုင်း မဲ့တဲ့တဲ့ပြုံးသည်။

"ပြောစရာမလိုပါဘူး၊ တို့နဲ့မှ မသိတာ"

"ဟာ....ရတယ်....ရတယ်၊ တစ်ခါတည်း မိတ်ဆက်ပေး မှာပါ၊နာမည်က ထွန်းလွင်တဲ့၊တို့လိုပဲ ကယ်မစ်စတြီ မေဂျာ ဖိုင်နယ်ကပဲ၊ ဒါပေမယ့် တို့ထက် အဆင့်မြင့်တယ်၊ သိပ္ပံ ပညာချွန်ဆုရတယ်၊ အမ်အက်စ်စီအထိ စကောလားရှစ် ရပြီးသား၊ နောက်တစ်ခု ထပ်ပြောရင် ယူတို့ ပိုသိဦးမယ်၊ မိုးနတ်သူဇာသွေးဆေးဆိုပြီး တွေ့ရာ သစ်မြစ်၊ သစ်ရွက်တွေ ထုထောင်းရောင်းပြီး ကြီးပွားနေတာ သူတို့ပဲ"

"အလဲ့....တယ်ဟုတ်ပါလား၊ ဒါဖြင့် တို့ သုံးယောက် အတွက် အလကားရမယ်ပေါ့"

ထွန်းလွင်က 'ရပါတယ်' ဟု မအူမလည်လေး ဝင်ပြော သည်။ မောင်မောင်ကလည်း အရှိန်အတိုင်း ဆက်လှိမ့်ပေး သည်။

"သူဌေး....ဒါက မေဘယ်လ်သော်၊ ဒါက လွင်မာဇံ၊ ဒါက ချယ်ရီ၊ အားလုံး ဂရိတ်ချည်းပဲ၊ အင်္ဂလိပ်မေဂျာက ဥရောပမှာ အလှဘုရင်မသွားယူမယ့် ကွင်းအောဖ် မြန်မာ တွေချည်းပဲ"

"သွားစမ်းပါ"





ချယ်ရီဆိုသော ပုလဲမိတ်ကပ်ပြောင်ပြောင်နှင့် ကောင်မ လေးက မောင်မောင့်ကို လှမ်းရိုက်သည်။မေဘယ်လ်ကတော့ အနေအထိုင်မပျက်။

"မိတ်ဆက်ပေးတယ် ဆိုတော့လဲ ထုံးစံအတိုင်း ပြောရ တာပေါ့နော်၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

အတည်လိုလို၊ အနောက်လိုလိုစကားကြောင့် ထွန်းလွင် ဘာလုပ်ရမှန်းမသိ။ သို့သော် အလိုက်သင့်ပြောစရာ တခြား မရှိပြီမို့....

"ကျေးဇူးဘင်ပါတယ်ဗျာ၊ ကျွန်တော်လဲ ဝမ်းသာပါ တယ်"

"ဝမ်းသာရင် မုန့်ကျွေးဖို့ကောင်းတာပေါ့"

လှစ်ခနဲဝင်လာသော လွင်မာဇံ၏ အသံ၊ ထွန်းလွင် သိပ် နှုတ်မခက်တော့။

"ဟာ....ရပါတယ်၊ ကျွန်တော်ကလဲ ဘာစားမလဲ မေး မလို့ပါ"

"တော်ပါပြီ၊ သံဘူးလောက်ဆို ဝမ်းသာမှန်း သိသွား ပြီပဲဟာ"

"တို့က နို့သစ်ခွနော်"

"ရတယ်၊ ကြိုက်တာမှာ၊ ကြိုက်တာသောက်၊ မငကျနပ် သေးရင် နေ့တိုင်း ကားနဲ့ လာကျွေးခိုင်းဦး"

မောင်မောင်ကတော့ ကတိတည်သည်။ ရသမျှအကွက် ဖြင့် ပို့ပေး၏။

"ဒါကတော့ စေတနာရှင်ရဲ့သဘောပေါ့ဟာ၊ တို့က ခေါ်သို့ ဘယ်ကောင်းမလဲ၊ လာကျွေးရင်တော့ ဘယ်စိတ် ဆိုးနိုင်ပါ့မလဲ"

"ဘယ့်နှယ်လဲ ထွန်းလွင်၊ နေ့တိုင်း ကျွေးနိုင်ပါ့မလား ဟဲ"

ထွန်းလွင် သည်တစ်ခါတော့ ကျေနပ်စွာရယ်သည်။

"ရပါတယ်၊ နေ့တိုင်းလာလို့ ရှုပ်တယ်မထင်ရင်တော့"

"မေဘယ်လ်တို့ကတော့ ရှုပ်တယ်လို့ ထင်စရာမရှိပါ ဘူး၊ ဒါပေမယ့် ဟိုလူရှုပ်တွေ ပါမလာရင် ပိုကောင်းတာ ပေါ့"

"ဟောဗျာ.... ချက်ချင်းပဲ တို့ကို စိမ်းကားပစ်ပြီလား ဟာ"

"အင်းပေါ့....စေတနာချင်းမှ မတူဘဲ"

"ကဲ....ထွန်းလွင်၊ အခြေအနေကတော့ မင်းအကြားပဲ၊ နောက်ရက်တွေကျရင် မင်းဟာမင်း လာခဲ့တော့၊ ဒီကိုပဲ လာလာ ပုဂံဆောင်ပဲသွားသွား၊ ဒီကိုလာရင် သုံးယောက် လုံးနဲ့ တွေ့မယ်၊ ပုဂံဆောင်ကိုသွားရင် မေဘယ်လ်တစ် ယောက်ဘည်းနဲ့တွေ့မယ်၊ မင်းသဘောပဲ"





ထွန်းလွင် ဘာမှမပြောတတ်သဖြင့် ရယ်နေလိုက်သည်။ မေဘယ့်လ်အပြုံးကြောင့် ရင်ထဲဖိုနေ၏။

ထိုညနေ တစ်ညနေလုံးနှင့် ညအိပ်ရာထဲ အိပ်မပျော်ခင် အထိ သူ့ရင်သည် မေဘယ့်လ်ကို သတိရပြီး ပူနေသည်။

သူ့စိတ်ကူးထဲတွင် မေဘယ်လ်သည် ပို၍ပင် လှနေသေး သည်။

စိတ်ကူးသည် တော်တော် ခရီးရောက်၏။

(၇)

"အဝတော်ပဲပေါ့ မေဘယ်လ်၊ ညကျရင် တို့အုပ်စု သီချင်းလာဆိုမယ်၊ ဒီနေ့အတွက် လက်ရွေးစင် သီချင်းတစ်ပုဒ် စပါယ်ရှယ် လာဆိုပေးမယ်"

"ဘာသီချင်းလဲ"

"ဆရာမကိုပဲ အသည်းစွဲအောင် ချစ်တော့မယ်ဆိုတဲ့ သီချင်းပေါ့"

"အမယ်"

မောင်မောင့်စကားကြောင့် မေဘယ်လ်က ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ယုမျက်နှာကိုလည်း အကဲခတ်သလို လှမ်းကြည့်၏။ မောင်မောင် ယုကို ရိနေပြီ ဖြစ် ကြောင်း သိလိုက်သည်။

ယု မျက်နှာတစ်ချက် မသိမသာပျက်သွားသည်။ သိပ်အလှမ်းမဝေးလှသော အနီးအနားဝိုင်းများဆီသို့လည်း မလုံမလဲ အကဲခတ်သည်။ စိတ်လည်း အတော်ပျက်သွား၏။သည်ဝိုင်းထဲတွင် နောက်ထပ် တစ်စက္ကန့်၊ တစ်ဒီဇနာမျှ ဆက်နေချင်စိတ် မရှိတော့၊ မေဘယ်လ်ကို အားနာကြည့်သေးသည်။

"ဒါပေမယ့် ပြောသာပြောရတာပါ၊ ကြောက်တော့ ခပ်ကြောက်ကြောက်ပဲ"

"ဘာဖြစ်လို့လဲ"

"ဆရာမတွေက စိတ်မထင်ရင် မထင်သလို ပေတံစောင်းနဲ့ ထိပ်ခေါက်တတ်တယ်ဆိုပဲ"

"တို့ဆရာမကတော့ ဒီလိုမဟုတ်ပါဘူးဟာ၊ နော်....ယု"

ကိုထွန်းလွင်က မောင်မောင့် နှုတ်လျှာရဲမှုကို အံ့ဩနေဆဲ ယု မျက်စိမျက်နှာပျက်နှင့် ထရပ်လိုက်သည်။

"မေဘယ်လ်၊ တို့ပြန်နှင့်မယ်၊ တို့ သိပ်အားနေလို့ ဒီမှာလာထိုင်တာ မဟုတ်ဘူးကွာ၊ အကျိုးရှိတဲ့အလုပ်တွေ ပြန်လုပ်ချင်သေးတယ်"

ဝိုင်းသည် စက္ကန့်ပိုင်းမျှ ငြိမ်သွား၏။

ချက်ချင်း သတိပြန်ဝင်သူက မေဘယ်လ်၊ ယုလက်ကို ကပျာကယာ လှမ်းဆွဲသည်။ ယုက သွက်လက်စွာ ရုပ်လိုက်သဖြင့် လက်ကို မမီလိုက်။





"နေပါဦး ယုရော၊ ဘာဖြစ်လို့လဲ၊ မင်း စိတ်ဆိုးသွားလား"

"မနေနိုင်ဘူး မေဘယ်လ်၊ ဘယ်လိုမှ မအောက်မေ့နဲ့၊ ဒီဝိုင်းမျိုးမှာ နောက်ထပ်တစ်စက္ကန့်တောင် တို့ နေလို့မရတော့ဘူး၊ အားနာဖို့လိုအပ်ရင် မင်းဟာမင်းပဲ ကြည့်တောင်းပန်လိုက်တော့"

စကားအဆုံးနှင့် လှည့်အထွက် တစ်ပြိုင်တည်းကျသည်။ မေဘယ်လ် ထရပ်လိုက်သည်ကိုတော့ ရိပ်ခနဲ မြင်လိုက်၏။ သို့သော် ယုက အပြေးကလေး ထွက်လာခဲ့သည်။ နောက်ဘက်မှ မေဘယ်လ်အသံကို မမီမကမ်းသာ ကြားလိုက်ရသည်။

"နင်ကလဲ အရမ်းကာရော နောက်တာပဲ မောင်မောင်ရာ၊ ယုက အဲဒါမျိုး နည်းနည်းမှ ရတာမဟုတ်ဘူး"

နောက်ပိုင်း ဘာဆက်ဖြစ်သည်ကို ယု မသိတော့၊အရှက်နှင့် ဒေါသသာ အခန်းထဲအထိ ပါလာသည်။

"တော်ပြီ၊ နောက်ကို ဘယ်သူ့မှ အားမနာတော့ဘူး"

အမှတ်တမဲ့ လှမ်းမြင်လိုက်ရသော မှန်ထဲမှ သူ့မျက်နှာလည်း အနီရင့်ရင့် စွန်းထင်းလျက်ရှိ၏။

* * *

ခဏကြာတော့ မေဘယ်လ် ရောက်လာသည်။ ခုတင်ပေါ်တွင် နံရံကိုကျောမှီ၍ထိုင်နေသော ယုနား ကပ်၍....

"ဆောရီးကွာ ယုရာ၊ ကိုယ် မင်းကို တောင်းပန်ပါတယ်၊ မောင်မောင့်ကိုလဲ အတော်ပြောပစ်ခဲ့တယ်၊ ကိုထွန်းလွင်ကြီးကတောင် ကြားထဲက အားနာလို့၊ ကိုယ်ပြန်လာတော့ နောက်ကနေလိုက်လာပြီး ယုကို တောင်းပန်ပေးဖို့ ပြောတယ်၊ ကိုယ်လဲ အဖြတ်ပြောလိုက်တယ်၊ နောက်ကို ကိုထွန်းလွင်တစ်ယောက်တည်း လာချင်လာ၊ အဖော်နဲ့မှ လာတတ်ရင်တော့ နောက် ဘယ်တော့မှမလာနဲ့လို့"

ယု ခေါင်းခါသည်။

"ကိစ္စမရှိပါဘူး မေဘယ်လ်၊ ဒီကိစ္စက မင်းနဲ့ မဆိုင်ပါဘူး၊ မင်းတို့က မင်းတို့နေတတ်သလို နေတာပဲ၊ တို့သာ မနေတတ်လို့ ရိုင်းခဲ့တာပါ၊မင်းကိုတောင် တို့က ပြန်တောင်းပန်ရဦးမယ်"

"ဟာ....ယုကလဲ မဟုတ်တာ၊ ဒီကိစ္စ ကိုယ်မှားတာပါ၊ မောင်မောင်ပါလာတာ တွေ့ကတည်းက ကိုယ်တို့ ကောင်းအောင် ကြည့်ပြောပြီး ပြန်တက်ခဲ့ဖို့ကောင်းတာ၊ ဒီကောင်တွေက ဗရွတ်ရွှတ်တတွေပါ၊ ကိုထွန်းလွင်က သူတို့အုပ်စုထဲက မဟုတ်ဘူး၊ ကဲပါ....ဒါတွေထားလိုက်ပါတော့၊ မင်း ကိုယ့်ကို သိပ်စိတ်ဆိုးသွားမှာစိုးတယ် ယုရယ်၊ ယုသာ ကိုယ့်ကို ခွင့်မလွှတ်နိုင်တော့ဘူးဆိုရင် ကိုယ် တစ်သက်လုံး ဒီကိစ္စ





ကို နောင်တရနေတော့မှာ၊ ကိုယ် အရမ်း စိတ်ထိခိုက်သွားတယ်"

မေဘယ့်လ်စကားကြောင့် ယု ပြုံးလိုက်သည်။ တစ်ခန်းတည်း သည်လောက်ကြာကြာ အတူနေလာသူများမို့ မေဘယ်လ် ကြည့်ကောင်းရုံ လာချော့နေသည်မဟုတ်ဟု နားလည်သည်။

"မဆိုင်ပါဘူးမေဘယ်လ်ရာ၊ မင်းနဲ့ တို့ ဘာမှမဖြစ်ပါဘူး၊ ခုလဲ ဒီစကားမျိုးတွေ တစ်ခါမှ အပြောမခံရဖူးလို့ ရှက်သွားတာနဲ့ ရှက်ရမ်းရမ်းခဲ့တာပါ၊ တော်ကြာကျရင် ပျောက်သွားမှာပါ"

"အေးပါကွာ၊ ဒီကိစ္စကို မေ့ပစ်လို့ရရင် မေ့ပစ်ပေးပါ၊ ကိုယ်လဲ နောက် ဘယ်တော့မှ ယုကို ဒုက္ခမပေးတော့ပါဘူး၊ ခုလဲ ကိုယ့်စိတ်ထဲမှာ မင်း ခွင့်လွှတ်နိုင်မယ်လို့ မထင်သေးဘူး၊ မင်း ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ၊ မင်း ကြိုက်သလို ကိုယ် တောင်းပန်မယ်နော်....ယု"

"ဟာ....မလိုပါဘူး မေဘယ်လ်ရာ၊ ဒီလောက်တောင်းပန်ဖို့ မလိုပါဘူး၊ ဒီကိစ္စလဲ ခေါင်းထဲမှာ သိပ်မရှိတော့ပါဘူး"

"တကယ်နော်"

"တကယ်ပါ၊ မင်းကို တို့ ဘာလို့ညာရမှာလဲ"

"ဟင်း....တော်ပါသေးရဲ့ ယုရာ၊ ကိုယ့်စိတ်ထဲမှာ မင်း ကိုယ့်ကို အရမ်းမုန်းသွားပြီဆိုပြီး အရမ်း နောင်တရနေတာ၊

မင်းကသာ မကျေနပ်ဘူးဆိုရင် ကိုယ့်ကိုယ်ကို ဒီတစ်သက် ခွင့်လွှတ်မှာ မဟုတ်တော့ဘူး"

နေရာဘကာ်တွင် အလွန်အကျွံ ခံစားတတ်သော သူငယ် ချင်းကိုကြည့်၍ ယု ပြုံးလိုက်သည်။ မေဘယ့်လ်မှာ ချစ်စရာ ကောင်းသော သည်လို စရိုက်မျိုးလေးတွေတော့ အများ ကြီးရှိသည်။ ရင်ထဲက ဒေါသလက်ကျန်လေးများပင် အဘယ် ကဲ့သို့ လွင့်စဉ်သွားမှန်းမသိ။ယု နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။

"ကဲ....ဒီကိစ္စတော်ကြစို့ မေဘယ်လ်၊ ပြီးသွားပါပြီ၊ ခေါင်းထဲ ဘာမှမထားနဲ့တော့၊ ကိုယ့်ခေါင်းထဲလဲ ဘာမှမရှိ တော့ဘူး၊ဒါပေမယ့် တစ်ခုပဲ မေဘယ့်လ်ကို တို့ တောင်းပန် မယ်"

"ပြော....ယု....ဘာလဲ"

"နောက်နေ့ကျ တို့ မလိုက်တော့ဘူးနော်"

"အင်း....အင်း....မလိုက်နဲ့တော့ယု၊ ကိုယ့်ကိစ္စ ကိုယ့်ဟာ ကိုယ်ပဲ ရှင်းတော့မယ်"

မေဘယ်လ်က ပျာပျာသလဲပြောသည်။ ပြီးမှ ဘာတွေးမိ သည်မသိ။ တစ်ချက်ရယ်လိုက်ပြီး....

"တစ်ခုတော့ ကောင်းပါတယ်၊ ကိုယ်တို့အတွက်လဲ တစ် မျိုးဖြစ်သွားတာပေါ့"

ယုက မျက်လုံးလေးဝိုင်း၍ ပြန်ကြည့်ရင်း....

"အင်း....ဘယ်လိုတစ်မျိုးဖြစ်တာလဲ"





"ဩြ်....ကိုထွန်းလွင် ဒီည တော်တော်နဲ့ အိပ်ရမှာ မဟုတ်ဘူး၊ ဒီကိစ္စ သူ့ခေါင်းထဲ စွဲနေမှာ၊ ဒီကိစ္စ သတိရ တိုင်း ကိုယ့်ကိုလဲ သတိရနေမှာပေါ့၊ မှတ်မှတ်ရရလေးဖြစ် ပြီး ဒီည သူ့ရဲ့အိပ်မက်တွေထဲမှာ ကိုယ် နေရာရသွားတာ ပေါ့ ယုရာ"

အမယ်လေးလေဟုစိတ်ထဲကတွေးရင်း ယုအပြုံးကအရယ် ဘက်သို့ အကော်လေး ကူးသွားသည်။ စိတ်ဖြင့် မှတ်ချက် တစ်ခုလည်း ချမိသည်။

"မင်းရောဂါလဲ မသေးပါလား မေဘယ်လ်၊ မိုးနတ်သူ ငှာ သွေးဆေးနဲ့တောင် ကုလို့ ပျောက်ပါ့မလား" တု....။

တကယ်လည်း ထွန်းလွင် တော်တော်နှင့် အိပ်မရ။

ကိုယ့်ကိုယ်ကို ဒေါသလည်းဖြစ်သည်။ ထိုအဖြစ်အပျက်ကို ပြန်တွေးမိတိုင်းလည်း တစိမ့်စိမ့် ရှက်သည်။ အနေမတတ် အထိုင်မတတ်သဖြင့် ကိုယ့်ကိုယ်တိုင် အထင်သေးခဲ့ဖူးသော ဘဝကို ရောက်သွားသဖြင့် ရှက်တာကတစ်ရှက်၊ တစ်သက်လုံး ဘယ်တုန်းကမှ လူအထင်သေးခံနေရာမှာ မရှိခဲ့ဖူးဘဲ၊ လူတိုင်းက တလေးတစားနှင့် အထင်တကြီး ဆက်ဆံခံနေရသော အခြေအနေမှ ကိုယ့်အနေအထားကို တစ်ဖက်က ဘယ်လိုမှ မသိလိုက်ဘဲ အထင်သေးစွာဆုံးဖြတ်ခံရသော အဖြစ်ကြောင့် ခံပြင်းစွာ ရှက်ခြင်းကတစ်ရှက်။

"တောက်"

တောက်ခတ်ခြင်းနှင့်အတူ ကိုယ့်ကိုယ်ကို ပါးသာ ပစ်ရိုက်ချင်စိတ် ပေါ်ပေါ်လာသည်။ ခုလည်း ညနေက ရေချိုးရင်း ဒေါသဖြစ်ဖြစ်နှင့် ရေချိုးခန်း အုတ်နံရံကို ပိတ်ထိုးထားသော ညာလက်က တစိမ့်စိမ့် ကိုက်နေသည်။ အရိုးတစ်ခုခု မဖြစ်လျှင်ကံကောင်း။ သည်အတိုင်းဆိုလျှင် သုံးလေးရက်လောက်ကတော့ သည်လက်ဖြင့် စာတောင် ရေးနိုင်မည် မဟုတ်။

သို့သော် ကိုယ့်ကိုယ်ကို ပေးသည့် အပြစ်ဒဏ်က နည်းနေသေးသည် အောက်မေ့သည်။ စိတ်ရှိလက်ရှိသာ လုပ်ပစ်ရလျှင် သည်လက်တစ်ခုလုံး ခုနေမှာ ရစရာတောင် ရှိတော့မည် မဟုတ်။

နာသည်။ဘဝမှာ သိပ်နာသည်။သက်တမ်းနှင့် ချီ၍စောင့်ရှောက်လာသော တန်ဖိုးကြီးဘဝ ပိုးဖြူစတွင် မီးပေါက်တစ်ပေါက် အလကားနေရင်း ပေါက်သွားသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သက်သက်မဲ့ လူ အထင်သေးခံလိုက်ရသည့် ကိစ္စ။သည်လိုဖြစ်မှာစိုး၍ တစ်သက်လုံး မနည်း ချုပ်တည်းလာခဲ့သည့်ကိစ္စ။ ထင်သည့်အတိုင်းပင် တစ်ချက် လွှတ်ပေးလိုက်သည်နှင့် တစ်ချက်ထိသွားတော့သည်။

လောကမှာ ဘာတစ်ခုမှ အလကားမရ၊ တစ်ခုလိုချင်လျှင် တစ်ခုပေးရသည်။ တန်ဖိုးတစ်ခု ခုရဖို့ သူနှင့်ညီမျှသော အခြားတန်ဖိုးတစ်ခု အဆုံးရှုံးခံရသည်ဆိုသော စကားသည် တကယ်မှန်သောစကားဖြစ်၏။စာရိတ္တကောင်းသည်ဆိုသော





ာမည်ကောင်းလေးတစ်ခုရဖို့ လူ့ဘဝတွင် အင်မတန် အရသာရှိသည်ဆိုသော မကောင်းမှု တော်တော်များများကို လူတော်တွေ ဘာကြောင့် စွန့်လွှတ်ထားသည် ဆိုသည်ကို ခုမှ ပြင်ပြင် နားလည်စပြုလာ၏။

သာမန်လူတွေအဖို့ကတော့ သည်ကိစ္စ ဘာမှ ဖြစ်လောက်တာမဟုတ်ပါဘူးဟု ပြောလျှင်ပြောပေမည်။ ပုထုဇဉ်ပဲကွာ၊ အရိယာတွေမှ မဟုတ်ဘဲဟု မကောင်းမှုပြုရန် အကာအကွယ်ကားဘာစ်ခု လက်ကိုင်ထားပြီး ဘဝကို စကတည်းက စောင့်ရှောက်မလာသူများအတွက်ကတော့ ဘာမှ ဖြစ်လောက်စရာ ရှိသည် မဟုတ်။ အထူးသဖြင့် မောင်မောဂင်တို့လို လူားမျိုး သွားပြောလျှင်....

"ဘာကွာ၊ ဒါတွေက အကင်းပါ၊ ဒါလောက်လေးများ ခေါင်းထဲထည့်မထားစမ်းပါနဲ့၊ တို့အတွက်ကတော့ ဒါတွေ းနေပြီ၊ ဘာဖြစ်လဲ၊ သူ့မရ နောက်တစ်ယောက်ပေါ့၊ ါမျိုးက တစ်ခါတလေကြုံတာပါ၊ ဒီနည်းနဲ့ပဲ အဆင်ပြေ ာခဲ့တာတွေ နာမည်တောင် မှတ်ထားလို့ မနိုင်တော့ဘူး"

ဟု ရယ်ရင်းမောရင်း ပြောပေမည်။ သူ့အတွက် လုံးဝ န်၏။

အဲ....ကိုယ့်အတွက်တော့ လုံးဝမမှန်။

မကောင်းမှုမှာ အင်မတန် မက်မောစရာကောင်းသော ားမှုများရှိသည်ဟု အစတည်းက မသိသည်မှ မဟုတ်။

ခပ်ရှင်းရှင်းပြောရလျှင် ကောင်းမှုနှင့် မကောင်းမှု၊ကောင်းမှုမှာ ဘာအရသာမှ သိပ်မရှိ။ စာကျက်တာ ပင်ပန်းသလောက် ဖဲရိုက်တာ ပျော်စရာကောင်းမှန်း အမေ မွေးကတည်းက သိသည်။ ဘဝမြင့်မားသန့်စင်အောင်နေတာထက် ရည်းစားထည်လဲထား၊ မိန်းမရှုပ်နေရတာက ပိုလည်းလွယ်မှန်း၊ ပိုလည်း ပျော်စရာကောင်းမှန်း နွားမှမဟုတ်သည့်နောက် မသိစရာ မရှိ။

သို့သော် ကိုယ် ရွေးချယ်ခဲ့သည်က တစ်လမ်း။

ဘုန်းကြီးကျောင်းမှာ ပရိတ်ကြီးတောင် ဆုံးအောင်မကက်ရသေး၊ စစ်ဘေး စစ်ဒဏ်ကြောင့် အဖေရော အမေရော ပိုးသိပြီးဆုံး။ ကိုရင်ဝတ်နှင့် ဟိုပြေးသည်ပြေး၊ ပြေးရင်းကပင် လူဝတ်လဲ၊ စစ်ဘေးငြိမ်တော့ ခြေသလုံးအိမ်တိုင်ဖြစ်။ထိုဘဝကနေ ကိုရင်ဝတ်တုန်းက ဘုန်းကြီးဆီမှ အစအနရခဲ့သော မြန်မာဆေးပညာကို ဆရာတစ်ဦးထံ ထမင်းစားကျွန်ခံပြီး သင်၊ အဲသည်နောက် အရပ်တကာ ခြေကုန်လှည့်၍ ဖော်ထားသောသွေးဆေးတစ်မျိုးကို လူသုံးအောင် လိုက်ဖြန့်၊ တဖြည်းဖြည်း ကုသိုလ်ကံလေး ဘာလေး လိုက်လာတော့ ဆေးက နာမည်ရလာပြီး အဆင်ပြေလာ၊ အဆင်ပြေလာသောဘဝတွင် လူတစ်ယောက်၏ ကြီးပွားချမ်းသာခြင်းကို ပိတ်ပင်သော အရာသုံးခုသည် အရက်သေစာသောက်စားခြင်း၊ လောင်းကစားခြင်း၊ မိန်းမရှုပ်ခြင်း ဖြစ်သည်။ တစ်သက်လုံး ကြီးပွားချင်လျှင် အဲသည်သုံးခု ရှောင်ဟု အတိ





အကျ ဆုံးမဖူးသည့် ဆရာဘော်တုန်းကြီး၏ စကားကို နားသွင်း၊ ချမ်းသာတော့မှ မဖောက်ပြန်မိအောင် ကိုယ့်ကိုယ်ကိုစောင့်ရှောက်၍ ယခုအခါ ထားစရာနေရာ မရှိအောင် ချမ်းသာနေပြီဖြစ်သော အဖေ့စကားကိုလည်း နှလုံးစွဲ မှတ်ယူထားခဲ့ဖူးသည်။

စာ မသင်ခဲ့ရဖူး၍ စာ၏တန်ဖိုးကို အတိအကျသိခဲ့သော အဖေ့ကျေးဇူးဖြင့် စာကို ကျောင်းစာ ထူးချွန်အောင်သာမက ပြင်ပဗဟုသုတ စာမှန်သမျှ အချိန်ရသရွေ့လည်း ဖတ်ခဲ့ဖူးသည်။

သည်အသိ သည်အတွေ့အကြုံများကြောင့် ကိုယ် ရွေးချယ်မိသည့် ဘဝလမ်းက ဓင်ပန်းခက်ခဲပြီး ပျော်စရာမကောင်းသည့် တန်ဖိုးကြီး ဘဝ။

သည်အတွက်လည်း အများသူငါ ပျော်စရာ ဟေးလားဝါးလားသာ ကုန်ခံခဲ့သော လူငယ်ဘဝကိုလည်း တတ်အားသရွေ့ ပျင်းခြောက်ခြောက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပြီးပြီ။

ခုမှ ဘာမဟုတ်ညာမဟုတ် ရောဂါတစ်ခု ခါတော်မိတက်ပြီး ဘဝမှာနာသည့် အနာအဆာမျိုးကို ဘယ်နည်းနှင့်မျှသေးသေးပေါ့ပေါ့ မတွက်နိုင်။

အသိသာရှိ၍ သတိလက်လွှတ် လုပ်တတ်ခြင်းသည် တစ်နေ့နေ့ အကြီးအကျယ် ဒုက္ခပေးလိမ့်မည်။တတ်နိုင်သလောက်သတိထား၍နေမှဟု။ မည်မျှ စောင့်ထိန်းနိုင်မည်၊ မစောင့်

ထိန်းနိုင်မည် မသေချာသော်လည်း တန်ဖိုးကြီးသည့် အသိ
တစ်ခုကိုတော့ ထပ်မံရလိုက်၏။

*  *

နားထဲသို့ ယုပြောသွားသည့်စကားများ ပြန်ရောက်လာ
သည်။

"ဒီဝိုင်းမျိုးမှာ နောက်ထပ်တစ်ဧက္ကန့်တောင် တို့ နေလို့
မရတော့ဘူး"

ယုဆိုသော အမျိုးသမီး ပြောသွားသည့်စကားကို တခြား
လူဘွေ ဘယ်လောက် အဓိပ္ပာယ်ပေါက်သည် မပေါက်သည်
တော့မသိ၊ သူကတော့ ကောင်းကောင်း နားလည်လိုက်
သည်။

ယုအမြင်တွင် သည်ဝိုင်းသည် ဘယ်လိုဝိုင်းမျိုး ဖြစ်သွား
သည် ဆိုသည်ကို သူ ပြန်မြင်ကြည့်၍ရ၏။ သည်ဝိုင်း ဆိုသော
စကားလုံးကြောင့်လည်း ဝိုင်းထဲကလူတွေကို ဘယ်လိုလူမျိုး
တွေဟု မြင်သွားသည်ဆိုသည်ကိုလည်း သိသည်။

သူ့ အခံရအခက်ဆုံးမှာလည်း သည်ကိစ္စပင် ဖြစ်သည်။
ယုစကားက မောင်မောင့်ကို ကွက်ပြောသွားသော စကား
မဟုတ်။ သူအပါအဝင် တစ်ဝိုင်းလုံးကို ထိခိုက်သည်။ ဖြစ်နိုင်
လျှင် ခုချက်ချင်း ထိုအမျိုးသမီးထံသွား၍....

ပြုံးပန်းတစ်ရာစာပေ



"ခင်ဗျား စကားပြောတာ သိပ်မှားပြီ မယုယုမွန်၊ ခင်
ဗျားကို စော်ကားတာက မောင်မောင်၊ ဘာမှမဆိုင်တဲ့ ကျွန်
တော့်ကို ဒီလိုရောပြီး မပြောသင့်ဘူး၊ ကျွန်တော် ဒီလိုလူ
စားမျိုး မဟုတ်ဘူး၊ ကျွန်တော့်အကြောင်းကို ခင်ဗျား
သိအောင် စုံစမ်းကြည့်ဦး"

တိတိလင်းလင်း သွားပြောလိုက်ချင်သည်။

သို့သော် သည်လိုသွားပြောလျှင်လည်း ဟိုက တစ်ခွန်း
တည်း ပြန်ပြောလိုက်ရုံနှင့် ကိုယ် ငံလာရဦးမည်။

"ဘာထူးလို့လဲ ကိုထွန်းလွင်၊ ရှင်ကကော ဒီလိုလူစား
မဟုတ်ဘဲနဲ့ ရှင် ဒီအဆောင်ထဲကို ဘာလာလုပ်တာလဲ"

ဆိုသည်နှင့် ကိုယ့်ဘက်က ဘာမှ ပြောစရာမရှိတော့။

သည်လိုလည်း မဖြစ်။ သည်လိုသွားမပြောဘဲနှင့် သည်လို
လူမျိုးမဟုတ်မှန်း သူသိအောင် ကြိုးစားရပေမည်။

သည်လိုမှမဟုတ်လျှင် ထိုအသိုက်အဝန်းမှာ သူ့ သိက္ခာ
ရစရာကျန်တော့မည် မဟုတ်။ မိုးနတ်သူဇာသွေးဆေး ပိုင်
ရှင်ရဲ့သား ကိုထွန်းလွင်ဆိုတဲ့လူက ဒီလို လူစားမျိုးပါကွာ၊
ဟိုနေ့ကတော့ ငါ အမြင်ကတ်ကတ်နဲ့ ဒီလိုကိုပြောချလိုက်
တယ်ဆိုသော စကားမျိုး သူ့ ကွယ်ရာမှာ အပြော့အနှံ့ မခံချင်။

တစ်ခုခုတော့ လုပ်သင့်သည်ဟု တွေးမိလိုက်၏။

ပြုံးပန်းတစ်ရာစာပေ

(၉)

သည်နေ့လည်း လက်တွေ့ အတန်းဝင် စာသင်ရဦးမည်မို့ ကျောင်းစိမ်းဝတ်စုံပဲ ဝတ်ရသည်။

ယုက ဆံပင်ကို ဖဲကြိုးဖြင့် သေသေသပ်သပ် စည်းလိုက်ရင်း နံနက်ခင်းပြင်ဆင်မှုကို အစသတ်သည်။ ထို့နောက်ခုတိုင် အိပ်မောကျနေဆဲ ဖြစ်သော မောဘယ်လ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ မောဘယ်လ်ကတော့ သူ့ထုံးစံအတိုင်း အိပ်ပြီဆိုလျှင် တကယ့်ကို ခြေပစ်လက်ပစ်။

ယု ပြုံးလိုက်သည်။ ယင်းစရိုက်ချင်း ဘယ်လိုမှ မတူသည့် သူတို့နှစ်ယောက်ကျမှ တစ်ခန်းတည်းနေ ညီအစ်မလို ဖြစ်နေကြရပေသည်ဟု တွေးမိ၍ဖြစ်သည်။

ယခုလည်း မေဘာယ်လ် အတန်းမရှိ၍ အိပ်နေခြင်းမဟုတ်။ ညက ဟိုအကြောင်း သည်အကြောင်းပြောရင်း ညဥ့်နက်သွားသည်။ အိပ်ခါနီးတွင် မေဘာယ်လ်က သေချာမှာသည်။

"မနက်ကျရင် ကိုယ့်ကို မနှိုးနဲ့နော် ယု၊ မနက်ရှစ်နာရီ ကလပ်စ် ကိုယ် မတက်တော့ဘူး၊ အိပ်ရေးပျက်ပြီး မျက်တွင်းကြီးကျနေရင် သိပ်ရုပ်ဆိုးတာပဲ"

"အင်း....မင်းပြောသလိုသာဆိုရင်တော့ ခုနေ တို့ရုပ်က ရစရာတောင် ရှိပါတော့မလား မေဘာယ်လ်ရယ်"

စိတ်ထဲကနေ အပြုံးဖြင့် မေးမိသည်။ မေဘာယ်လ်က ရှစ်နာရီအတန်းကို မျက်နှာ အလှပျက်မှာစိုး၍ ထမတက်သည့်အချိန်တွင် သူကဲ ငါးနာရီခွဲကတည်းက အိပ်ရာက ထခဲ့ရသူ။ မျက်နှာသစ်၊ ဘုရားရှိခိုး၊ ထုံးစံအတိုင်း သမ္ဗုဒ္ဓေ တစ်ပုဒ်ဆုံး တစ်လုံးချ ပုတီးတစ်ပတ်စိပ်၊ အားလုံးပြီးတော့ ညကကျန်နေသည့် စာကြွေးလေးရှင်း၊ ရေမိုးချိုး၊ ခုခုနစ်နာရီခွဲမှာ ကျောင်းသွားဖို့ အဆင်သင့်ဖြစ်နေပြီ။

ယုက ကြည်ကြည်လင်လင်ပင် ပြုံး၍ တံခါးလေး ပြန်စေ့ထားခဲ့ပြီး အဆောင် ကော်ရစ်ဒါအတိုင်း ထွက်လာခဲ့သည်။

ထိုအချိန် သထုံလမ်းကို ဖြတ်လျှောက်ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းသည်။ ဘီအိုစီ ကောလိပ်နှင့် ပုဂံဆောင်ကြားတစ်လျှောက်လုံးလိုလို ခရေပင်များ အုပ်ဆိုင်းနေရာ





တစ်လမ်းလုံး ခရေနံ့ သင်းပျံ့ပျံ့လေးဖြင့် လမ်းလျှောက်ရတာ လန်းဆန်းသည်။

စိတ်ထဲမှာ ကြည်နူးရင်း အဆောင်ပေါ်မှ ဆင်းလာခဲ့၏။

* * *

"ဟင်...."

ခေါင်းငုံ့ လျှောက်လာရင်း အဆောင်ဝင်းအပြင်ကို အထွက် လမ်းပေါ် ကားအသွားအလာကို ကြည့်ရန်အမော့ မမျှော်လင့်ဘဲ ကိုထွန်းလွင်နှင့် သူ့ကားလေးကို တွေ့လိုက်ရသဖြင့် အံ့သြသွားသည်။

"ဟာ....ဒုက္ခပါပဲ၊ မေဘာယ့်လ် ပြန်နှိုးပေးရရင် ကောင်းမလား မသိဘူး"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသည့် ကိုထွန်းလွင်၊ ဘယ်အချိန်အထိ စောင့်ရဦးမည်မှန်း မသိ။ ဟိုတစ်ယောက်ကလည်း သည်မှာ သူ့လူ စောင့်နေသည်ဟု လုံးဝမသိ။ ခုချိန် အိပ်မက်ကို အခန်းဆက်နှင့် မက်လျှင် မက်နေမှာ။

ယု ချိဘုံချတုံဖြစ်နေဆဲ ကိုထွန်းလွင် သူ့ထံ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလျှောက်လာသည်ကို တွေ့လိုက်ရ၏။

* * *

"မေဘယ်လ် အိပ်ရာက မထသေးဘူး ကိုထွန်းလွင်၊ ကျွန်မ သွားနှိုးပေးရမလား"

သိပ်ရင်းနှီးတာလည်း မဟုတ်သဖြင့် ရယ်ပြုံးနှုတ်ဆက်သည့် အမူမပြု၊ ကိုထွန်းလွင်မေးလျှင် မေဘယ်လ် ကျောင်းသွားပြီလား သို့မဟုတ် မေဘယ်လ် လာခါနီးပြီလားပဲ မေးစရာရှိသည့်အတွက် ကိုထွန်းလွင် စကားမစမီ ယုက ကြိုပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ယုထင်သလို ကိုထွန်းလွင်က အားနာပြုံး ပြုံးပြီး....

"အေးဗျာ....အိပ်နေသေးရင်တော့ ကျေးဇူးပြုပြီး သွားနှိုးပေးစမ်းပါ၊ ကျွန်တော် စောင့်နေရတာ တော်တော်ကြာပြီ"ဟု မပြော။ ပြုံးလည်းမပြုံးဘဲ ခပ်တည်တည်ပင် ခေါင်းခါရင်း....

"ကိစ္စမရှိပါဘူး မယုယုမွန်၊ နှိုးမနေပါနဲ့၊ ကျွန်တော် ခုလာတွေ့တာ မေဘယ်လ်ကို မဟုတ်ပါဘူး၊ မယုယုမွန်နဲ့ပါ၊ ကျွန်တော် မယုယုမွန်ကို စကားပြောစရာရှိလို့"





'ဩော်....မနေ့ကကိစ္စ မပြီးသေးပါလား'ဟု ယု အောက်မေ့သည်။ မေဘယ်လ်တောင်းပန်သလို ကိုထွန်းလွင် တောင်းပန်ဦးမည် ထင်၏။

"ဘာပြောမလို့လဲ ကိုထွန်းလွင်"

"တခြားမဟုတ်ပါဘူး မယုယုမွန်၊ မနေ့ကဖြစ်ခဲ့တဲ့ ကိစ္စကြောင့် ညနေ ညနေ ကျွန်တော် အဆောင်လာတဲ့အခါမှာ မယုယုမွန် လိုက်မလာဘဲ မနေပါနဲ့လို့ ပြောချင်တာပါ၊ နောက်ကိုလဲ ကျွန်တော် ဘယ်တော့မှ အဖော်ခေါ် မလာတော့ပါဘူး၊ မနေ့ကကိစ္စကို ကျွန်တော် အတော် စိတ်မကောင်းဖြစ်သွားတယ်"

"ရပါတယ် ကိုထွန်းလွင်၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျွန်မ ဒီကိစ္စကို မနေ့ညနေကတည်းကပဲ မေ့ပစ်လိုက်ပြီးပါပြီ"

"ဩော်....ဒါဖြင့် တော်သေးတာပေါ့ဗျာ၊ ဒါဖြင့် ညနေ ကျွန်တော်လာရင် ယုပါလိုက်လာမယ် မဟုတ်လား"

ယုက ကပျာကယာ လက်ကာသည်။

"အာ....ကျွန်မ လိုက်လာခဲ့မယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ဒီကိစ္စအတွက် ဘာမှ မဖြစ်ပါဘူးလို့ ပြောတာပါ"

"မဟုတ်ဘူး မယုယုမွန်၊ ကျွန်တော် ပြောတာက မယုယုမွန် မေဘယ်လ်နဲ့ လိုက်ခဲ့ပါလို့ ပြောတာ"

"ဟင့်အင်း....လိုက်တာတော့ မလိုက်တော့ဘူး ကိုထွန်းလွင်၊ ကျွန်မ ဒီလိုလဲ မနေတတ်ဘူး၊ ကိုထွန်းလွင်တို့ကိစ္စမှာလဲ ကျွန်မကြောင့် အနှောင့်အယှက်တွေ မဖြစ်စေချင်ဘူး"

"ကျွန်တော်တို့ကိစ္စ၊ ကျွန်တော်တို့ကိစ္စဆိုတာ ဘာလဲ မယုယုမွန်၊ ဘာကိုဆိုလိုတာလဲ"

အလောတကြီး ပြန်ဖြေမိမည့် စကားများကို မနည်း ဘရိတ်အုပ်လိုက်ရသည်။ မေဘယ်လ်နှင့် ကိုထွန်းလွင်က ဘာမှ ဖြစ်ကြသေးတာမဟုတ်၊ အ ပြော လွန် သွား သည့် စကားကို ပြန်ဆိန်းသည့် အနေနှင့်....

"ဪ....မဟုတ်ပါဘူး၊ ကိုထွန်းလွင်နဲ့ မေဘယ်လ်တို့ မိတ်ဆွေနှစ်ယောက် စကားပြောတဲ့နေရာမှာ ကျွန်မက သူစိမ်းလူ တစ်ယောက်အနေနဲ့ ပါ ပါနေတော့ စကား ပြောရဘာ မလွတ်လပ်လို့ ပြောတာပါ"

"လွတ်လပ်စရာ မလိုပါဘူး မယုယုမွန်၊ ကျွန်တော်တို့က ရည်းစားစကား ပြောနေကြတာမှ မဟုတ်ဘဲ၊ မေဘယ်လ်နဲ့ ကျွန်တော့်ကို တခြားလူတစ်ယောက်က မိတ်ဆက်ပေးလို့ ခင်တယ်၊ မေဘယ်လ်က မိတ်ဆက်ပေးလို့ မယုယုမွန်နဲ့ ကျွန်တော် ဆက်ခင်တယ်၊ မေဘယ်လ်ကော မယုယုမွန်ပါ ကျွန်တော့် မိတ်ဆွေတွေပါ"

"ဟုတ်ပါပြီလေ၊ ဒီလိုဆိုလဲ ဒီလိုပေါ့၊ကဲ....ဒါဖြင့် ကျွန်မ သွားတော့မယ် ကိုထွန်းလွင်၊ ရှစ်နာရီ အစာန်းမမီမှာစိုးလို့





ပါ၊ မေဘယ်လ်ကို ခေါ်ချင်ရင်လဲ တစ်ယောက်ယောက်ကို ခေါ်ခိုင်းလိုက်လို့ ရပါတယ်"

"မခေါ်တော့ပါဘူး မယုယုမွန်၊ ကျောင်းနောက်ကျ မှာစိုးရင် ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါမယ်"

"ဟင့်အင်း....ကျွန်မ လမ်းလျှောက်သွားရင် မီပါတယ်"

"အားမနာပါနဲ့ မယုယုမွန်၊ ကားနဲ့ သွားလိုက်ရင် ဘယ်လောက်မှ ကြာတာ မဟုတ်ပါဘူး"

ယု ခေါင်းခါသည်။

"အားနာလို့ မဟုတ်ပါဘူး ကိုထွန်းလွင်၊ ကျွန်မ လမ်းပဲ လျှောက်ချင်လို့ပါ၊ ကျေးဇူးတင်ပါတယ်၊ သွားမယ်နော်"

# အပိုင်း (နှစ်)

(၁)

မိုးရေတက်ရေ တဖွေးဖွေး
ဟွင်းကျယ် အဝေးဝေး၊
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာ တည်၊

သူ့အတန်းချိန် ပြီးသွားသဖြင့် လေ့ကျင့်ရေးကျောင်းထဲမှ ဖြတ်ပြီး သူတို့စာသင်ခန်းများဘက် လျှောက်လာခဲ့သည်။စတုတ္ထတန်းကလေးများဘက်မှ ကဗျာရွတ်သံလွင်လွင်လေး ကြားလိုက်ရသည်။

ယု စိတ်ထဲ ကြည်နူးသွားပြီး ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊ တဲနှင့်ပန်းတင့်ဟု ကလေးများ ရွတ်ဆိုသံနှင့် လိုက်၍ စိတ်ထဲက

နေ ဆိုမိသည်။သည်ကဗျာလေးကြားတိုင်း ရင်ထဲမှာ ကြည်နူး
အေးချမ်းရသည်။

မျက်လုံးထဲတွင် ထိုကဗျာလေးနှင့် ဆရာမင်းသုဝဏ်
သရုပ်ဖော်ထားသော လယ်စောင့်တဲ ရှုခင်းလေး ရေအဖွေး
သားနှင့် မြင်လာသည်။ ပညာရေးတက္ကသိုလ် အလယ် ကွင်း
ပြင်ကို ဖြတ်သည်တွင် စိမ်းလန်းသော မြက်ခင်းများနှင့်
ခံ့ညားထည်ဝါသော ကျောင်းအဆောက်အအုံတို့အကြာ
ရောက်သည်။

ဘဝနှင့်ပတ်သက်သော ကျေနပ်မှုလေး ခံစားလိုက်ရ
သည်။ သူ မျှော်မှန်း ကြိုးစားခဲ့သော တက္ကသိုလ်နယ်မြေကြီ
သည် သူ့စိတ်ကူးအိပ်မက်ခဲ့သလိုပင် တည်ငြိမ် ငြိမ်းချမ်
သည်နှင့်အမျှ ခံ့ညားထည်ဝါလှသည်။ သည်တက္ကသိုလ်
ပေးဝေ သုံးသောက်စေခဲ့သော ပညာရင်နို့ကို အမှီပြု
မကြာတော့မီကာလအတွင်း သူ ရည်ရွယ်ထားသည့် အသက်
မွေးဝမ်းကျောင်းဘဝသို့ ရောက်ရှိပေတော့မည်။

နှစ်နှစ်ကျော်ကျော်ကာလဆိုသည်မှာ ဘာမျှ ကြာလှသည်
တော့ မဟုတ်။ ထိုတစ်ခဏကုန်ဆုံးလျှင် သူ ဆရာမကြီး ဖြ
တော့မည်။ ပြည်ထောင်စုတစ်နေရာတွင် ပညာရိပ်ဖြင့် ငြိမ်
ချမ်းနေသည့် စာသင် ကျောင်း တစ် ကျောင်း ၌ ပည
အာဟာရ ဆာလောင်မွတ်သိပ်နေသော ကျောင်းသာ
ကျောင်းသူ တပည့်ပေါင်းများစွာတို့ ဝန်းရံလျက် သူ စိ
အေးချမ်းသာစွာ ဘဝကို မြုပ်နှံနိုင်ပေတော့မည်။





နားထဲတွင်လည်း သူ တက္ကသိုလ်ကျောင်းသို့ တက်ရန်
သွားရောက်ခါနီး ဖေဖေ ဆိုဆုံးမခဲ့သော စကားများ ပြန်
ကြားယောင်လာသည်။

"တက္ကသိုလ်ရောက်ပြီဆိုတာ သမီးဘဝမှာ ပထမအဆင့်
လူလားမြောက်ပြီလို့ သတ်မှတ်ပေးလိုက်တာပဲ သမီး၊ ရှေ့
လျှောက် သမီးဟာ ဘဝဆိုတဲ့ ကွင်းပြင်ကျယ်ကြီးထဲမှာ တစ်
ယောက်တည်းလိုလို ဖြတ်သန်းသွားရတော့မယ်၊ လိမ္မာရေး
ခြားရှိပြီးသား သမီးမို့ ဖေဖေ သိပ်ထွေထွေထူးထူးတော့
မှာစရာမရှိပါဘူး၊ တစ်ခုပဲ ပြောလိုက်မယ်....

"ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မဟုတ်ပေမယ့်
ဟိုးတစ်ခါ သမီး ငယ်ငယ်တုန်းကတည်းက ဖေဖေ အလွတ်
မှတ် အရသာခံခိုင်းခဲ့တဲ့ ကဗျာလေးကို ကစ်သက်လုံးမမေ့နဲ့
သမီး....

"မိုးရေတက်ရေတဖွေးဖွေး ကွင်းကျယ်အဝေးဝေး....ဆို
တာ သမီး ရှေ့ဆက်လျှောက်လှမ်းရမယ့် ဘဝကွင်းပြင်ကျယ်
ကြီးပါ၊သမီး ကြိုးစားခဲ့၊ လုံ့လပြုခဲ့သမျှ သမီးရဲ့ဘဝမှာလဲ
မိုးရေတက်ရေတွေ ဖွေးနေသလို အောင်မြင်မှုတွေ၊ တင့်
တယ်မှုတွေနဲ့ တင့်ဖွေးဖွေး ဝေဆာနေဦးမှာပဲ....

"အဲဒီ မိုးရေတက်ရေတွေ ဖွေးနေတဲ့ သမီးရဲ့ဘဝလယ်
ပြင်ကြီးကနေ သမီးဘဝတက်လမ်း စပါးပင်တွေ၊ ဘဝ
လုံ့ခြုံမှု စပါးစေ့တွေ၊ ဘဝအေးချမ်းမှုသီးနှံ၊ အဲဒါတွေကို
ကူညီဖြည့်တင်းပေးကြမှာပါ၊ အဲဒီဘဝ လယ်ပြင်ကျယ်ကြီး

ကို ထိန်းသိမ်းစောင့်ရှောက်ရမှာက လယ်စောင့်တဲနဲ့တူတဲ့ သမီးရဲ့ အသိဉာဏ်၊ အမြော်အမြင် သတိတရားပဲ သမီး....

"သမီးရဲ့ လယ်စောင့်တဲလေးဟာ မြင့်မြင့်မားမားကနေ ဝေးဝေးလံလံကို မျှော်ကြည့်ဘတ်ဖို့ ခြေတံရှည်ရမယ်၊ ဒီလောက ဒီကမ္ဘာမှာ မြေကြီးကနေ ကင်းကွာပြီး စိတ်ကူးယဉ် လွင့်မျောမပါသွားဖို့၊ မိုးကုပ်စက်ဝိုင်းအောက်မှာ သမီးရဲ့ အသိဉာဏ် အမြော်အမြင် သတိတရားစက်ဝိုင်းကို ထားရမယ်....

"အဲဒီလိုပဲ သမီးဟာ ဒီလောကထဲမှာ တစ်သက်လုံး တစ်ယောက်ဘည်း နေသွားရမှာ မဟုတ်တဲ့အတွက် သမီးအနားမှာ ကြာနီလေးတွေ၊ ကြာဖြူလေးတွေနဲ့တူတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ၊ ချစ်ခင်နှစ်သက်သူတွေ အများကြီးနဲ့ တွေ့ရဦးမှာပဲ၊ အဲဒီအခါမှာလဲ သမီးဟာ ကဗျာထဲက လယ်စောင့်တဲလေးလိုပဲ သင့်တင့်မျှတတဲ့ ပေါင်းသင်းဆက်ဆံမှု၊ သင့်တင့်မျှတတဲ့ ဘဝကြင်ဖော်၊ အဲဒါတွေကို ကြာနီတစ်ပွင့် ဖြူဘစ်ပွင့်ပဲရှိနေသလို တစ်ဦးကောင်းတစ်ယောက်ကောင်း သတ်သတ်မှတ်မှတ် ရွေးချယ်တတ်ရမယ်၊ သမီးရွေးချယ်တဲ့ ကြာနီ ကြာဖြူ တစ်ပွင့်စီဟာလဲ သမီးရဲ့ ဘဝအသိနဲ့ ပန်တင့်မယ့် လိုက်လျောညီထွေတဲ့သူ ဖြစ်ရမယ်....

"အဲဒါမှ သမီးရဲ့ ဘဝကွင်းကျယ်ကြီးရဲ့ ရှုခင်းဟာလဲ ကဗျာလေးထဲကလို ငြိမ်းချမ်းသာယာ အေးမြနေလိမ့်မယ် သမီး....





"အဲဒါ လူလားမြောက်ပြီး တက္ကသိုလ်ကနေတစ်ဆင့် ဘဝထဲကို ဝင်ရဘော့မယ့် သမီးအတွက် ဖေဖေ့ ထာဝရ လက်ဆောင်ပဲ...."

"ဖေဖေပေးခဲ့တဲ့ စကားလက်ဆောင်ကို သမီး အမြဲတမ်း ဦးထိပ်မှာထားပြီး လိုက်နာပါတယ် ဖေဖေ၊ ဖေဖေ တွေ့ချင်တဲ့ ဘဝရှုခင်းမျိုး သမီး ဖြစ်လာအောင် ကြိုးစားပါမယ်"

ယု ရင်ထဲက လေးနက်သော စကားတစ်ခုကို ဆိုမိသည်။

* * *

"ဟင်....မေဘယ်လ်ပါလား"

မြက်ခင်းပြင်ကို လွန်၍ စာသင်ခန်းများဘက်သို့အကူးလိုက် သူတက်ရမည့် စာသင်ခန်းရှေ့တွင် သူ့ကိုစောင့်နေဟန်တူသည့် မေဘယ်လ်ကို မြင်လိုက်ရသဖြင့် ယု နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်သည်။

မေဘယ်လ် သည်လိုမျိုး လာခဲ့သည်။ အကြောင်းထူးမရှိဘဲ လုံးဝမလာတတ်။ နံနက်က သူ့ဆီလာသွားသော ကိုထွန်းလွင် ကိစ္စနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ပြီ ထင်သည်ဟု ယု အောက်မေ့လိုက်၏။

(၂)

မေဘယ်လ်က အပြုံးနှင့်ကြို သည်။

"တော်သေးတာပေါ့၊ ကိုယ်က ယုနဲ့တွေ့မှတွေ့ပါ့မလား လို့"

"တွေ့ပါတယ် မေဘယ်လ်ရဲ့၊ အတန်းရှိနေတာပဲ၊ မေဘယ်လ် ရောက်နေတာ ကြာပြီလား"

"ဟင့်အင်း.... ကြာတော့ မကြာသေးပါဘူး၊ ခုနမှရောက်တာပါ၊ ယု၊ နည်းနည်းအချိန်ရမလားဟင်"

ယုက နာရီကို ငုံ့ကြည့်သည်။ အတန်းချိန်ရောက်ရန် ဆယ့်ငါးမိနစ်ကျော်ကျော်တော့ လိုသေးသည်။

"ဆယ့်ငါးမိနစ်လောက်တော့ လိုသေးတယ်၊ မေဘယ်လ် အရေးကြီးတဲ့ကိစ္စရှိလို့လား"

"အရေးကြီးတော့ မဟုတ်ပါဘူး၊ ပြောစရာလေးရှိလို့"

"ပြောလေ"

"ခုနပဲ ကိုထွန်းလွင် ပြန်သွားတယ် ယု"

"ဟုတ်လား၊ မနက်ကလဲ လာသေးတယ်၊ မေဘယ်လ် အိပ်နေတယ် ဆိုတာနဲ့ ပြန်သွားပြီး ခုမှလာတာ နေမှာပေါ့"

"ဟုတ်မလား မပြောတတ်ဘူး၊ အဲဒီကိစ္စ ယုကိုပြောမလို့ စောင့်နေတာ၊ ကိုထွန်းလွင် တော်တော်စိတ်မကောင်းဖြစ် နေတယ် ယု၊ မောင်ခံမောင့်ကိစ္စနဲ့ပတ်သက်ပြီး ယုကို သူသိပ် အားနာနေတယ်၊ ယု သူ့ကို အရမ်းအထင်လွဲစိတ်ဆိုးသွား ပြီလို့ ထင်နေတယ်"

ဟာ.... သည်ပြဿနာကလည်း ပြီးပဲ မပြီးနိုင်တော့ပါ လားဟု စိတ်ထဲတွင် ရှုပ်ထွေးသွားသည်။

"ဘာမှမဖြစ်ပါဘူးလို့ ပြောပြီးပြီပဲ မေဘယ်လ်ရာ၊ အဲဒီ ကိစ္စကြီး တို့ စိတ်ကို မဝင်စားတော့ပါဘူး"

"ယု ဘာမှမဖြစ်တော့ဘူးဆိုတာ ကိုယ် သိပါတယ်၊ ကိုထွန်းလွင်ကိုလဲ ဒီအတိုင်း ပြောပြခဲ့တာပဲ၊ ဒါပေမယ့် ကိုထွန်းလွင်က လက်မခံဘူး ဖြစ်နေတယ်"





နံနက်ကကိစ္စကို ဖျတ်ခနဲ သတိရသည်၊ ကားနှင့် လိုက်ပို့ မည် ဆိုသည်ကို ငြင်းပယ်လိုက်ခြင်းအတွက် အမိပ္ပာယ်တစ် မျိုးကောက်သွားပုံရသည်။ သည်လူ့နှယ် ခက်ပါလားဟု အတွေးဝင်လာသဖြင့်....

"လက်မခံလဲ နေလိုက်တော့ မေဘယ်လ်ရာ၊ ပြောမနေနဲ့ တော့၊ ဒီကိစ္စက ဘာမှဖြစ်လောက်တာလဲ မဟုတ်ပါဘူး၊ စိတ်ဆိုးနေတယ်ထင်လဲ ထင်ထင်ပဲ ထားလိုက်ပါတော့၊ ဘာ ဖြစ်လဲ"

"ဟာ....အဲဒီလို မလုပ်နဲ့လေ ယုကလဲ၊ ဒီလိုကြီးတော့ မကောင်းပါဘူး၊ သူအတော် စိတ်မကောင်းဖြစ်နေတာ"

"အဲဒါ ဘာလုပ်ရမလဲ မေဘယ်လ်၊ မေဘယ်လ်လဲ တို့ အကြောင်း သိသားပဲ၊ တို့စိတ်ထဲမှာ အပိုဆာဒါးကိစ္စဆိုလို့ ဘာတစ်ခုမှထားတာမဟုတ်ဘူး၊ ဇာတ်နိုင်သလောက် ခေါင်း ရှင်းရှင်းပဲနေတာ၊ ပြဿနာမရှိ ပြဿနာလဲ လိုက်ရှာနေ တာ မဟုတ်ဘူး"

မေဘယ်လ် မျက်နှာကွက်ခနဲပျက်သည်။ သူအလေးအနက် ထားနေသည့် ကိစ္စကို ယုက ပေါ့ပေါ့တန်တန် လုပ်သည်ဟု ထင်သွားသလား မသိ။

"အေးလေ၊ ဒါဖြင့်လဲ ပြီးတာပဲ၊ ကိုယ်သွားမယ်"

တိုတောင်းစွာ ပြောဆိုပြီး ချာခနဲလှည့်ထွက်သွားသည်။

ယု သက်ပြင်းချလိုက်သည်။

မေဘယ်လိ စိတ်ကောက်သွားတာ သေချာသည်။ နေရင်းထိုင်ရင်း ပြဿနာတက်ရသည်။ ရှင်းရှင်းနေချင်ခါမှ ဘယ်လိုဖြစ်ကြပါလိမ့်ဟု တွေးမိသည်။ အစကတည်းက မေဘယ်လ်နှင့်အဖော်လိုက်သွားမိလျှင်မှည်မျှကောင်းမည်နည်း။ ခုတော့ အလကားနေရင်း သူတို့ ပုံကြီးချဲ့နေသည့် ဖြစ်ရပ်ကြားမှာ စိတ်ညစ်နေရသည်။

သို့သော် သည်လိုမျိုးဖြစ်လာလျှင် ဘယ်လိုလုပ်ရမည်ဟု အလေ့အကျင့်ရနေပြီမို့ စိတ်ရှုပ်လာလျှင် လုပ်တတ်သည့် ထုံးစံအတိုင်း ခေါင်းကို ခါဆတ်လိုက်၍....

“အို....ဘာမှလဲ အရေးကြီးတာမဟုတ်ဘဲနဲ့၊ သက်သက်အလုပ်ပို ခေါင်းရှုပ်မခံနိုင်ဘူး၊ ဖြစ်ချင်ရာဖြစ် ထင်ချင်ရာထင် စိတ်ဆိုးကုန်ကြလဲ မှတတ်နိုင်ဘူး၊ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တာကောင်းတယ်”

အတွေးဆုံးသည်နှင့် အားလုံးကို မေ့ပစ်လိုက်သည်နှင့် တစ်ပြိုင်တည်းလိုလို ဖြစ်သည်။ မေ့လိုက်၍လည်းရသည်။ မေ့သွားသည်နှင့် စိတ်လက်များလည်း လွတ်လပ်ပေါ့ပါးသွားသည်ဟု ထင်မိသည်။

အခိုက်အတန့်အားဖြင့် မေဘယ်လ် သူ့ကို စိတ်ကောက်ချင် ကောက်သွားမည်၊ စိတ်ကွက်ချင်ကွက်သွားမည် ဖြစ်





သော်လည်း ခံစားမှုတစ်ခု လွယ်လွယ်နှင့် ဖြစ်တတ်၍ ပျောက်လျှင်လည်း လွယ်လွယ်နှင့်ပင် ပျောက်တတ်သော မေဘယ်လ်သည် တစ်ခန်းတည်း အတူနေရင်း သိပ်ကြာကြာရှည်ရှည်တော့ ကောက်မည်မဟုတ်။

မေဘယ်လ် စိတ်ပြေပြီ ဆိုသည်နှင့် သည်ပြဿနာကလုံးဝပြီးသွားပေလိမ့်မည်။

တကယ်လည်း သည်ကိစ္စက ဘာမှ အရေးကြီးသည့်ကိစ္စမဟုတ်။

အဲ....ဘာမှအရေးကြီးသော ကိစ္စမဟုတ်ဟု ယု ထင်ခဲ့သည်။

သို့သော်....

သူ့အဆင်တွင် ဘာမှမဟုတ်သော ထိုကိစ္စလေးသည် နောင်အခါ သူ့ဘဝတစ်လျှောက်လုံး ကြေကွဲနာကြည်းစွာ ထိခိုက်ခံစားရမည့် ပြဿနာကြီးတစ်ခု၏ အကြိုဖြစ်ရပ်၊ ပဏာမအာ ျုံးတစ်ခုသာဖြစ်ကြောင်း ထိုစဉ်က ယု လုံးဝမသိခဲ့။

သိစရာလည်း အကြောင်းမရှိ။

မာယာပရိယာယ် များစွာဖြင့် ရှုပ်ထွေး ဆန်းပြားလှသော လောကကြီး၏ ဖြစ်ရပ်များသည် မထင်မှတ်သောနေ

ရာမှ အစပြုတတ်သလို မထင်မှတ်ဖွယ် အကြောင်းလေးတစ်ခုမှလည်း အစပျိုးတတ်သည်။

ယခုလည်း ထိုလောကကြီးသည် ဘဝကိစ္စမှန်သမျှ အဖြောင့်တွေး အဖြောင့်မြင်၊ အဖြောင့်သာ ရင်ဆိုင်တတ်သော လောကဝါး မဝသေးသည့် ယုဆိုသည့် မိန်းကလေးအား ကောင်းစွာ လှည့်စားရက်စက်ရန် အဆင်သင့် ပြင်ဆင်နေလေပြီ။

အားလုံး ပြီးဆုံးသွားပြီဟု ယု ထင်လိုက်သော ဖြစ်ရပ်သည် စင်စစ် ခုမှ အစပျိုးရုံ၊ အပျိုတော်ထွက်ရုံ၊ ဝန်ကြီးလေးပါး ထွက်ရုံမျှသာ ရှိသေးသည်။

* * *

"မေဘယ်လ်၊ တို့ကို စိတ်ဆိုးနေတာလား"

ကျောင်းကနေ ပြန်လာပြီး အဆောင်ရောက်၊ အခန်းထဲဝင်လိုက်သည်တွင် အိပ်ရာပေါ်လှဲနေသော မေဘယ်လ်က တစ်ဖက်သို့ လှည့်လိုက်သည်။ ယုက ပြုံးလိုက်ပြီး မေဘယ့်လ်





တင်ပေါ် မေဘယ့်လ်ဘေး၌ တင်ပါးလွှဲဝင်ထိုင်ရင်း မေးသည်။ မေဘယ့်လ်ထံမှ ဘာသံမှမကြားရ။

ယုက မေဘယ့်လ်လက်မောင်းလေးကို ကိုင်လိုက်ပြီး....

"တို့ တောင်းပန်ပါတယ် မေဘယ်လ်ရာ၊ နေ့လယ်တုန်းက တို့ သိပ်ရိုင်းသွားမိတယ်၊ တစ်မနက်လုံး ကလေးတွေ စာသင်ရလို့ ပင်ပန်းပြီး အလိုလိုစိတ်တိုနေမိတာရယ်၊ ဒီပြဿနာကြီးက ပြီးပဲ မပြီးနိုင်တော့ဘူးလို့ စိတ်ရှုပ်သွားတာရယ်ပေါင်းပြီး တို့ ပြတ်ပြတ်တောင်းတောင်းပြောလိုက်မိတာပါ။ မေဘယ့်လ်ကိစ္စကို တို့ ဂရုမစိုက်တာ မဟုတ်ပါဘူး"

ဆတ်ခနဲ မေဘယ်လ် ထထိုင်သည်။ ယုနှင့်လည်း မျက်နှာချင်းဆိုင် ထိုင်လိုက်၏။ မေဘယ့်လဲ မျက်လုံးအစုံတွင် မျက်ရည်များ ဝေ့လျက်ရှိသည်ကို မြင်လိုက်ရသည်။

"မမေးရင်တော့ မပြောဘဲနေမလို့ပဲ ယု၊ ဒါပေမယ့် ယုက သိချင်လို့မေးတော့လဲ ပြောရမှာပဲ၊ ဟုတ်တယ်....ကိုယ်မင်းကို အရမ်းစိတ်ဆိုးတယ်၊ မင်းစဉ်းစားကြည့် ယု၊ မင်းပြောတဲ့စကားက ပြဿနာမရှိ ပြဿနာလိုက်ရှာနေတာ မဟုတ်ဘူးဆိုတော့ ကိုယ်ကပဲ ပြဿနာတွေ တစ်ထုပ်တစ်ပိုးကြီး မင်းကိုလိုက်ပေးနေသလို ဖြစ်မနေဘူးလား၊ ထားပါတော့ကွာ၊ ကိုယ်ကလဲ မင်းကို ပြဿနာတစ်ခုနဲ့ ခေါင်းရှုပ်အောင် လုပ်မိလိုက်တာကိုး၊ ဒါပေမယ့် မင်းအတွက်လဲ ကိုယ်

ဘယ်လောက် စိတ်မကောင်းဖြစ်သွားတယ်ဆိုတာတော့ မင်း နားလည်ဖို့ ကောင်းပါတယ်”

မေဘယ့်လိစကားကြောင့် ယုရင်ထဲ ထိခိုက်သွား၏။ သူ မှားသွားသည်ဟုလည်း သတိရသည်။

“မဟုတ်ပါဘူး မေဘယ်လ်၊ တို့ ဒီအဓိပ္ပာယ်နဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ တို့ဆိုလိုတာက ဒီပြဿနာအတွက် ဒီလောက်မဖြစ်ပါနဲ့၊ တို့ခေါင်းထဲမှာ ဘာပြဿနာမှ မကျန်တော့ဘူးလို့ ပြောလိုက်တာပါ”

“ကိုယ် နားလည်ပါတယ် ယုရာ၊ ကိုယ်တို့ မောင်မောင်တို့ နေတာထိုင်တာ၊ ပြောတာဆိုတာမျိုး မင်းအမြင်မှာ သိပ်သိက္ခာမဲ့ပြီး ကုန်ကုန်ပြောရရင် အပေါစားဆန်တယ်ဆိုပြီး အထင်သေးချင်တောင် သေးမှာပါ”

“မဟုတ်ဘူး မေဘယ်လ်....မဟုတ်ဘူး”

“နေဦးလေ၊ ကိုယ့်စကားကို ဆုံးအောင် နားထောင်ပါဦး၊ မင်းအနေနဲ့ အဲလိုထင်သည့်တိုင်အောင် ကိုယ် မင်းကို အပြစ်မတင်ပါဘူး၊ အလားတူပဲ ကိုယ်တို့လို လူမျိုးတွေနဲ့ နေရထိုင်ရတာ မင်းရဲ့သိက္ခာကို ဣန္ဒြေကို ထိခိုက်တယ်၊ ဒီလို လူမျိုးတွေနဲ့ အရောဝင်လို့မဖြစ်ဘူးဆိုပြီး ဒီလူတွေ ဒီပြဿနာတွေကို မင်း အမြန်ဆုံး အဆက်အသွယ်ဖြတ်ချင်မှာပဲဆိုတာလဲ ကိုယ် နားလည်ပါတယ်”





“ဒီလိုမဟုတ်ပါဘူး မေဘယ်လ်ရာ”

ယုအသံတွင် မသိမသာ ငိုသံပါသွားသည်။ မေဘယ်လ်က လက်ကာတားရင်း....

“ဟုတ်လဲ မင်းကို ကိုယ် စိတ်မဆိုးပါဘူး ယု၊ မနေ့က စကားဝိုင်းကနေ မင်း ထသွားကတည်းက မင်းကို ကိုယ် ဒုက္ခပေးသလို ဖြစ်သွားပြီ၊ ငါ့အတွက် ယု သက်သက် စိတ်အနှောင့်အယှက် ဖြစ်သွားပြီဆိုပြီး အရမ်း စိတ်မကောင်းဖြစ်ခဲ့တာပါ၊ ဒါကြောင့်လဲ နောက်ကို ဘယ်တော့မှ မင်းကို ဒုက္ခမပေးတော့ပါဘူး ဆိုပြီး နောက် ဒီပိုင်းသွားရင် မင်းကို မခေါ်တော့ပါဘူးလို့ ကိုယ် ပြောခဲ့တာပေါ့၊ ကိုယ် စိတ်ထိခိုက်တာက အဲဒါမဟုတ်ပါဘူး၊ ကိုယ် အင်မတန်ခင်တဲ့ မင်းက ကိုယ်ရှင်းပြမယ့် စကားကိုတောင် နားမထောင်ဘဲ ပစ်ပစ်ခါခါ ပြောထွက်လိုက်တာကို၊ ရန်သူတစ်ယောက်လို ဆက်ဆံ ပိုက်ဘာကို ကိုယ် စိတ်ထိခိုက်တာပါ၊ ဒီနေ့ တစ်နေ့လုံးလဲ မင်းစကားတွေ ကိုယ့်နားထဲက မထွက်ဘူး၊ အဲဒီအတွက် ကိုယ် ဝမ်းနည်းပြီး မျက်ရည်ကျတာလဲ ဘယ်နှစ်ခါမှန်း မသိဘူး ယု၊ ကိုယ် အရမ်းဝမ်းနည်းတယ်ကွာ”

ပြောရင်းနှင့် မေဘယ်လ်က မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ငိုတော့သည်။ ယုရင်ထဲ ဆို့နင့်သွား၏။ မေဘယ့်လ်ကို သူ ဘယ်လိုဖြေရှင်းပြရတော့မည်မှန်း မသိတော့သလို သူပါ ရောပြီး ငိုပစ်လိုက်ချင်လာသည်။

ဟုတ်တော့လည်း ဟုတ်သည်။ နှေခင်းက သူ မေဘယ်လ်ကို ဆက်ဆံလိုက်ပုံက သိပ်ရိုင်းသွားသည်။ သိပ်လွန်သွားသည်။ တစ်ဖက်မှာ ဘယ်လောက် စိတ်ဆင်းရဲထိခိုက်သွားမည်ဆိုသည်ကို လုံးဝ ကိုယ်ချင်းစာ မတွေးခဲ့မိ။

ထိန်းနေသည့်ကြားမှ မျက်ရည်များက တစ်စတစ်စ ပြိုကျလာသည်။ မျက်တောင်ခတ်၍ သိမ်းသည့်ကြားက ပါးပေါ်သို့ မျက်ရည်တစ်စက် တိုးထွက်လာ၏။

"တို့ တောင်းပန်ပါတယ် မေဘယ်လ်ရာ၊ နှေခင်းက တို့ လုပ်လိုက်တဲ့ အပြုအမူက သိပ်ရိုင်းသွားတယ်၊ ဒီအတွက် တို့ကို ခွင့်မလွှတ်ပါနဲ့တော့၊ တို့ကိုယ်တို့လဲ ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူး"

စကားအဆုံးနှင့် မေဘယ်လ်ခုတင်မှနေ ထအပြေး တစ်ပြိုင်တည်းဖြစ်သည်။ ယုက ကိုယ့်ခုတင်ပေါ် ရောက်သည်နှင့် ခေါင်းအုံးကို မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။

အခန်းထဲတွင် တစ်ထပ်တည်းကျ၍ ထွက်ပေါ်လာသော ရှိုက်သံနှစ်ခုသာ လွှမ်းမိုးကြီးစိုးသွား၏။

* * *





"မေဘယ်လ်လွင်....ယုယုမွန်၊ ညွှန့်သည်ရောက်တယ်"

အဆောင်စောင့် အဘိုးကြီး၏ အသံကြောင့် ရှိုက်သံနှစ်ခု တစ်ပြိုင်တည်းရပ်သည်။ ယု မလှုပ်ဘဲ ငြိမ်နေဆဲ မေဘယ်လ် ခုတင်ပေါ်မှ ကပျာကယာဆင်းသည်။ အခန်းထဲသို့ လှမ်းပြောပြီး ညွှန့်စာရင်းစာအုပ်ကိုင်၍ အရှေ့ဘက်လျှောက်ရန် ပြင်နေသော အဆောင်စောင့်ကြီးအား လှမ်း၍....

"အဘ....ခဏလေး"

အဘ ဦးသန်းမောင်က လှည့်ကြည့်သည်။ မေဘယ်လ်က မျက်နှာပေါ်မှ မျက်ရည်စများကို သိမ်းဖယ်လိုက်ရင်း....

"ခဏလေးစောင့်ပါ အဘ၊ ညွှန့်သည်ကို စာတစ်စောင် ပေးလိုက်ချင်လို့"

ဘဘိုးအို ဦးသန်းမောင်အတွက် သည်အဖြစ်မျိုးက အဆန်းမဟုတ်တော့သဖြင့် ဘာမှ ထွေထွေထူးထူး မပြောတော့ဘဲ သူ့မလှုပ်တလှုပ် အမူအရာအတိုင်း ထိုနေရာတွင်ပင် ရပ်နေလိုက်သည်။

မေဘယ်လ်က သူ့စာကြည့်စားပွဲဆီ သုတ်သုတ်လျှောက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ထို့နောက် စားပွဲပေါ်တင်ထားသည့် ဗလာစာအုပ်အသစ်ထုပ်ထဲမှ စာအုပ်တစ်အုပ်ယူ၍ အလယ်စာမျက်နှာကို ဆွဲဖြုတ်သည်။ ထို့နောက် ဘောလ်ပင်ဖြင့် စာသုံးလေးကြောင်း ရေးလိုက်သည်။

ကိုထွန်းလွင်....

မေဘယ်လ်တို့ဆီ ဘယ်တော့မှ မလာပါနဲ့၊
ခင်မင်မှုကို ဒီလောက်နဲ့ပဲ ရပ်လိုက်ပါပြီ၊
နောင်ကိုလည်း ခေါ်ပြောစရာ မလိုတော့ပါဘူး။

မေဘယ်လ်

လုံလောက်ပြီဟု ယူဆ၍ မေဘယ်လ်က စာရွက်ကို ခပ်သွက်သွက်ခေါက်လိုက်ပြီး ရပ်စောင့်နေသော ဘဘိုးအိုထံ ပေးရန် ကုလားထိုင်မှထ၍ နောက်ပြန်လှည့်လိုက်သည်။

"အို...."

မေဘယ်လ် အံ့သြစွာစိတ်ဖြင့် ရေရွတ်လိုက်ဆဲ မျက်ရည်များသိမ်းပြီးနေသော ယုက လမ်းပိတ်ရပ်ထားရာ၌နေ မေဘယ်လ် လက်ထဲမှ စာရွက်ကို ဆတ်ခနဲ လုယူသည်။

မေဘယ်လ် ကြောင်ငေးကြည့်နေဆဲ ယုက စာရွက်ကို မြန်မြန်ဖြန့်၍ သွက်လက်စွာ ဖတ်လိုက်၏။

* * *





"မလိုပါဘူး မေဘယ်လ်၊ ခါတိုင်းလိုပဲ မင်း အဝတ်အစားကော မျက်နှာကော လှအောင်ပြင်လိုက်ပါ"

အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြော၍ စာရွက်ကို လုံးခြေသည်။ ထို့နောက် အခန်းအပြင်သို့ထွက်လိုက်ပြီး....

"ရပြီအဘ၊ အဘ သွားစရာရှိ သွားတော့၊ စောင့်နေတဲ့ ဧည့်သည်ကို ကျွန်မတို့ ကျောင်းက ခုပဲပြန်လာလို့ ခဏတော့ စောင့်ပါလို့ ပြောပေးပါ၊ မေဘယ်လ်လွင်ကိုရော ယုယုမွန်ပါ နှစ်ယောက်စလုံး လာခဲ့မယ်လို့လဲ ပြောပေးပါ အဘ"

သည်အဖြစ်မျိုးကလည်း သိပ် ထူးဆန်းဟန်မတူ၊ ဘဘိုးအိုဦးသန်းမောင်၏ မျက်နှာတွင် ဘာထူးခြားပြောင်းလဲမှုမှ ပေါ်မလာဘဲ မျက်ခုံးနှစ်ဖက်ကိုသာ ပင့်၍ ဧည့်စာရင်းစာအုပ်ကိုသာ တစ်ချက်ဖွင့်ကြည့်ပြီး ဆက်လျှောက်သွားသည်။

ယုက အခန်းထဲပြန်ဝင်လာပြီး သူ့ကို အံ့သြစွာကြည့်နေသည့် မေဘယ်လ်ကို ပြုံးပြလိုက်ရင်း....

"တို့ကိုခင်ရင် တို့ အတူတူ ရေသွားချိုးရအောင်ကွာ၊ စောင့်နေတဲ့ ကိုထွန်းလွင်ကို အားနာဖို့ကောင်းပါတယ်"

ပြောပြောဆိုဆိုနှင့် တန်းပေါ်တွင် အတူကပ်လှမ်းထားသော တဘက်နှစ်ထည်ကို လှမ်းယူလိုက်ပြီး မေဘယ်လ် တဘက်ကို လှမ်းပေးသည်။

ယုထံမှ တဘက်ကို လှမ်းယူရင်း မေဘယ်လ် ယုကို ပြုံးပြ လိုက်၏။

* * *

ဆပ်ပြာတိုက်အပြီး ယုက ဒရလေးငါးခွက်ဆင့်၍ ကိုယ်ပေါ် လောင်းလိုက်သည်။ ထို့နောက် ထဘီအောက်နားဖြင့် ခြေဖမိုး ခြေမျက်စိကို ပွတ်တိုက်ရန် ငုံ့လိုက်စဉ် တခြားအခန်းမှ ရေသံများကြားကိုဖောက်၍ မေဘယ့်လ် အခန်းဘက်မှ အကာနံရံကို လက်ဖြင့်ပုတ်သံ ကြားရသည်။ ထို့နောက် မေဘယ့်လ် အသံ....

"ယု"

ယုက မေဘယ်လ် ကြားသာအောင် အသံကို မြှင့်လိုက်ပြီး....

"ဘာလဲ မေဘယ်လ်၊ ဘာလိုလို့လဲ"

"ဘာမှမလိုဘူး၊ ပြောစရာရှိလို့"

"ပြောလေ"

"စောစောကပြောဖို့ မေ့သွားလို့"

"အင်း....အင်း....ပြော"

"ယု တို့ကို စိတ်မဆိုးနဲ့နော်၊ ယုကိုလဲ တို့ စိတ်မဆိုးဘူး"

"အို...."





ယုရင်ထဲ ကြည်နူးလှိုင်းကလေးများ လှုပ်ရှားသွားသည်။ ကြည်နူးမျက်ရည်လေးများ မျက်လုံးထဲတွင် ရစ်ဝဲလာကြသည်။ နံရံကို ပုတ်သံ ပြန်ကြားသည်။

"ယု ကိုယ်ပြောတာ ကြားလား"

ယု အမှတ်တမဲ့နှင့် ခေါင်းညိတ်သည်။

"ကြားတယ် မေဘယ်လ်၊ ကြားတယ်၊ သိပ်ဝမ်းသာတယ်၊ တို့လဲ နောက်ကို ဘယ်တော့မှ မရိုင်းတော့ဘူး"

ဖြူစင်သွားသော ခြေဖမိုးလေးပေါ်သို့ ပူနွေးသော မျက်ရည်စက်လေးတစ်ခု ကျဆင်းလာ၏။

(၃)

"ကျွန်တော် မှားသွားတာပါ၊ ခုတော့ အလကားသက်သက် ယုဘို့၊ မေဘယ်လ်တို့ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိလိုက်သလို ဖြစ်သွားတာပေါ့၊ တစ်ခုတော့ရှိပါတယ် ယုရယ်၊ ကျွန်တော့်ကိုတော့ မောင်မောင့်လိုလူမျိုးနဲ့ တစ်တန်းတည်းထားပြီး အထင်တော့ မသေးသွားပါနဲ့၊ ကျွန်တော် ဘယ်တုန်းကမှ အဲဒီလို ရမ်းရမ်းကားကား မနေခဲ့ဖူးပါဘူး"

ယုက ထွန်းလွင်စကားကြောင့် မေဘယ့်လ်ကို တစ်ချက် လှမ်းကြည့်သည်။ ပြီးမှ အေးချမ်းစွာ ပြုံးလိုက်ပြီး....

"ဒီလိုတော့ ယုစိတ်ထဲမှာ မဖြစ်ပါဘူး ကိုထွန်းလွင်၊ဘယ်သူဟာ ဘယ်လိုဆိုတာကိုတော့ ယု ခွဲခြားနားလည်တတ်ပါတယ်၊ ကဲပါ....ဒါတွေထားလိုက်ပါတော့၊ ပြီးသွားတဲ့ကိစ္စက ပြီးသွားပြီပဲ"

"ပြီးတာတော့ ပြီးသွားပါပြီ၊ ဒါပေမယ့် ယု စိတ်ထဲမှာ ရှင်းသွားအောင် ပြောတာပါဗျာ၊ ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့ တစ်ယောက် မခင်မင်ခင်က သူ့အကြောင်း ကိုယ့်အကြောင်း သိစရာမလိုပေမယ့် မိတ်ဆွေ သူငယ်ချင်း ဖြစ်လာပြီဆိုတဲ့ အခါကျတော့ သူ့သဘော ကိုယ့်သဘော နားလည်ထားတော့ ပိုကောင်းတာပေါ့"

ယု ခေါင်းညိတ်ရုံသာ ခေါင်းညိတ်၍ တုံ့ပြန်သည်။အားလုံး ပြေလည်ရှင်းလင်းပြီးအချိန်မှာ သည်အကြောင်းကိုသာ ထပ်ပြန်တလဲလဲ တောင်းပန် ဖြေရှင်းနေခြင်းထက် တခြား စိတ်ဝင်စားဖွယ် စကားများ ပြောသည်က ပိုအကျိုးရှိနိုင်သည်ဟု တွက်မိသည်။

ထိုကိစ္စနှင့် ပတ်သက်၍လည်း ဘာမှ ထပ်ပြောဖို့ မလိုအပ်လောက်အောင် ပြည့်စုံနေပါပြီ။ အဆောင်ပေါ်က သူနှင့် မေဘယ်လ် အတူတူ ဆင်းလာကတည်းက ထွန်းလွင်မျက်နှာတွင် စိတ်သက်သာရာရသွားသော အရိပ်အယောင် သိသိသာသာ ပေါ်သွားသည်။





ခါတိုင်းလိုပင် ကဲင်တင်းထိုင်၍ သဘော်သီးဖျော်ရည်မှာသောက်ကြသည်အထိလည်း သည်ကိစ္စကို အပြန်ပြန်အလှန်လှန် တောင်းပန်ပြောဆိုခဲ့ပြီးပြီ၊ တော်လောက်ပြီဟု ယုဆ၏။

ထိုစဉ် ယု မျက်လုံးထဲ၌ ထွန်းလွင်လက်မှ ပတ်တီးကို အမှတ်မထင် သွားမြင်သည်။

"ကိုထွန်းလွင်လက်ကဘာဖြစ်လို့လဲ"

သည်တော့မှ မေဘယ်လ်ကလည်း စကားဝိုင်းထဲဝင်၍...

"ဟုတ်တယ်၊ မေဘယ်လ်လဲ အဲဒါမေးမလို့"

ထွန်းလွင် ရယ်သည်။

"ဘာမှမဟုတ်ပါဘူး၊ မနေ့က အဆောင်က အပြန် ကိုယ့်ကိုယ်ကို သိပ်ဒေါသဖြစ်တာနဲ့ နံရံကို ပိတ်ထိုးထားတာ"

"ကိုယ့်ကိုယ်ကို ဒေါသဖြစ်လို့....ဟုတ်လား"

"ဟုတ်တယ်....မေဘယ်လ်၊ မောင်မောင်လို လူမျိုးကို စကားဝိုင်းထဲ ခေါ်သွင်းလာမိအောင် မိုက်မဲတဲ့ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လို့ ဆုံးမထားတာ"

"ဟာ....ကိုထွန်းလွင်ကလဲ"

မေဘယ်လ်က ကရုဏာသက်သော လေသံဖြင့်ပြောလိုက်သည်။ ယုက ပြုံးလိုက်ပြီး....

"အဲဒါကျတော့ ကိုထွန်းလွင် ပိုမိုက်မသွားဘူးလား၊ လောကမှာ ဒါမျိုးက ထူးဆန်းတဲ့အဖြစ်မှမဟုတ်တာဘဲ၊ ဒါ

မျိုး ကြုတိုင်းသာ ဒီလိုမျိုး မိုက်မိုက်ကန်းကန်း ထိုးဟယ်နှက်ဟယ် လုပ်ရရင် ကြာရင် ကိုထွန်းလွင် လက်ဖြတ်ပစ်ဖို့ပဲ ရှိမှာပေါ့၊ ကိုထွန်းလွင် ပြဿနာတစ်ခုကို ရင်ဆိုင်ပုံရင်ဆိုင်နည်း မှားတယ်လို့ ယုကတော့ အပြစ်တင်ချင်တယ်”

ထွန်းလွင် ကျေနပ်စွာ ခေါင်းညိတ်သည်။

“ဟုတ်ပါတယ်ယု ၊ အမှန်တော့ ယု ပြောသလိုပဲ၊ ကျွန်တော် ပိုမိုက်သွားတာပေါ့၊ ဒီလိုဗျာ....ကျွန်တော့်ဘဝမှာ အမှားအယွင်း ဆိုတာမျိုးကို တတ်နိုင်သလောက် မလုပ်ဖြစ်အောင် အမြဲရှောင်ကြဉ်စောင့်ထိန်းခဲ့တယ်၊ ဒီကြားထဲက အမှားတစ်ခုကို ကျူးလွန်မိသလို ဖြစ်သွားတော့ ကိုယ့်ဟာကိုယ်လဲ သိပ်ရှက်သွားတယ်၊ နောင် ဒီအမှားမျိုး မလုပ်မိအောင်လဲ သတိပေးထားလိုက်မိတာပါ”

ယုက ထိုစကားကို သိပ်လက်ခံချင်ပုံမရ။ ခေါင်းကို ခါယမ်းလိုက်ပြီး တစ်စုံတစ်ခုပြောရန်ပြင်သည်။ သို့သော် မေဘယ်လ်က....

“ခြော်....ဒါနဲ့ စကားဖြတ်ပြောရဦးမယ်၊ ကိုထွန်းလွင် မနက်ဖြန်မနက်စောစော မအားဘူးလား”

“အားပါတယ် မေဘယ်လ်၊ ဘာဖြစ်လို့လဲ”

“ယုက စနေနေ့မနက်စောစော ရွှေတိဂုံဘုရား အမြဲတက်တတ်တယ်၊ မေဘယ်လ်လဲ တစ်ပတ်တစ်ခါတော့ ကုသိုလ်





လေးဘာလေး ရလိုရငြား လိုက်လိုက်သွားတယ်၊ ကိုထွန်းလွင် အားရင် လိုက်ခဲ့ပါလား ပြောမလို့”

“ဟာ....ကောင်းတာပေါ့၊ စနေက ကျွန်တော့်မွေးရက်ပဲ၊ ဒီလိုလုပ်လေ၊ မေဘယ်လ်တို့၊ ယုတို့ စနေတိုင်း ဘုရားတက်ရင် ကျွန်တော်လဲ အမြဲလိုက်ခဲ့မယ်၊ မေဘယ်လ်တို့လဲ သွားရေးလာရေး အဆင်ပြေတာပေါ့၊ မနက် ဘယ်နှစ်နာရီ သွားတတ်လဲ၊ ကျွန်တော် အမြဲလာခေါ်ပေးမယ်”

“ရပါတယ်၊ မေဘယ်လ်တို့ကတော့ မနက်ငါးနာရီခြောက်နာရီလောက် အဆင်ပြေသလို သွားတာပါ၊ သိပ်စောတော့လဲ အဆောင်ရှေ့ကနေ ကားငှားရ ခက်လို့၊ ကိုထွန်းလွင် အဆင်ပြေတဲ့အချိန်ပေါ့”

“ဒါဆို ငါးနာရီ အရောက်လာခဲ့မယ်လေ၊ ကျွန်တော် နောက်ဘက်အပေါက်ကို လာခဲ့မယ်၊ ကျွန်တော်ရောက်ရင် အဆောင်ပေါ်က လှမ်းကြည့်လို့လဲ မြင်ရတာပေါ့”

မေဘယ်လ်တို့ တော်ပုံကို ရင်ထဲကနေ ကျိတ်ချီးမွမ်းမိသည်။ ခုတော့ ပိုရင်းနှီးသွားနိုင်တာပေါ့၊ ပြီးတော့ သိက္ခာကျစရာလည်းမရှိ။ ယု သဘောကျစွာ ပြုံးသည်။

စောစောက ကိုထွန်းလွင်စကားကို အကြောင်းပြု၍ ‘မဟုတ်ဘူး ကိုထွန်းလွင်၊ လောကမှာ အမှားကင်းအောင် နေတယ်ဆိုတာ ကောင်းတဲ့အကျင့်ပေမယ့် လောကရဲ့သဘာ

ဝ အရ လူဆိုဘာ မှားတတ်တာပဲ၊ မှားတာကို မိုက်ပြီး အမှားအတွက် တုံ့ပြန်တာထက် မှန်အောင် ချက်ချင်း ပြင်ပစ်ပြီး အဲဒီအမှားထဲကနေ သင်ခန်းစာယူလိုက်တာက ပိုမကောင်းဘူးလား’ ဆိုသောစကားများ ပြောမယ့် ကိစ္စကို မေ့ပစ်လိုက်သည်။

မေဘယ့်လ်ကိစ္စက ပိုအဓိကကျသည် ဟု ယုထင်၏။

* * *

“ကဲ....ယု ပုတီးစိပ်လိုက်ဦးမယ်နော်၊ မေဘယ်လ် နဲ့ ကိုထွန်းလွင်နဲ့ ဘုရားပေါ် လျှောက်သွားရင် သွားနေကြပေါ့၊ မေဘယ်လ်ကတော့ ဟန်ကျသွားတာပဲ၊ ခါတိုင်းဆို ယုပုတီးစိပ်ရင် သူ့ခမျာ ဒီတိုင်းထိုင်နေရတာ၊ ခု ကိုထွန်းလွင် အဖော်ရှိနေတော့ မပျင်းတော့ဘူးပေါ့”

အဆောင်မှနေ သုံးယောက်သား ထွက်လာကြပြီး ဘုရားပေါ်ရောက်၍ လက်ယာရစ်ပတ်ရင်း ရာဟုထောင့်အရောက် ယုက လက်ပွေ့အိတ်ထဲမှ ဆင်စွယ်ပုတီးလေး ထုတ်လိုက်ပြီး ပြောသည်။





ထွန်းလွင်က ယုကိုကြည့်ရင်း....

“ယုက ဘယ်မှာစိပ်မှာလဲ၊ ဒီရင်ပြင်ပေါ်မှာပဲလား”

“မဟုတ်ဘူး ကိုထွန်းလွင်၊ ရှင်စောပုဘုရားမှာပါ”

“ဘာစိပ်လဲ၊ ဂုဏ်တော်လား”

“ဟင့်အင်း....ဂုဏ်တော်က ညအိပ်ရာဝင်မှာ အမြဲစိပ်တယ်၊ ဒီမှာတော့ အမြဲတမ်း သမ္ဗုဒ္ဓေပဲစိပ်တယ်၊ တစ်ပုဒ်ကိုးတစ်လုံးချ၊ သုံးပတ်ရမှ ပြန်တယ်”

“ဟာ....တယ်ဟုတ်ပါလား၊ ကျွန်တော်တောင် အားကျလာပြီ၊ နောက်အပတ်တွေကျရင် ကျွန်တော်လဲ စိပ်ပုတီးယူလာဦးမှ ထင်တယ်”

ယုက ရယ်၍....

“မလုပ်ပါနဲ့ရှင်၊ မေဘယ်လ်က သူတစ်ယောက်တည်း စောင့်စောင့်နေရတာ ပျင်းလို့ အဖော်ခေါ်လာခါမှ အဖော်ပျက်သွားလို့ ကိုထွန်းလွင်ကို ကောက်နေပါဦးမယ်၊ အတိုင်းပဲ ကောင်းပါတယ်”

ပြောရင်းနှင့် နှုတ်ဆက်၍ ထွက်လာခဲ့သည်။

ကျောခိုင်း၍ လျှောက်လာရင်း ဖြုံးမိ၏။

ခါတိုင်း ဘုရားသွားလျှင် ဘယ်တော့မှ နှိုးမရ၍ လိုက်လာတတ်သော မေဘယ်လ်၊ သည်နေ့တော့ သူကတောင် ရှိယ ပိုနေသေးသည်။ ညက တတွတ်တွတ်မှာသော စကားများလည်း ရှိသေးသည်။

ပြုံးပန်းတစ်ရာစာပေ

"ကိုယ်တော့ စွတ်ပြီး ဖြီးလိုက်တာပဲ ယု၊ ယုနဲ့ အမြဲတမ်း ဘုရားသွားတယ်လို့၊ ယုလဲ စကားမမှားနဲ့နော်၊ ကိုယ် အမြဲတမ်း ပါသလိုပဲပြော၊ ယု ပုတီးစိပ်ရင် ကိုယ်တစ် ယောက်တည်း ပျင်းနေတယ်ပေါ့ကွာ၊ယု ပုတီးစိပ်ရင် ဘယ် လောက် ကြာလဲ"

ယုက တစ်နာရီခွဲ နှစ်နာရီ ကြာသည်ဟု ပြောသည်။

"ဒါဆို ပိုအဆင်ပြေတာပေါ့ကွာ၊ တောက်.... မှား တောင်သွားတယ်၊ ယုက စနေရော တနင်္ဂနွေပါ ဘုရားတက် တတ်တယ်လို့ ပြောလိုက်ရင် အကောင်းသား၊ ကိုယ်လဲ သူ နဲ့ နှစ်ရက်လုံး အပြင်မှာတွေ့ရတယ်၊ ယုလဲ ကိုရိုလာစီးပြီး စတိုင်လ်နဲ့ တစ်ပတ်နှစ်ရက် ဘုရားတက်ရတယ်"

လွယ်ပါတယ် မေဘယ်လ်ရ၊ ဘုရားကျတော့ တို့ပုတီးစိပ် နေတုန်း ပြောပေါ့၊ ယုက ဖြစ်နိုင်ရင် နှစ်ရက်လုံးတောင် လာချင်တာ၊ လိုက်ပို့နိုင်ရင် လိုက်ပို့ပါလို့၊ တို့လဲ တကယ် သွားချင်တာပါ၊ တစ်ယောက်တည်း မနက်ထ,ထသွားရတာ နည်းနည်းခက်လို့ဟု ယုက ပြောသည်။

ခုချိန်ဆို မေဘယ်လ် ထိုစကားများပြောလျှင် ပြောနေ ရော့မည်ဟု တွေးမိသည်။ မေဘယ်လ် လည်သမျှ ကြက်ကြီး လည်လိမ်ထားသလို ငိုက်စိုက်ငိုက်စိုက်နှင့် ပါနေမည့် ကိုထွန်း လွင်ကိုပင် တွေးပြီး သနားသွားမိသည်။ သူ့ခမျာ ပုတီး စိပ်ချင်၍ စိပ်ခွင့်ပင်မရ။





ရှင်စောပုဘုရားမရှေ့ရောက်မှ ယု အတွေးစ ပြယ်သည်။ ပုတီး စ၍ စိပ်သည်နှင့် ယု အာရုံထဲမှာ ဘာမျှမရှိတော့။

* *

မေဘယ်လ်စကားကြောင့် ထွန်းလွင်က အသံထွက်၍ ရယ်လိုက်ပြီး....

"ရပါတယ် မေဘယ်လ်ရ၊ ကျွန်တော်လဲ စနေ တနင်္ဂနွေ ဒီအချိန် ဘာအလုပ်ရှိတာမှတ်လို့၊ ပြီးတော့ ဘုရားပေါ် လာရတာ ကုသိုလ်ရပြီး စိတ်တောင် ငြိမ်းချမ်းသေးတယ်၊ ယုကို ပြောလိုက်ပါ၊ အားနာစရာမလိုဘူး၊ စနေ တနင်္ဂနွေ နှစ်ရက်လုံး ကျွန်တော် လိုက်ပို့ပေးမယ်လို့"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

မေဘယ်လ်က လှပစွာ ပြုံးသည်။

"ယုကတော့ ကိုထွန်းလွင်ကို သိပ် ကျေးဇူးတင်သွားမှာ ပဲ၊ ယုက သိပ်လိမ္မာတာ ကိုထွန်းလွင်ရ၊ ဘုရား တရား သိပ် ကြည်ညိုတာ၊ စိတ်ကောင်းလဲရှိတယ်၊ တစ်ခုပဲရှိတယ်၊ သူ့ လဲ ပြောရတယ်၊ မင်း ဒီလိုနေရင်တော့ အပျိုကြီးဖြစ်မှာပါ ပဲလို့"

ထွန်းလွင်က ရယ်သည်။

"သိပ်တော့ မထူးပါဘူး၊ ကျွန်တော်လဲ ဒီအတိုင်းသွား ရင် လူပျိုကြီးဖြစ်မှာပါပဲ"

"အမယ် စကားခေါ်ပြန်ပြီနော်၊ သူ့ကိုယ်သူများ လူပျိုကြီးဖြစ်ရဦးမတဲ့၊ ခုတောင် ရည်းစားဘယ်နှစ်ယောက်ရှိနေမှန်း မသိတဲ့ လူကများ"

"ဟာ တောက်တီးတောက်တဲ့ဗျာ၊ ဘယ်က ရည်းစားရှိရမှာလဲ၊ ကျွန်တော်လိုကောင်မျိုး ခုခေတ် မိန်းကလေးတွေက သိပ် လက်ခံချင်တာ မဟုတ်ဘူး၊ တိုက်ဂေါ်ကြီး တွေးကြီးထင်မှာပေါ့"

"ဘယ်ဟုတ်မလဲ၊ ကိုထွန်းလွင် မပြောရဲလို့ နေမှာပါ၊ ကိုထွန်းလွင်ကသာ ချစ်တယ်ပြောရင် ဘယ်မိန်းကလေးက ငြင်းမလဲ၊ မယုံရင် ပြောကြည့်လေ"

"ကျွန်တော်က ဘယ်သူ့ပြောရမှာလဲ"

မေဘယ်လ် ရှက်ဟန်လေးနှင့် ရယ်သည်။

"အိုး....ဒါတော့ ဘယ်ပြောတတ်မလဲ၊ ကိုထွန်းလွင် ချစ်တဲ့ သူကို ပြောပေါ့၊ သူက ဘယ်သူ့ ချစ်နေမှန်းမှ မသိတာ"

'ကျွန်တော် ချစ်နေတာ....၊ အင်း....ကျွန်တော်ချစ်နေတဲ့ လူကို ဖွင့်ပြောရင် မေဘယ်လ် စိတ်ဆိုးသွားမှာ စိုးတယ်၊ မပြောတော့ပါဘူးဗျာ၊ ရှိပါစေတော့' ဟု တော်ရုံတန်ရုံ လည်ဝယ်သော ယောကျ်ားလေးဆိုလျှင် ခင်းထားသော လမ်းအတိုင်း သွေးတိုးစမ်း၍ လိုက်လာမှာ သေချာသည်။ ရယ်သလို မောသလို နောက်သလို ပြောင်သလိုနှင့် မထိတထိ တော့ အစပြုထားမှာ သေချာသည်။





သို့သော် ကမ္ဘာ့တုံး ထွန်းလွင်ကတော့ သည်လိုမဖြစ်။ မေဘယ်လ်၏ စကားအဆုံး မျက်နှာတည်ငြိမ်သွားပြီး....

"အေးဗျာ၊ အဲဒီလိုဖြစ်လာရင်တော့ ကုသိုလ်လ်ကောင်းတာပေါ့၊ ဒါပေမယ့် အချစ်ဆိုတာက ဒီလို လွယ်လွယ်ဆုံးဖြတ်လို့ မကောင်းဘူးဗျ၊ ဘဝကိစ္စတွေပါ ထည့်တွေးရသေးတယ်၊ အချစ်နဲ့ဘဝဟာ တောင်ပံခတ်ရာ ကိုယ်ထည်ပါတဲ့ ငှက်လို လိုက်လျောညီထွေမှုရှိမှ ကောင်းတယ်၊ အချစ်ဆိုတာ မျက်စိမပါဘူးဆိုတဲ့စကားအတိုင်း လျှောက်လုပ်နေလို့ ဘယ်ဖြစ်မလဲ၊ ထားပါတော့ဗျာ၊ဒီပြဿနာတွေက ရှည်ရှည်ဝေးဝေးတွေးရမယ့် ပြဿနာတွေပ ."

ဟု ပြော၏။

မေဘယ်လ် အူကြောင်ကြောင်ဖြစ်သွားပြီး ဘာပြန်ပြောရမှန်းပင် မသိ။

"အမယ်....ခုမှ ကျွန်မ နားမလည်တဲ့ သဘောတရားတွေ အဘိဓမ္မာတွေ လာရွတ်မနေပါနဲ့၊နို့....ရှင် ကျွန်မကိုလာပတ်နေတာ ကြိုက်လို့ မဟုတ်ဘူးလား၊ ပြောလိုက်ရ မကောင်းရှိရော့မယ်"

ဟု ပြောလိုက်ရလျှင် မကောင်းရှိရော့မည်။

ပန်းကန်ထဲက ထမင်းလုတ်ကို နောက်စေ့ဘက်မှကော်၍ ပါးစပ်ထဲသွင်းရန် ပြင်နေသည့် ထွန်းလွင်အတွက် မေဘယ်လ် စိတ်ညစ်သွား၏။

*   *

သူ့စကားအဆုံးတွင် မေဘယ်လ် ငြိမ်သက်သွားသည်ကို ကောင်းစွာ သတိမပြုမိ၊ ထွန်းလွင်က သူ ပြောလိုက်သော စကားနှင့် ဆက်စပ်ပြီး ခေါင်းထဲပေါ်လာသော အတွေးစကို သေချာ ပီပြင်အောင် တွေးကြည့်သည်။

"ဟုတ်တယ်၊ အချစ်နဲ့ဘဝဟာ လိုက်လျောပြေပြစ်မှ တစ်သက်လုံး သွားရမယ့်ဘဝအတွက် အဆင်ပြေမယ်၊ မေဘယ်လ်ကိုလဲ ဒီအကြောင်းတွေ သေချာ နားလည်အောင် ပြောပြထားရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့...."

ဘာဖြစ်လို့လဲဆိုတော့ သူနှင့် မေဘယ်လ်ကြားမှာ မထင်ရှားဘဲ သိသာနေသော ကွာခြားချက်လေးများ ရှိနေသည်ဟု အောက်မေ့သည်။ သာမန်အားဖြင့် မေဘယ်လ်မှာ ဘာမှ အပြစ်ပြောစရာ မရှိ။ မောင်မောင်တို့နှင့် ပတ်သက်ပြီး စတွေ့စက မောင်မောင် ပြောပုံဆိုပုံကြောင့် ရှိမည် မထင်သော ကုန္ဒြေနှင့် တည်ငြိမ်မှုလေးများပင် ယခုအခါ သူရှာ၍ တွေ့ထားသည်။ မေဘယ်လ်သည် လည်သော ရှုပ်သော အမျိုးအစား မဟုတ်၊ သွက်၍ ထက်သော်လည်း စိတ်ကောင်းနှလုံးကောင်း အခံလေးများရှိသည်။

သူ့အလှကို သူ့ဘဝအတွက် လိုက်လျောအောင် သုံးကောင်း သုံးမည်ဖြစ်သော်လည်း တန်ဖိုးကို သူ မစွန့်လွှတ်၊ ခေတ်မီရဲတင်း ဖျတ်လတ်ခြင်းနှင့် ကလက်တက်တက် ပျက်ပက်ဘက် အမူအရာကို ထွန်းလွင် ကောင်းစွာ ခွဲခြားနားလည်ပါသည်။





သူကိုယ်တိုင်ပင် မေဘယ်လ်အလှနှင့် မေဘယ်လ် ပွင့်လင်းသွက်လက်မှုကို ဘယ်လိုသဘောကျမှန်း မသိ။ မေဘယ်လ်နှင့်နေရတာ ယောကျ်ားတစ်ယောက်အတွက် ကျေနပ်စရာအပြည့်ရှိသည်။ ယောကျ်ားတစ်ယောက်၏ တောင့်တမှုကို ပြည့်စုံစေနိုင်သော အလှအားလုံး မေဘယ်လ်မှာ အပြည့်အဝရှိသည်။ မက်မောခြင်းနှင့်အတူ စိတ်သည် မကြာခဏပင် စည်းလွန်လွန်သွားမိပါသည်။ စိတ်ဖြင့် မလွန်ကျူးမိသော အလှပစ္စည်းများဟူ၍ မေဘယ်လ်တွင် ခြေသည်းလက်သည်းပင် ကျန်မည်မဟုတ်။

သူလည်း ဒုလိုဘုရားရိပ်တရားရိပ် ငြိမ်းချမ်းတည်ငြိမ်လှသော သန္တရသ အဝန်းအဝိုင်းမှာ မဟုတ်လျှင် ခုလို တွေးမိမည်မထင်။

လှသသိုဆင်တတ်သောမေဘယ့်လ်အလှဘွင် တစ်ရံမလပ်ယစ်မူးတပ်မက်မိသလို မေဘယ့်လ်ကိုယ်မှ သင်းမွှေ့သောရနံ့ကလေးများ၊ မေဘယ့်လ်နှုတ်မှ ချိုလွင်ခွဲနွဲ့စွာ ထွက်လာသော စကားလေးများ၊ ဗိုလ်ခြေတစ်ထောင်တစ်သောင်း ပယ်ရှားရန် ခက်သော သံကွန်ချာထက် ပို၍ ချုပ်နှောင်ဖမ်းစားနိုင်စွမ်း ရှိသည့် မေဘယ့်လ်မျက်လုံး ဝိုင်းစက်တောက်ပပလေးများထံမှ ဆွဲဆောင်မှုပြည့်သော အကြည့်လေးများ အားလုံးသည် သူ့စိတ်ကို ချောက်ချားအောင် အမြဲပြုလုပ်နိုင်သည်။

လူသူကင်းရှင်းသော ဆိတ်ငြိမ်အရပ်တစ်နေရာ၌သာ နှစ်ကိုယ်တည်းရှိလျှင် ထောင်နှင့်တန်းပင် ပန်းစံအိမ်ဟု ထင်မှတ်ပြီး မိုက်မှားမိအောင် မေဘယ်.လ်ကို သူ စွဲလမ်းသည်။ ညအိမ်ရာဝင် အတွေးများကို လူသိမခံရဲအောင် မေဘယ်.လ်အလှ၌ အချုပ်အနှောင်မိသည်။

သို့သော် သတိအခံဖြင့် ခမ္မာအာရုံရှိနေသော ခုလိုအခိုက်အတန့်မျိုး၌သာရှိနိုင်သော အသိဉာဏ်ဖြင့်ဆင်ခြင်လျှင်မူ သူနှင့် မေဘယ့်လ်အကြား၌ ခြားနေသော စည်းပါးပါးလေးတစ်ခု ရှိနေသည်ကို မြင်သည်။

မေဘယ်လ်မှာ ပေါ့သောစရိုက်ကလေးများရှိသည်။

မေဘယ်လ်ကို မေဘယ်လ်ချည်းသက်သက်ထား၍ မသိသာသော်လည်း ယုနှင့် ယှဉ်ကြည့်လိုက်လျှင်မူ မေဘယ်လ်က ပေါ့နေသည်။ အလှအားဖြင့် မေဘယ်လ်နှင့်ယှု ယှဉ်လျှင် သူ့အလှနှင့်သူ အတော်လှသောယုသည်ပင် မေဘယ်.လ် အပါး၌တစ်ပင်တိုင် ထိပ်ထားနားမှ ရံရွေဘော်လောက်သာ ဖြစ်သွားသည်။ သို့သော်....အနေအထိုင် အတွေးအခေါ်နှင့် စရိုက်ခလေ.လေးများကျတော့ ယုက မနိုင်းသာအောင် သာနေသည်။

ယုဆိုသည့်မိန်းကလေးက ဘဝတွင် ဘာတစ်ခုကိုမှ ပေါ့ဆစွာ တွေးပုံမရ။ယုအတွက် တစ်လောကလုံးက လေးနက်သလို ယု၏ အလေ.အထ အပြောအဆို အနေအထိုင်အားလုံး သူ့ထုထည်နှင့်သူ သိပ်သည်းနေသည်။





စံဆိုသောမိန်းမသည် မေဘယ်.လ်ကိုယ်နှင့် ယုစိတ်ပေါင်းပါမှ ဖြစ်မည်ဟု ထွန်းလွင် ခံစားမိသည်။

မေဘယ်လ်ကို ယုစိတ်နှင့်ဖြစ်လာအောင် တဖြည်းဖြည်းတော့ လမ်းကြောင်းပေးရမည်ဟု တွေးမိသည်။

"တွေးလှချည်လား ကိုထွန်းလွင်....ဘာလဲ၊ ဘုရားပေါ်ရောက်နေလို့ လောကကြီးကို ငြီးငွေ့ပြီး သာသနာ့ဘောင်ဝင်တော့မယ်လို့ ကြံနေပြီလား"

မေဘယ်.လ်အသံဖြင့် အတွေးမှ လန့်နိုးသည်။

ထွန်းလွင် ရယ်လိုက်၏။

"အေးဗျာ....ကျွန်တော်တွေးတာ နည်းနည်းများသွားတယ်"

မေဘယ်.လ်ကိုပြောရင်းနှင့် ကိုယ့်.ကိုယ်ကို သတိပေးလိုက်ခြင်းလည်း ဖြစ်သည်။

နှုတ်ခမ်းနာနှင့်တည့်မတည့် စဉ်းစားရန် မုန့်ဆီကြော်ကမ်းပင်မမွှေးရ၊ ဆန်ကောက်ညှင်းပင် မကြွတ်ရ သေးကြောင်းသတိရခြင်းကြောင့် ဖြစ်၏။

ပြုံးပန်းတစ်ရာစာပေ

(၄)

ယုက ပုတီးစိပ်အပြီး ဘုရားဝတ်ပြု၊ အမျှအတန်းဝေ၊ မေတ္တာပို့သည်။ အားလုံးပြည့်စုံမှ ညောင်းညာနေသော ခြေထောက်ကို လက်ဖြင့်အသာထိန်း၍ နေရာရွှေ့ရင်း နောက်ဘက်သို့ လှည့်ကြည့်သည်။

"ဟင်....ဘယ်တုန်းက ရောက်နေကြလဲ...."

သူ့နောက်တွင်း ဘာသံမှမပြုဘဲ ဝင်ထိုင်နေကြသော ထွန်းလွင်နှင့် မေဘယ်လ်ကိုတွေ့သဖြင့် အံ့ဩသံလေးနှင့် မေးလိုက်သည်။

ထွန်းလွင်က ပြုံး၍....

ပြုံးပန်းတစ်ရာစာပေ

"သိပ်မကြာသေးပါဘူး ယု၊ ခုနကမှ ရောက်တာပါ၊ ယု အာရုံမှတ်တာ ပျက်သွားမှာစိုးလို့ အသံမပြုဘဲ နေကြတာ"

"ဩော်....အားနာဖို့တောင် ကောင်းသွားပြီ၊ ယုကို အလကား လာစောင့်နေကြတယ်၊ တစ်နေရာရာမှာ အေး အေးဆေးဆေး စကားပြောနေကြ ပြီးရော၊ ယု ပြီးတော့ လိုက်ရှာသာခဲ့မှာပေါ့"

"ကိစ္စမရှိပါဘူး ယုရာ၊ ကျွန်တော်လဲ ယုကိုကြည့်ရင်း အားကျနေတာ၊ ယုကိုကြည့်ရတာ သိပ်အေးချမ်းတာပဲ"

ယုက မေဘယ်လ်ကို အားတုံ့အားနာ တစ်ချက် လှမ်း ကြည့်သည်။ မေဘယ်လ်ကတော့ ဘာမှ သတိထားမိပုံမပေါ်။ ယုကိုသာ ပြုံးကြည့်ရင်း....

"သူလဲ ပုတီးစိပ်ချင်နေသတဲ့ ယုရာ၊ ကိုယ့်တောင် အဖော် လာစပ်နေသေးတယ်၊ ကိုယ်ကတော့မဖြစ်ပါဘူး၊ အဲလောက် လဲ စိတ်မရှည်ဘူး၊ အဲဒါကြောင့် ကိုထွန်းလွင် သိပ်ဆန္ဒရှိရင် စိပ်ပေါ့၊ မေဘယ်လ် စောင့်ရတာ မပျင်းအောင် ဝတ္ထုစာ အုပ် တစ်အုပ် ယူလာခဲ့မယ်လို့ ပြောထားတယ်"

ယုက ထွန်းလွင်ဘက်လှည့်ရင်း....

"စိတ်သာ အဓိကပါ ကိုထွန်းလွင်ရယ်၊ ဘုရားပေါ်စိပ်မှ မဟုတ်ပါဘူး၊ အိမ်မှာလဲ အေးအေးဆေးဆေး စိပ်လို့ရတာ ပဲ၊ ယုနဲ့ တူတူတော့ မစိပ်ပါနဲ့၊ မေဘယ်လ် ပျင်းနေပါ့မယ်"

"အဲဒါကြောင့် မေဘယ့်လ်ကိုပါ အဖော်ညှိတာပေါ့ ယုရ၊ သူက နည်းနည်းမှ အဖော်စပ်လို့မရဘူး ဖြစ်နေတယ်"





"ဩော်....ဒါကတော့ ဒီအရွယ်မှာ ဘယ်သူ စိတ်ရှည်မလဲ ကိုထွန်းလွင်ရာ၊ ယုသာ အဘွားအိုကြီးလေးလို ဖြစ်နေလို့၊ တရားနဲ့တရားနဲ့ ဖြစ်နေတာပဲ၊ ဘာလဲ....ဒီအရွယ်မျိုးမှာ ဒါမျိုး ဝါသနာပါတာ ဘုန်းကြီးဝတ်မလို့လား"

မေဘယ့်လ် လှောင်တောင်တောင်စကားကြောင့် ထွန်း လွင် စိတ်မောတ်နည်းနည်းကျသွားသည်။

မေဘယ်လ်နှင့် သူ့ကြားမှာ တဖြည်းဖြည်း ကွာခြားချက် တွေ များလာလိမ့်မည်ဟု စိတ်ထဲက တွေးနေလိုက်၏။

* * *

ဘုရားပေါ်မှပြန်ဆင်း၍ ကားပေါ် ပြန်တက်ကြသည်။

ထွန်းလွင်က နောက်ခန်းတွင်ထိုင်နေသော နှစ်ယောက် ဘက် လှည့်လိုက်ပြီး....

"ဘယ်သွားချင်သေးလဲ မေဘယ်လ်၊ ကျွန်တော်ကတော့ ဒီနေ့အားပါတယ်၊ မေဘယ်လ်တို့ ယုတို့ သွားချင်တဲ့နေရာ ရှိရင် ပြော"

ယုက ဘယ်မှ မသွားတော့ပါဘူးဟု ပြောလိုက်မည် လုပ် သေးသည်။ သို့သော် ဤအဖြေက သူပေးဖို့ထက် မေဘယ်လ် ပေးရမည့်အဖြေမို့ မေဘယ့်လ်ဘက် လှည့်ကြည့်သည်။ မေ ဘယ်လ်က မျက်ခုံးနှစ်ဖက်ပင့်၍ စဉ်းစားသလိုလုပ်ပြီး....

"ဗိုလ်ချုပ်ဈေး ဒီအချိန်လောက်ဆို ဖွင့်ပြီလား မသိဘူး နော်၊ လက်သည်းဆိုးဆေးနဲ့ ရေမွှေးကုန်နေလို့ သွားဝယ်ချင်လိုက်တာ"

"အင်း....ရတယ်၊ မေဘယ်လ်က လက်သည်းဆိုးဆေးနဲ့ ရေမွှေး၊ ယုကော ဘာဝယ်ဦးမလဲ"

"ဟင့်အင်း....ယု ဝယ်စရာမရှိပါဘူး ကိုထွန်းလွင်"

"ဒါဖြင့် ဒီလိုလုပ်လေ၊ နည်းနည်းစောသေးတယ်၊ ဗိုလ်ချုပ်ဈေးက ဆိုင်စုံအောင်ဖွင့်မှာ မဟုတ်သေးဘူး၊ တစ်နေရာရာမှာ တစ်ခုခုစားပြီးမှ သွားတာပေါ့"

"အို....ပိုအဆင်ပြေတာပေါ့၊ သွား....အဲဒါက ပိုကောင်းတယ်"

မေဘယ်လ်က သွက်လက်စွာဝင်ပြောသဖြင့် ယု ရင်မောမောနှင့် ငြိမ်နေလိုက်ရသည်။ ယုသဘောသာ ဆိုလျှင်တော့ သွားလည်း မသွားချင်၊ စားလည်း မစားချင်။ သည်ကားပေါ် လိုက်စီးနေရတာကိုက လိပ်ပြာ သိပ်မလုံချင်၊ အသိမိတ်ဆွေများထဲက တစ်ယောက်ယောက်တွေ့သွားမှာ စိုးသည်။ ကျောင်းထဲမှာ သူငယ်ချင်း ယောကျ်ားလေးတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ထိုင် ဘာဆိုင်ထိုင်ထိုင် ကိစ္စမရှိ၊ အပြင်မှာဆိုလျှင် အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားနိုင်သည်။

"မေဘယ်လ်ချည်းပဲ ကောင်းမနေနဲ့ဦးလေ၊ ယုလဲ မေးကြည့်ဦး၊ ဘာစားမလဲလို့"

ယု ခေါင်းခါသည်။





"ယုကတော့ ဘာမှမစားချင်ပါဘူး ကိုထွန်းလွင်၊ ကိုထွန်းလွင်တို့၊ မေဘယ်လ်တို့ စားချင်တာပဲ သွားစားကြပါ၊ ယုကို ထည့်မတွက်ပါနဲ့"

"ဟာဗျာ....ယုကလဲ သူစိမ်းဆန်လိုက်တာ"

"မဟုတ်ဘူး ကိုထွန်းလွင်၊ ယုပြောတာက ယုမှာ ထွေထွေထူးထူး စားချင်တာ မရှိပါဘူး၊ ကိုထွန်းလွင်တို့ စားတာပဲ လိုက်စားနိုင်ပါတယ်လို့ ပြောတာပါ"

"အဲဒီလိုပြောပါဗျာ၊ ကဲ....ဒါဖြင့် မုန့်ဟင်းခါး ကောင်းကောင်းရတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ကျွန်တော်သိတယ်၊ ဒဂုံ အ-ထ-က ၁ ကျောင်းနားမှာ၊ အဲဒီသွားတာပေါ့"

ကားကလေးက ငြိမ့်ငြိမ့်ညောင်းညောင်း မောင်းထွက်သည်။ သီတင်းကျွတ်နားနီးပြီ၊ မိုးအရွာ ကျဲသွားပြီဖြစ်သော မိုးသည် မသိမသာမျှသာ အုံ့ဆိုင်းနေ၏။

* * *

စုစုပေါင်း ဗိုလ်ချုပ်ဈေးကို ခုနစ်ပတ်လောက် ပတ်မိပြီထင်သည်။ ကိုယ်က ခုချိန်မှာ လိုက်ပို့သူ သက်သက်မို့ ယုနှင့်

မေဘယ်လ် နှစ်ယောက်ကို အသာလွှတ်ပေးပြီး နောက်မှနေ ခပ်ခွာခွာလိုက်သည်။ ရောက်ရောက်ချင်း ဝယ်ကြသော အလှကုန်ဆိုင်ရှေ့ ဘယ်နှစ်ခေါက်မြောက်မှန်းမသိ ပြန်အရောက် ယုက....

"ဝယ်လို့ပြီးရင် ပြန်ကြမလား မေဘယ်လ်၊ ကိုထွန်းလွင့်ကို အားနာပါတယ်"

သည်တော့မှ မေဘယ်လ်က လှည့်ကြည့်ပြီး....

"ပျင်းပြီလား၊ ညောင်းပြီလား ကိုထွန်းလွင်"

"ရပါတယ်"

"ဒါဖြင့် ဒီလိုလုပ်၊ ကိုထွန်းလွင် ဒီနားက ခဏစောင့်ချင်စောင့်၊ မေဘယ်လ် ခုမှသတိရလို့ ဘရာစီယာလေးတစ်ထည် နှစ်ထည် သွားဝယ်လိုက်မယ်၊ လာ....ယု၊ ဒီဆိုင်ထင်ပါရဲ့၊ ကိုယ့် လိုက်တိုင်းပေးပါဦး"

ယုက ကိုထွန်းလွင်ကို အားနာဟန်ဖြင့် တစ်ချက် လှမ်းကြည့်သည်။ ထွန်းလွင်က ပြုံးသာပြလိုက်၏။ ရပါတယ် ဆိုသော သဘော။

ရတာတော့ မရစရာမရှိမို့ ရလိုက်ရသော်လည်း ထွန်းလွင်စိတ်ထဲ တစ်မျိုးဖြစ်လာသည်။ မေဘယ်လ်နှင့် သူနှင့် ဖြစ်ပါ့မလားဆိုသော အသိက သိသိသာသာ ဝင်လာသည်။

တစ်ဖက်ကလည်း ဘာကြောင့်မှန်းမသိ ယုကို ပိုပြီး သဘောကျနေသည်။

ဘုရားပေါ်တုန်းက တစ်ခါ။





စောစောက မုန့်ဆိုင်မှာ စားတုန်း သောက်တုန်းက
ည်း သတိထား ကြည့်နေမိသည်။ အရာရာတွင် မေဘယ်လ်
တင်းဖျတ်လတ်သလောက် ယုက ထိန်းသိမ်း သေဝပ်
ည်။

မုန့်ဆိုင်တုန်းက အဖြစ်က သိပ်ဆန်းဆန်းပြားပြားတော့
ဟုတ်။ စကားလေး တစ်ခွန်းမျှသာ။

မုန့်ဟင်းခါးစားရင်း မေဘယ်လ်က....

"မုန့်ဟင်းခါးကြီးက ကောင်းလဲမကောင်းဘူး၊ စားရင်း
ားရင်း အန်တောင် အန်ချင်လာတယ်"

မေဘယ့်လ်အသံက အနည်းငယ် ကျယ်သွားသဖြင့် ယုက
ားနာသော မျက်နှာဖြင့် ဘေးဘီကို ကပျာကယာ ကြည့်
ည်။ တော်သေးသည်။အနားမှာ ဘယ်သူမှမရှိ။ သည်တော့
ခပ်တိုးတိုးလေသံဖြင့်....

"မဆိုးပါဘူး မေဘယ်လ်ရယ်၊ ရောင်းတမ်းကတော့ ဒီ
လာက်ပဲပေါ့"

"ဟင့်အင်း၊ မင်းစားနိုင်ရင် ဆက်စား၊ ကိုယ်ကတော့
ုံးဝ စားလို့မရဘူး၊ ကြည့်တာနဲ့တောင် ပျို့လာပြီ"

"ဒါဖြင့်လဲ ထားလိုက်လေ၊ မေဘယ်လ်ကြိုက်တာ တစ်ခု
စားပေါ့"

"မစားချင်တော့ပါဘူး၊ ဆိုင်ကြည့်ရတာ ဘာမှလဲ
ကောင်းမှာမဟုတ်ဘူး၊ ကိုထွန်းလွင်မို့လို့ ဒီဆိုင်မျိုး လာ
းတယ်"

"အို....မေဘယ်လ်ကလဲကွာ၊ သူလဲ ဘယ်သိမလဲ၊ ကောင်း
မယ်ထင်လို့ ခေါ်လာတာနေမှာပေါ့"

ယုနှင့် မေဘယ်လ် ပြောနေကြသည့် စကားများကို ထွန်း
လွင် ပြုံးကြည့်ရင်းသာ နားထောင်လိုက်သည်။ မုန့်ဟင်း
ခါးကလည်း သည်နေ့မှ ဘယ်လိုဖြစ်၍ ညံ့နေသည်မသိ၊ ခါ
တိုင်း တော်တော်ကောင်းသည့်ဆိုင် ဖြစ်သည်။

"ကိုယ်ကတော့ မရဘူးကွာ၊ မင်းလို သည်းညည်းမခံ
တတ်ဘူး၊ မကောင်းရင် မကောင်းဘူး ပွင့်ပွင့်လင်းလင်းပဲ"

ယုက အေးချမ်းစွာ ပြုံးသည်။

"မုန့်ဟင်းခါးက မကောင်းတာပါ မေဘယ်လ်ရာ၊
ကိုထွန်းလွင်ကျွေးတဲ့ စေတနာက မကောင်းတာမှ မဟုတ်
ဘဲ"

မေဘယ်လ်က ထွန်းလွင်ဘက် မျက်စောင်းတစ်ချက်
ချီသည်။

"ဘယ်ပြောလို့ရမလဲ ယုရ၊ စေတနာနည်းလို့ ပြီး
လွယ် ကျွေးလိုက်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

ထိုစဉ်ကတော့ ထွန်းလွင် ပြုံးမဲ့ ပြုံးနေလိုက်၏။

* * *

ဘာမှ ထူးခြားလှသည်တော့ မဟုတ်။

သို့သော် သတိထားပြီး ဂရုစိုက်နေမိသည့် သူ့အမြင်တွင်
မူ နှစ်ယောက်အကြား သိသိသာသာ ကွာခြားနေသည်။





ဗိုလ်ချုပ်ဈေးမှာ ဈေးဝယ်တာကအစ ထွန်းလွင် သတိ
ထားမိသည်။ ယုက သူ တကယ် အသုံးလိုဟန်တူသော ကိုယ်
လိမ်းပေါင်ဒါဘူးလေး တစ်ဘူးသာ ပစ္စည်း မှန်မမှန် သေ
သေချာချာကြည့်၍ ဈေးဆစ်ဝယ်လိုက်သည်။ မေဘယ်လ်က
အသုံးလိုတာရော မလိုတာရော မျက်စိထဲ တွေ့ တွေ့သလို ဟို
ဟာ ကောက်ဝယ်လိုက် သည်ဟာကောက်ဝယ်လိုက်နှင့် တစ်
ဈေးလုံး ဆိုင်စုံကြည့်ပြီးသည့်တိုင် ဝယ်၍ အားရဟန် မတူ
သေး။

"အင်းလေ....ဒါကတော့ လှတဲ့သူကိုး၊ ကိုယ့်ကိုယ်ကို
လှအောင်ဆင်ဖို့ ဒီလိုပဲ အပင်ပန်းခံရတာပေါ့" ဟု ပြော
မည်ဆိုလျှင်ဘော့ ပြောစရာရှိသည်။

သို့သော်....မိန်းမ၊ သူ ရွေးချယ်ရမည့် မိန်းမသည် ဘယ်
လိုမိန်းမမျိုးဖြစ်သင့်သည် ဆိုသည်ကိုတော့ ထွန်းလွင် မေ့
မပစ်။

သူ့စိတ်ထဲမှာ တဖြည်းဖြည်း ယုကို သဘောကျလာသည်။
ဤသည်တို့မှာ နောင်အခါတွင် ထွန်းလွင်က မေဘယ့်လ်ကို
ဦးတည်ထားရာမှ ဘာကြောင့် ယုကို ရွေးချယ် ချစ်ခွင့်ပန်ရ
ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းပြသည့် စကားများမှ ယု သိ
ရသော အချက်အလက်များ ဖြစ်၏။

(၅)

"ကျွန်တော် ယုကို ပြောလိုက်ရင် ယုများ အံ့သြသွားမလား မသိဘူး၊ ဒါပေမယ့် ကျွန်တော် ပြောပါရစေ ယု၊ ယုကို ကျွန်တော် ချစ်တယ်"

"ရှင်...."

မိုးနှင့် မြေကြီး နေရာပြောင်းလိုက်သည်ကို တွေ့လိုက်ရသကဲ့သို့ ယု တစ်ကိုယ်လုံး အံ့သြချောက်ချားလွန်းသွား၏။ လုံးဝ တွေးထင်ထားမိခြင်း မရှိသောအဖြစ်။ လုံးဝဖြစ်နိုင်စရာ မရှိသော ကိစ္စ။ ထွန်းလွင်ဆိုသည့်ပုဂ္ဂိုလ် ရူးသွပ်သွားပြီလားဟု ရုတ်တရက် ထင်မှတ်မိလိုက်သည်။

ဖြိုးပန်းတစ်ရာစာပေ

"ဟုတ်တယ်ယု....ကျွန်တော်ပြောရင် ယု သိပ်အံ့ဩသွားမယ်ဆိုတာ ကျွန်တော် ကြိုတွက်ထားပြီးသားပါ၊ ဒါပေမယ့် ကျွန်တော့်စကားကို မယုံမရှိပါနဲ့၊ ပစ်ပစ်ခါခါလဲ မစဉ်းစားပါနဲ့၊ ကျွန်တော် လေးလေးနက်နက် တွေးပြီးမှ ဒီစကားကို ပြောတာပါ ယု၊ ကျွန်တော် တကယ် ယုကို ချစ်တာပါ"

အမှန်ဝန်ခံရလျှင် ယု ဘဝတစ်လျှောက် ချစ်ရေးဆိုခံရခြင်းဟူသည် အဆန်းမဟုတ်။ သို့သော် တစ်ခါမှသည်လောက် မတုန်လှုပ်မိပေ။

ထိုနေ့က ယု အတန်းရှိရာသို့ ထွန်းလွင် ရောက်လာသည့်အခါ အမူမဲ့ အမှတ်မဲ့ပင် ယု ကမန်းကတန်း ထွက်တွေ့သည်။ စိတ်ထဲတွင် မေဘယ်လ်ကို အင်္ဂလိပ်ဌာနဘက် သွားရှာရာက မတွေ့သဖြင့် သူ့ဆီ စုံစမ်းမေးမြန်းရအောင် လာခြင်းပဲ ဖြစ်မည်ဟု တွက်လိုက်သည်။

သို့အတွက် အပြင်ရောက်ရောက်ချင်းပင် ကိုထွန်းလွင်ကို လှမ်းမေးမိသည်။

"မေဘယ်လ်ကို မတွေ့ခဲ့ဘူးလား ကိုထွန်းလွင်၊ စာသင်ခန်းထဲမရှိရင် ကင်တင်းမှာရှိရင် ရှိမှာပေါ့၊ သွားကြည့်ပြီးပြီလား"

ထွန်းလွင်က ပြုံးပြီး ခေါင်းခါသည်။





"ကျွန်တော် မေဘယ်လ်ဆီလာတာ မဟုတ်ဘူးယု၊ မေဘယ်လ်မပါဘဲ ယုနဲ့ ပတ်သက်တဲ့ စကား ပြောစရာရှိလို့ လာခဲ့တာပါ"

သည်အထိလည်း သိပ်ထူးဆန်းသည်ဟု မထင်။ ခုဆိုလျှင် မေဘယ်လ်နှင့်ကိုထွန်းလွင် စတွေ့၍ ကြားထဲမှာ သူပါ ကန့်လန့်ကန့်လန့်ပါပြီး ရင်းနှီးနေကြတာ လေးငါးခြောက်လလောက်ပင် ရှိပြီ။ သို့သော် ခုထိ ကိုထွန်းလွင် မေဘယ်လ်ကို ချစ်ခွင့်မပန်သေး။

ပြောရ ခက်နေလို့လား၊ မပြောရဲလို့ပဲလား၊ သို့မဟုတ် တစ်ဖက်က သေချာနေမှန်းသိ၍ ပြောစရာ သိပ်မလိုတော့သောစကားကို အလောတကြီး မပြောဘဲ ထားနေတာလား၊ ဝေခွဲမရနိုင်သည့်တိုင် ယု စိတ်ထဲမှာ ထိုနှစ်ယောက်ကို ချစ်သူများအဖြစ်နှင့်ပင် သတ်မှတ်ထားခဲ့သည်။

ခုလည်း ယုနှင့်ပတ်သက်၍ တွေ့ချင်သည် ဆိုသည့်စကားအတွက် ရင်ထဲမှာ ဘာမှ မဖြစ်၊ မေဘယ်လ်နှင့် ပတ်သက်၍ မေးစရာ ကျန်နေ၍ပဲလား၊ သို့တည်းမဟုတ် မျက်နှာချင်းဆိုင် ဖွင့်မပြောရဲသော ကိစ္စအတွက် ယုထံ တစ်စုံတစ်ရာ အကူအညီတောင်းရန်ပဲလား၊ တစ်ခုခုတော့ ဖြစ်မည်ဟု ယု တွက်၍ အေးအေးသက်သာပင် တုံ့ပြန်ပြုံးရင်း....

"အင်း....ပြောပါဦး ကိုထွန်းလွင်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော် ကိုထွန်းလွင်၊ မေဘယ့်လ်အကြောင်းနဲ့

ပတ်သက်ပြီးပြောရမယ်ဆိုရင်တော့ ယုက မေဘာယ့်လ်ဘက်ကပဲ ရှိရမှာနော်၊ မေဘာယ်လ်က ယုသူငယ်ချင်း”

ဟုပင် နောက်သလိုလုပ်၍ အရံအကာလေး လုပ်ထားလိုက်သည်။ ပြောသို့ရသည်မဟုတ်။ ‘ကျွန်တော်ကတော့ မေဘယ်လ်ကိုချစ်နေတာ ယုသိပါတယ်၊အဲဒါမေဘာယ့်လ်သဘောက ဘယ်လိုရှိသလဲဆိုတာ အရိပ်အမြွက်လောက် ပြောပြပါလား ယုရာ၊ ကျွန်တော်ဖွင့်ပြောရင် မေဘာယ်လ် လက်ခံနိုင်ပါ့မလား’ ဘာလား စသည်ဖြင့် စကားထောက်လာလျှင် မိန်းမချင်း ဘေးဆီးရန်ကာ တတ်နိုင်သလောက် တန်ဖိုးမြှင့်ထားပေးဖို့လိုသည်။

ယုက ရယ်သလို မောသလို ပြောလိုက်သော်လည်း ထိုအခါကျမှ ထွန်းလွင်မျက်နှာ သိသိသာသာ တည်ငြိမ်သွားသည်။

ပြီးမှ....

“ခဏလေး အချိန်ရရင် ဟိုဘက်နား ခဏ လမ်းလျှောက်လိုက်ခဲ့ပါဗျာ၊ ဒီနားကြီးမှာ မပြောချင်လို့ပါ”

နည်းနည်းတော့ ဆန်းသလို ဖြစ်သွားသည်။ စိတ်ထဲမှာ စိုးလှည်း စိုးရိမ်သွားသည်။ မေဘာယ့်လ် ကွယ်ရာမှာလာပြီး ပြောနေသော စကားမို့ မေဘာယ်လ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ မကောင်းသတင်းများ ကြားမိလို့လား၊ သို့မဟုတ်





မေဘာယ့်လ်အပေါ် တစ်ခုခု ခုနေလို့လား ပူသွားသည်။သို့သော် ကိစ္စတော့ သိထားမှဖြစ်မည်။တစ်ထိုင်ထည်း ရှင်းပေးလို့ ရလျှင်လည်း ရှင်းပေးလိုက်မည်။ သို့မဟုတ် မေဘာယ်လ်နှင့် တိုင်ပင်ပြီး ရှင်းမှဖြစ်မည်ဆိုလျှင်လည်း တိုင်ပင်ဖို့အချိန်ယူထားလိုက်မည်။ နားထောင်ထားလိုက်တာ မမှားဟု ယူဆသည်။ ထို့ကြောင့်။

“သွားလေ....ရပါတယ်”

ထွန်းလွင်နှင့်အတူ လမ်းလျှောက်လိုက်ခဲ့သည်။

စားသောက်တန်းနောက်ဘက်မှနေ၍ သဆုံလမ်းပေါ် ကူးသည်။အင်းလျားလမ်းပေါ်သို့ ဖြတ်ချိုးဝင်သော လမ်းကွေ့၊ ရေစင်ကြီးအနီး အရောက်တွင်....

“ပြောလေ....ကိုထွန်းလွင်....ဘာအကြောင်းလဲ”

ကိုထွန်းလွင်က ရှက်ကိုးရှက်ကန်း တစ်ချက်ပြုံးသည်။ ပြီးမှ အေးဆေးသော လေသံဖြင့်....

“ကျွန်တော် ယုကို ပြောလိုက်ရင် ယုများ အံ့ဩသွားမလား မသိဘူး”

အစချီ၍ ‘ယုကို ကျွန်တော် ချစ်တယ်’ ဆိုသော စကားကို ပြောသည်။

ယုအတွက် ကောင်းကင်သည် မြေကြီးဖြစ်၍၊ မြေကြီးသည် ကောင်းကင်ဖြစ်သွား၏။

● ＊ ●

အတန်ကြာမှ ယုမျက်နှာ နွေးထွေးနီရဲရန် သတိရသည်။

နောက်နေသည်လည်း မဟုတ်နိုင်၊ နောက် စ ရာ လည်း မဟုတ်။ နောက်လျှင်လည်း သည်းခံစရာ ကိစ္စမှမဟုတ်သဖြင့် ယု သိသိသာသာ တည်ပစ်လိုက်သည်။

"မဟုတ်တာ မပြောပါနဲ့ ကိုထွန်းလွင်၊ လောကမှာ ယောကျ်ားဆိုတာ တည်တံ့မှ ကောင်းပါတယ်၊ စိတ်ထင်တိုင်း လျှောက်လုပ်ရအောင် ဒီကိစ္စဟာ ကစားစရာ မဟုတ်ပါဘူး၊ ကိုထွန်းလွင် ဒီစကားကို မေဘယ်လ်နဲ့ပဲ ပြောပါ၊ ကျွန်မတို့ ဒီနေရာက လှည့်ပြန်ကြတာပေါ့...."

ထွန်းလွင် ပျာပျာသလဲ ဖြစ်သွားသည်။

"ခဏနေပါဦး ယု....စကားဆုံးအောင်ပြောပါရစေ...."

"မပြောပါနဲ့ ကိုထွန်းလွင်၊ ပုတ်သင်ညိုသာ ရာသီလိုက်ပြီး အရောင်ပြောင်းတာပါ၊ လူဆိုတာ ဟိုပင် ဒီပင် မကူးသင့်ပါဘူး"





"ခက်ပါလားဗျာ၊ စကားတစ်ခုဆိုတာ ဆုံးအောင်နားထောင်မှ မှန်သလား မှားသလား ခွဲခြားနိုင်တာပါ၊ ကျွန်တော့် စကားကိုလဲ ဆုံးအောင်နားထောင်ပါဦး၊ ယု ဆုံးဖြတ်ချက်အတွက် ကျွန်တော် ဘာမှ မတောင်းဆိုပါဘူး၊ ဒါပေမယ့် စကားမဆုံးဘဲ ဆုံးဖြတ်ချက် ကြိုချတာကတော့ လုံးဝ မတရားဘူးလို့ ထင်ပါတယ်...."

"ဒီကိစ္စက ယု ဆုံးဖြတ်စရာမလိုတဲ့ ကိစ္စပါ ကိုထွန်းလွင်.... ဘာဖြစ်လို့ ပန်းတိုင်မရှိတဲ့လမ်းကို ဆက်လျှောက်ကြမှာလဲ"

ထွန်းလွင် ရယ်သည်။

"စာသမားချင်းမို့ စာစကားပဲ ပြောရရင် ၁၄၉၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့ ကိုလံဘတ် စပိန်ပြည်ကနေ ပင်လယ်ခရီး ထွက်ခါနီးတုန်းကလဲ လူတွေ ဒီလိုပဲပြောကြတာပါပဲ ယု၊ ဒါပေမယ့် ကိုလံဘတ်ဟာ ၁၄၉၃ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ဟေတီကျွန်းကို တွေ့ပြီး စပိန်အလံ စိုက်နိုင်ခဲ့ပါတယ်၊ ကျွန်တော့် စကား ဆုံးအောင်နားထောင်ပါ"

"နားမထောင်ချင်ဘူး" ဟု ပြောလျှင်လည်း အပိုသာဖြစ်မည် ဟု ယုဆသည်။ယုက ခေါင်းကို ဆတ်ခနဲညိတ်ပြီး....

"ကောင်းပြီလေ....ဒါဖြင့်လဲ ပြောပါ"

"ကျေးဇူးတင်ပါတယ် ယု၊ ပထမအချက် ကျွန်တော် ပြောချင်တာက မေဘယ်လ်နဲ့ စသိ ခင်မင်ပြီး ယုတို့အဆောင်

ကို ကျွန်တော်ရောက်တာ မှန်တယ်၊ ယုအရင် မေဘာယ်လ်နဲ့ သိတာလဲ မှန်တယ်၊ ဒါကြောင့် မေဘာယ်လ်ကိုပဲ ကျွန်တော် ချစ်ရမယ်လို့ ယု ဘာကြောင့် ပြောနိုင်လဲ၊ မိန်းကလေးတစ်ယောက်ကို ချစ်ဘာဟာ စတွေ့ စခင်တာနဲ့ ဆိုင်လို့လား"

"ဒါပေမယ့် ကျွန်မတို့ သုံးယောက်လုံး နားလည်နေတာက ကိုထွန်းလွင် မေဘာယ့်လ်ဆီ လာတာပဲ မဟုတ်လား ကိုထွန်းလွင်"

"ကျွန်တော် ယုတို့နှစ်ယောက်စလုံးဆီ လာတာပါ"

ယု ခေါင်းခါသည်။

"မဖြစ်နိုင်ပါဘူး ကိုထွန်းလွင်၊ ကိုထွန်းလွင်နဲ့ ကျွန်မ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျွန်မတို့ အဖြစ်အပျက်က လူကြားလို့တောင် မကောင်းပါဘူး"

"ဖြစ်နိုင်တာ မဖြစ်နိုင်တာက ယု နောက်ပိုင်းမှာ....သေသေချာချာ စဉ်းစားပြီး ကြိုက်သလိုဆုံးဖြတ်ပါ ယု၊ လူကြားကောင်းတယ် မကောင်းဘူး ဆိုတာကိုတော့ ကျွန်တော် လုံးဝနားမလည်ဘူး၊ ဘာဖြစ်လို့ ယုက ကျွန်တော့်ကို အတင်း မေဘာယ့်လ်ကိုပဲ ကြိုက်ခိုင်းနေတာလဲ၊ ကျွန်တော် မေဘာယ့်လ်ကို ချစ်တယ်လို့ တစ်ခါမှ မပြောခဲ့ဖူးပါလား"

"ကျွန်မက အဖော်လိုက်ခဲ့တာပါ ကိုထွန်းလွင်"

"ကျွန်တော်ကလဲ ယုကိုပဲ စွဲစွဲလမ်းလမ်း ချစ်သွားမိတယ် ယု"





ယု မျက်နှာတစ်ခုလုံး ရှိန်းဖိန်း ထူပူသည်။

"ဒီစကားကို ခဏခဏမပြောပါနဲ့ ကိုထွန်းလွင်၊ယု နားရှက်ထတ်လို့ပါ၊ ယု ပညာသင် နေတဲ့အချိန်မှာ ဒီကိစ္စကို မေ့ထားဖို့ အတော် လေ့ကျင့်ပြီးသားပါ၊ယုစိတ်က ဒါမျိုး စိတ်မဝင်စားပါဘူး"

"ဒါကြောင့် ကျွန်တော်ချစ်တာလဲ ဖြစ်နိုင်တယ် ယု၊ ယု သိအောင် ကျွန်တော်ပြောတာပါ၊ကျွန်တော် ဘယ်လောက်ကြာကြာ ဖြစ်ဖြစ် စောင့်နေနိုင်ပါတယ်၊ ကျွန်တော်လဲ ရည်းစားစကားကို ဒါ ပထမဦးဆုံး အကြိမ်ပြောဖူးတာပါ၊ ရည်းစားဘဝ အစောကြီးရောက်ဖို့ ကျွန်တော့်မှာ လောစရာ အကြောင်းမရှိပါဘူး"

တကယ်တမ်းကျတော့ အ,သည်ဟု ရှေးဦးကထင်မိသော ထွန်းလွင်နှင့် စကားပြိုင်ပြောဖို့ခက်ပြီဟု ယု နားလည်လာသည်။ ယု အလွတ်ရုန်းရန် ကြိုးစားမိ၏။

"ကျွန်မ ပြန်တော့မယ် ကိုထွန်းလွင်၊ ကိုထွန်းလွင်စကားဆုံးပြီ ထင်ပါတယ်"

"ပြန်လို့ရပါပြီယု၊ ဒါပေမယ့် ကျွန်တော် နည်းနည်းလေး ထပ်ပြီး ပြောပါရစေ၊ အချစ်ဆိုတာ အဝိုင်းလဲ မဟုတ်ပါဘူး၊ လေးထောင့်လဲ မဟုတ်ပါဘူးယု၊ အချစ်ဟာ သူရှိ

ချင်တဲ့ပုံစံနဲ့ ရှိတာပါ၊ ကျွန်တော် ယုကို ချစ်မိတာဟာ မှားချင်လဲ မှားပါလိမ့်မယ်၊ ဒါမှမဟုတ် မျှော်လင့်ချက်မရှိတဲ့ အရာတစ်ခုကို မိုက်မိုက်မဲမဲ တမ်းတမိတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော် ယုကို ချစ်တာ အမှန်ပါ၊ ယု ခုအချိန်မှာ ဒီစကားကို ယု လက်ခံဖို့ ခက်ချင်ခက်နေပါလိမ့်မယ်၊ ခေါင်းအေးသွားတော့ သေချာ ပြန်စဉ်းစားကြည့်ပါ ယု....

"ပြီးတော့ အချစ်ဆိုတာကို ယု စဉ်းစားလာပြီဆိုရင် ကျွန်တော့်ကို အရင်ဆုံး လက်ခံစဉ်းစားပေးပါ၊ ကျွန်တော် ခုအချိန်ကစပြီး စက္ကန့်တိုင်း ယုကို မျှော်လင့်နေပါတယ်၊ ယုဆီက အဖြေရတဲ့အထိလဲ စက္ကန့်တိုင်း ကြိုးစားနေပြီး အခွင့်အခါသင့်တိုင်း ဒီစကားတွေ ထပ်ခါတလဲလဲ လာပြောပါ့မယ်၊ ယု ဒါပါပဲဗျာ၊ ယု ပြန်ချင်ရင် ကျွန်တော် လိုက်ပို့ပေးတော့မယ်နော်"

ယု ခြေလှမ်းများ တုံ့နှေးသွားသည်။

ပြောစရာစကားများ ရင်ထဲတွင် များစွာကျန်ရှိနေသလို ဖြစ်သွားသည်။ သို့သော် စကားလုံးများစွာတို့သည်လည်း ရင်ထဲတွင်ပင် ပျောက်ဆုံးသွား၏။

အပြန်လမ်းတွင် ထွန်းလွင် အနားမှပါလာသည်ကို သတိမရနိုင်တော့သလို ကန့်ကွက်ရန်လည်း မေ့နေ၏။





ဇွန်လဆန်းမိုး မုတ်သုံလေသည် ထင်လင်းစွာ ရောက်မလာသေးပေ။

* * *

စကားများစွာတို့သည် နှုတ်ဝ မတိုင်မီမှာပင် အတုံးအရုံးလဲပြို ကျကျသွားသည်။

သူပြောလိုက်လျှင် မေဘယ့်လ်ရင်ထဲတွင် မည်ကဲ့သို့ဖြစ်သွားမည်နည်း။ သူကကော မည်သို့သော မျက်နှာထားမျိုးနှင့် ပြောရမည်နည်း။ ယု ရင်ထဲတွင် ဝေခွဲမရခြင်းများစွာတို့ လှိုင်းတံပိုး ထနေ၏။

သို့သော် မပြောလို့လည်း ဘယ်လိုမှမဖြစ်၊ ဖြစ်လိုရာဖြစ်စေဟု သဘောထားပြီးပြောသည်က တော်သေးသည်။ မပြောဘဲ မြုံထားသည့် ထိမ်ဝှက်ထားသည့်အဖြစ်က ပိုကြီးမည်ဟု ထင်သည်။

ဟိုပုဂ္ဂိုလ်ကိုလည်း ဒေါသဖြစ်နေမိပါသည်။ မေဘယ်လ်နှင့် စကတည်းက နေဆိုနေ လဆိုလ ပြဘ်ပြတ်သားသား လုပ်ခဲ့ဖို့ ကောင်းသည်။ ခုတော့ မေဘယ့်လ်လိုလို ဘာလိုလို

တစ်လျှောက်လုံး လုပ်လာခဲ့ပြီးမှ စာကလေးကြော်ကနေ ဆီထမင်း ချက်ချင်းပြောင်းသည်။

မေဘယ့်လ်ကို သူ ဘယ်လိုရင်ဆိုင်ဖို့ စိတ်ကူးထားသည် မသိ။ နေနဲ့လနဲ့ နှစ်ပါးပြိုင် သ်ကြားကိုယ်တိုင် မှမယ့် ယောက်ျားဆိုပြီး သူ့ကိုယ်သူ ထင်ချင်ထင်နေဦးမှာ။နှစ်ပါး ပြိုင်ဖို့တော့ မလွယ်။ ဟိုပင်သည်ပင် ကူးပါလို့ မျောက်ကြီး ဖင်ခေါင်းကျယ် ဆိုတာမျိုး ဖြစ်မှာတော့ စဉ်းစားမိပုံမရ။

"ဟင်း"

ယု သက်ပြင်းချမိသည်။ ဘယ်လိုလူတွေနဲ့ လာဆုံနေရ တာလဲ မသိဘူးဟု စိတ်ပျက်ပျက်နှင့် တွေးမိ၏။ ဟိုဘက်ကို ဒေါသဖြစ်ရသည်က တစ်မျိုး၊ သည်ဘက်ကလည်း သူ့ ရောဂါနှင့်သူ၊ ခုလည်း ဘယ်လိုလုပ် သည်အကြောင်း စရ မည်ဆိုသည်ကို စဉ်းစားမရ။

မေဘယ့်လ်မျက်နှာက ခါတိုင်းလိုပင် မျှော်လင့်ခြင်းဖြင့် တက်ကြွနေသည်။ ခု သည်ဘက်ပိုင်းမှာ သူ့ဘဝတစ်ခုလုံး သည်တစ်လုပ်ပဲ ရှိတော့သည့်အလား ညနေ ကျောင်းက ပြန်လာလျှင် တခြားအလုပ်ပင် သိပ်မလုပ်နိုင်။ ရေမိုးချိုး၊ အလှပြင်၊ သီချင်းလေးတအေးအေးနှင့် သူ့စိတ်ထဲမှာတော့ မိုးနတ်သူဇာ တစ်တိုက်လုံးရောင်းပြီး ဗိုလ်ချုပ်ဈေးက ဟာ တွေ ဝယ်ပြီးနေပြီလားမသိ။ဆိုနေသည့် သီချင်းကိုပင် ကြည့်။





"တွေ့ရင်တော့ဖြင့် လွမ်းအောင်ချဲ၊ နောက်ကွယ် ကျရင် မေ့မှာပဲ....အသည်းမှာစွဲတယ်.... ပျို့ပျို့ခင်ကို အလိုလိုက်ရလိမ့်မယ်" တဲ့။

ကဲလေ....ဘယ်လိုပဲဖြစ်ဖြစ် သည်ကိစ္စက ပြောမှ ဖြစ်မယ့် ကိစ္စ။ ခု မပြောရင် နောက် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ဆိုလျှင် ဟိုပုဂ္ဂိုလ် ရောက်လာတော့မည်။ ရောက်လာလျှင် ဆင်းတွေ့ဖို့ကအစ ရှင်းရမှာ အများကြီး ဖြစ်လာလိမ့်မည်။ ဖြစ်လိုရာ ဖြစ်စေတော့ဟု စိတ်ကို တုံးတုံးချလိုက်၏။

* * *

"မေဘယ်လ်"

"ရက်စ်....ပြော သူငယ်ချင်း၊ ကိုထွန်းလွင်လို အုံ့ပုန်း ကြီး လုပ်နေရင်သာ ကိုယ်က အသည်းယားတာ၊ ဘာပြော ပြော စိတ်မဆိုးဘူး၊ ပြော"

အရေးထဲ နောက်နေရပြန်သေးသည်။ ယုက လေပူဘစ် ချက် ခိုး၍ မှုတ်ထုတ်လိုက်ပြီး....

"ကိုထွန်းလွင် ဒီနေ့လာရင် တို့နှစ်ယောက်လုံး ဒီနေ့ ဆင်းမတွေ့တော့ဘူးကွာ နော်"

မေဘယ်လ်က မှန်ထဲတွင် ခေါင်းမဖြီး၊ ဟာ....ဟာ....ဟု ရယ်သည်။

"ဒါတော့ သည်းခံ ဒကာမကြီး၊ တခြားဟာ စိတ်မဆိုးပေမယ့် အားကီး ဝစိတ်ဆိုးတယ်၊ ချစ်ရင် ဒီလို မစနဲ့လေ"

"မဟုတ်ဘူး မေဘယ်လ်ရ၊ မင်းလူလုပ်ပုံက အဟုတ်မဟုတ်ဘူး"

"ဒါတော့ ခွင့်လွှတ်ပါ သူငယ်ချင်းရာ၊ ကိုယ့်ပုဂ္ဂိုလ်အကြောင်းလဲ သိသွားပဲဥစ္စာ၊ အချိန်က မတန်သေးလို့ပါ၊ သူ့ခမျာ ရည်းစားစကားတစ်ခွန်းပြောဖို့ရာ မနည်း အားယူနေရတုန်းမို့ပါ၊ အချိန်တန်ရင် နွားထုံကြီးလဲ ကန်ပါလိမ့်မယ်၊ အဲဒီကျတော့ သူငယ်ချင်းကို မခေါ်တော့ပါဘူး"

ဩော်....ဒုက္ခပါလားဟု တွေးမိသည်။ ကိုယ်ပြောတာက တစ်မျိုး၊ သူ နားလည်တာက တစ်ဖုံ။ နွားထုံကြီး ချော်တောင်ငေါ့နေပြီဟု သူ လုံးဝ တွေးမိပုံမရ။

"အဲဒီကိစ္စပြောမလို့ မေဘယ်လ်၊ နေ့ခင်းက သူ ကိုယ့်ဆီ လာသွားတယ်"

ဖျတ်ခနဲ အံ့ဩဟန်လေး ပေါ်လာသည်။

"ဘာလာလုပ်တာလဲ ယု"





"ဘာလာလုပ်တာလဲဆိုတော့ တလွဲ ဆံပင်လှာကောင်း တာပေါ့ကွာ"

"ဘာလဲ၊ ကိုယ့်ကို တိုက်ရိုက် ဖွင့်မပြောရဲလို့ မင်းကနေ တစ်ဆင့် အကူအညီတောင်းတာလား"

မေဘယ်လ်က သူ့တွက်ကိန်းနှင့်သူ မေးသည်။ ဟုက ဆက်ပြင်း ခပ်ဖြည်းဖြည်းချလိုက်ပြီး....

"တို့ကိုချစ်နေတယ် လို့ ပြောသွားတယ်"

"ဘာ"

* * *

ထို စက္ကန့် ပိုင်း လေး အ တွင်း မေ ဘယ် လ် မျက် နှာ မှ အပြောင်းအလဲများက ဘယ်လိုမှ ပြန်မဖော်ပြတတ်။ အဆုံး သော် အမူအရာသည် မျက်နှာတစ်ခုလုံး နီရဲရာမှ ဖြူဖျော့ သွားခြင်း ဖြစ်သည်ဟုသာ မှတ်မိ၏။

"ဟုဘ်ဘာသ် မေဘယ်လ်၊ သူ ချစ်နေတာက တို့ကိုတဲ့၊ တို့လဲ ဒေါကန်ကန်နဲ့ ပက်ပက်စက်စက် ပြောလွှတ်လိုက် တယ်"

မေဘာယ်လ်သည် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်သွာ
သည်။ ကြုတ်ထားသော မျက်မှောင်သည် ပို၍ နက်ရှိုင်
ချိုင့်ခွက်သွားသည်။ အဘော်လေးကြာမှ တုန်ယင်ချောက်
ချားသော လေသံဖြင့်....

"ဘာလဲ ယု၊ ယု တို့ကို စနေတာလား၊ ဒါမှမဟုတ်
တကယ်ပြောတာလား"

"ဒီညနေ သူလာရင် မေဘာယ်လ် တစ်ယောက်တည်
ဆင်းတွေ့လိုက်ပါ၊ ပြီးတော့ သူ့ကို မေးကြည့်ပါလားကွာ"

မေဘာယ်လ်က ယုကို တွေပြီး အကြာကြီး စိုက်ကြည့်သည်
ပြီးမှ....

"အေးလေ....ဒါဖြင့်ရင်လဲ ယု မလိုက်နဲ့ကွာ၊ ကိုယ် သူ
တွေ့တော့ တွေ့ချင်သေးတယ်"

မှန်တင်ခုံပေါ်သို့ ဘီးပြန်ချသည့်အသံသည် ခါတိုင်းထ
ကျယ်လောင်နေသည်။ ယုကတော့ ပြောသင့်သည့်ကိစ္စ ပြေ
လိုက်ရသည်မို့ ကျေနပ်သွားသဖြင့် စာကြည့်စားပွဲမှ ကုလ
ထိုင်ကို ဆွဲဖယ်ပြီး ဝင်ထိုင်သည်။

စားပွဲပေါ်မှ မျက်စိထဲမြင်မိရာ စာအုပ်တစ်အုပ် လှမ်း
ပြီး ကြုံရာစာမျက်နှာကို လှန်ဖတ်လိုက်သည်။

ဖြစ်ချင်တော့ ကိုထွန်းလွင် ပထမဆုံး အဆောင်ကို ရေ
သည်အဖြစ် လာသည့်နေ့က အမှတ်မထင် သူ ဖတ်နေခဲ့သ





အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး စာအုပ်ကို ဖတ်မိလျက်သား
ဖြစ်နေသည်။ စာသားချင်းမတူပေမယ့် အဓိပ္ပာယ်က မကွဲ။

"ရုံထဲမှာဘော့ ဖိုးစိန်က အောင်ဗလထက် ပိုကောင်း
တယ်ဟု လို့ အပြောများသတဲ့၊ ရုံပြင်ရောက်တော့ အောင်
ဗလက ဖိုးစိန်ထက် ပိုကောင်းတယ်လို့ ဖြစ်ကုန်ကြပြန်ရောတဲ့၊
သဘင်မှု အနုပညာဆိုတာ ပြောင်မြောက်မှုရှိတဲ့ အတွက်
အကွင်းဟာ ပရိသတ်စိတ်ထဲ စွဲကျန်ရစ်စမြဲမို့ အောင်ဗလရဲ့
ပညာရည်က စွဲကျန်ရစ်စရာမျှားလေတော့ ရုံပြင်ရောက်တဲ့
အခါ အောင်ဗလကောင်းတယ် ဖြစ်ကြရတာနဲ့ တူပါတယ်"
ဟိုတစ်ခါဖတ်သည့် စာသားလေးပင် အမှတ်ရသည်။

"အောင်ဗလတို့ကတော့ ဖိုးစိန်ကိုလဲ လွှမ်းခဲ့တာပဲ"

ထိုအချိန်က ဦးဖိုးစိန်ရင်ထဲတွင် မေဘာယ်လ်လိုပဲ ခံစားရ
ပလိမ့်မည်ဟု မဆီမဆိုင် ဝင်တွေးကြည့်မိ၏။

* *

ညှော့ခန်းတွင်စောင့်နေသော ထွန်းလွင်ထံ ဆင်းသွား
သည့် မေဘာယ့်လ်ခြေသံသည် ခါတိုင်းနှင့်မတူဘဲ လေးလံ
နှေးကွေးနေသည်ကို ယု ကောင်းစွာ သတိထားလိုက်မိသည်။

ယု ကုလားထိုင်ပေါ်မှ ထလိုက်ပြီး ခုတင်ဆီ ပြန်လျှောက် ၍ အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ မျက်လုံးနှ နားထဲတွင် နေ့ခင်းက ထွန်းလွင်၏အမူအရာနှင့် စကားသံ သည်အတိုင်း ပြန်မြင် ပြန်ကြားလာမိသည်။

"အချစ်ဆိုတာကို ယု စဉ်းစားလာပြီဆိုရင် ကျွန်တော် ကို အရင်ဆုံး လက်ခံစဉ်းစားပေးပါ၊ ကျွန်တော် အခုအချိ ကနေစပြီး စက္ကန့်တိုင်း ယုကို မျှော်လင့်နေပါ့မယ်၊ ယုဆီ အဖြေရတဲ့အထိလဲ စက္ကန့်တိုင်း ကြိုးစားနေပြီး အခွင့်အခ သင့်တိုင်း ဒီစကားတွေ ထပ်ခါတလဲလဲ လာပြောပါ့မယ်ယု

နားထဲတွင် တစ်ခါက ဖေဖေဆုံးမဖူးသော စကားလေ တစ်ခွန်းလည်း ပြန်ကြားလာသည်။

"(အလှဆိုတာလဲ မိန်းကလေးတစ်ယောက်အတွက် အာ ထားစရာ ဥစ္စာပစ္စည်းတစ်ခုပဲ) သမီး၊ ဣတ္ထိရုပ် ဖန်လို့ ဆို ရှိတယ် မဟုတ်လား၊ ဒါပေမယ့် မိန်းမတစ်ယောက်အတွ မာနတက်စရာအကြောင်း အား ငါးပါးတောင် ရှိပါတယ ရူပဗလခေါ်တဲ့ အလှအား၊ ဘောဂဗလဆိုတဲ့ ပစ္စည်းအာ ဉာတိဗလခေါ်တဲ့ ဆွေမျိုးအား၊ ပုတ္တဗလခေါ်တဲ့ သာ သမီး အား၊ သီလဗလခေါ်တဲ့ အကျင့်အားတဲ့၊ ဘု ကိုယ်တိုင် ပဋ္ဌာယတနဝဂ္ဂ၊ မာတုဂါမ သံယုတ်မှာ ဟော တယ်၊ ဖေဖေ့သဘောကတော့ ရူပဗလထက် သီလဗလ ပိုအားထားစေချင်တယ်၊ အလှဆိုတာက ယုတ်လျော့တ





တဲ့ ဇရာရှိတယ်၊ သီလက ကြာလေ ပိုအားကောင်းလေ ဖြစ် လာတတ်တာမျိုး၊ ပြီးတော့ ယောကျ်ားတစ်ယောက်ကနေ ကိုယ့်ရူပဗလကို မက်မောလို့ထက် သီလဗလကို လေးစား ခင်တွယ်လို့ မြတ်နိုးချစ်ခင်လာတာက အဲဒီ မိန်းကလေး အတွက် ပို အန္တရာယ်မကင်းဘူးလား၊ နောက်ပြီးတော့လဲ စဉ်းစား ဆင်ခြင်ဉာဏ်ရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ ရုပ်အလှထက် အကျင့်အလှကို ပို ဦးစားပေးတတ်တယ်၊ အကျင့်အလှကို ဦးစားပေးလာတဲ့ ယောကျ်ားတစ်ယောက် ကိုကျတော့ ကိုယ်ကလဲ ပြန်လေးစားနိုင်ပြန်ရော"

ယု သည်နေ့အတွက် အကြိမ်ပေါင်း မြောက်မြားစွာ ချမိ နေသော သက်ပြင်းကို နောက်တစ်ကြိမ် ထပ်တိုးလိုက်မိပြန် သည်။

အခန်းထဲတွင် စောစောက မေဘယ်လ် ဆွတ်ဖျန်းသွား သည့် ဂိုယာရေမွှေးနံ့လေးများ သင်းပျံ့ထုံဆဲရှိသေးသည်။ မေဘယ့်လ်မျက်နှာကို ကွက်ခနဲ မြင်သည်။ ယု ခေါင်းကို ယမ်း ခါရင်း....

"ရှင် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းတွေ အရမ်းမှားတာပဲ ကိုထွန်းလွင်၊ ရှင်ဟာ စဉ်းစားဉာဏ်ရှိသလောက် ဆင်ခြင် ဉာဏ်ကတော့ ခေါင်းပါးလွန်းမနေဘူးလား၊ ကျွန်မရဲ့ ချစ် တတ်တဲ့ စိတ်ဆိုတာ ရှင့်လိုလူမျိုးအတွက် တမင် သိမ်းထားခဲ့ တာပါ၊ ဒါပေမယ့် ရှင်က တခြားဆိုင်မှာ ဈေးဆစ်ပြီးမှ

ကျွန်မဆိုင်မှာ လာဝယ်တာကိုး၊အဆစ်ခံရတဲ့ ဆိုင်ရှင်စိတ်ထဲက ဘယ်လိုနေမလဲ၊ ကျွန်မကလဲ အဲဒီဆိုင်ရှင် အားနာပြီး ရှင့်ကို ဘယ်လိုရောင်းမလဲ၊ မတတ်နိုင်တော့ဘူး ကိုထွန်းလွင်၊ ရှင့်ကုသိုလ်ပဲ”

ခုချိန်တွင် မေဘယ်လ်နှင့် ထွန်းလွင် ဘာတွေများ ပြောနေကြမလဲ သိချင်လာ၏။

* * *

ယုအတွေးထဲတွင် လွန်ခဲ့သော ကာလများမှ ကောက်နုတ်ချက် အချို့ကို ပြန်မြင်ယောင်လာမိသည်။

* * *

တစ်ခါတစ်ရံ ညနေစောင်းတွင် သုံးယောက်သား အင်းလျားဘက်သို့ လမ်းလျှောက်ဖြစ်ကြသည်။





တက္ကသိုလ်၏ ညနေခင်းသည် လွမ်းချင့်စဖွယ်ပင်။ထိုအခါမျိုးတွင် ထွန်းလွင် စကားဆိုဖူးသည်။

“ဒီလိုအချိန် အင်းလျားကိုရောက်ရင် ဆရာမင်းသုဝဏ်ရဲ့ ကဗျာလေးကို သွားသတိရတယ်ဗျာ”

“ဘယ်ကဗျာလဲ ကိုထွန်းလွင်”

“ခါနွေဆန်းတော့ လွမ်းမိတယ်ထဲက အပိုဒ်လေးတစ်ပိုဒ်ပါ၊ ခေါင်းလောင်းမချို တက္ကသိုလ်ဝယ်၊ နေညိုချိန်များမှာတော့ အင်းလျားရတနာ ကန်တော်သာမှာ၊ ပြာပြာလဲ့လဲ့၊ လှိုင်းဘောင်ဘင်ဖွဲ့တော့ကို၊ မိခင်ရဲ့သားပျိုမှာ အလိုလိုရင်ဖိုလေးကာပ၊ ဆွေးမိတော့တယ် ဆိုတာကိုပေါ့”

ယုက ရယ်သည်။

“ဘာလဲ ကိုထွန်းလွင်၊ သူရိယာ အနောက်စောင်းပါလို့ ခေါင်းလောင်းသံဝေမှုဖြင့်၊ မနေနိုင် မထိုင်နိုင်၊ တားမနိုင်၊ ဆီးမနိုင်၊ ခပ်ထွားထွားစတိုင်နှင့်၊ကားပိုင်ကြီးစီးတဲ့လို့၊ခရီးသုတ်နှင့်တော့တယ်၊ နောင့်မှာတော့ အထီးကျန်၊ ကျောင်းဆင်းလို့ မင်းပြန်ရင် ဟန်မရ ထိန်းမရ သက်မကြီး ပြင်းပြင်းချလို့၊ ခန်းဝမှာ ငိုင်ထိုင်ထိုင်ခြေလက်ပစ်ထိုင်တဲ့ပြီး၊ မှိုင်တာနဲ့ ကိစ္စတုံးရော ဖြစ်နေလို့လား၊ ကားပိုင်စီးတာက ကိုထွန်းလွင်နော်”

“ဩော်ဗျာ၊ ကားပိုင်သာ ကျွန်တော်စီးရတာပါ၊ မင့်လိပ်ပြာ ပျိုရွှယ်ရွှယ်ကို တကယ်ဆတ်ဆတ် မြင်ရသည်မှတ်

သော်လည်း စိတ်ခေတ်လှည့်စား ဒုက္ခများ ရုပ်ကားမရှိ ဆိုတာလို ဖြစ်နေတာပါ"

ထိုအခါတွင် မေဘယ်လ် အူလည်လည်ဖြစ်နေသည်။ ယုဘက်သို့ လှည့်၍ ခပ်တိုးတိုးလေသံဖြင့်....

"အဲဒါ ဘာတွေပြောကြတာလဲ ယု"

"မဟုတ်ပါဘူးကွာ၊ ကိုထွန်းလွင်က တက္ကသိုလ်ညနေစောင်း ရှုခင်းမြင်ရင် လွမ်းတယ်ဆိုလို့ လွမ်းစရာလိုပဲနဲ့ ကြံဖန်လွမ်းချင်နေတာကိုးလို့ ပြောတာပါ၊ အဲဒါ သူကပြောတယ်လေ၊ စိတ်ကူးထဲသာရှိတာ၊ တကယ်မရှိသေးတော့ လွမ်းရတာပေါ့တဲ့"

ကိုထွန်းလွင် သဘောကျစွာ ရယ်သည်။

"ယုကိုတော့ ကျွန်တော် တကယ်ချီးကျူးတယ်ဗျ၊ ကဗျာကို တကယ်ခံစားတတ်ပြီး တကယ်နားလည်တာပဲ၊ ကျွန်တော်နားတောင်လည်တယ်၊ ဒါပေမယ့် အဲဒီလောက် တိုတိုနဲ့ ရှင်းမပြတတ်ဘူး"

ယု ပြုံးသည်။ မေဘယ်လ်က မဲ့၍လက်ခါပြီး....

"လုပ်မနေနဲ့နော်၊ မေဘယ်လ်ကတော့ ကဗျာဆို တစ်လုံးမှ နားလည်တာမဟုတ်ဘူး၊ ကဗျာတွေ လာရွတ်လို့ကတော့ စကားတစ်လုံးမှ နားမလည်တဲ့ ကုလားကား ကြည့်တာလောက်တော့ အဓိပ္ပာယ်မသိဘူး"





"ရပါတယ်၊ မေဘယ်လ် မသိတော့လဲ ယုကို ဘာသာပြန်လုပ်ခိုင်းပေါ့၊ ယုက ဘာသာပြန်သိပ်တော်တာပဲ ဥစ္စာ"

ယု အသံထွက်၍ရယ်သည်။

"သိပ်လဲမထင်နဲ့ဦး ကိုထွန်းလွင်၊ တော်ကြာ ကျွန်မမိတ်ဆွေတစ်ယောက်ကို သူ့သူငယ်ချင်း ဘာသာပြန်ပြသလိုဖြစ်နေဦးမယ်"

"ဘယ်လိုဖြစ်လို့လဲ"

"အဲဒီမိတ်ဆွေက အာရာဒါးနားလား မသိဘူး၊ အိန္ဒိယရုပ်ရှင်တစ်ကားကြည့်ချင်လို့ အဓိပ္ပာယ် အပြည့်အဝ သိရအောင် အရပ်ထဲက ကုလားလေးတစ်ယောက် ခေါ်သွားတယ်၊ သေချာလဲ မှာထားတယ်၊ ဘာတစ်လုံးမှ အဓိပ္ပာယ်ငါ နားမလည်ဘူးနော်၊ ဟိုကျရင် ငါ့ကို အကုန် ဘာသာပြန်ပေးလို့"

"အင်း....အဲဒါနဲ့"

"အဲဒါနဲ့ ရုပ်ရှင်လဲပြရော ချာတိတ်က ဘာသာပြန်တာပေါ့၊ မင်းသားက စကားပြောရင် အစ်ကို၊ အဲဒါ မင်းသားစကားပြောတာ၊ သီချင်းဆိုရင် အစ်ကို၊ အဲဒါ သီချင်းဆိုတာ၊ မင်းသမီးငိုတော့လဲ အစ်ကို၊ အဲဒါ မင်းသမီးငိုတာတဲ့၊ ကြာတော့ အဲဒီမိတ်ဆွေက ဒေါကန်ပြီး ဟ....စကားပြောမှန်း၊ သီချင်းဆိုမှန်း၊ ငိုမှန်းတော့ သိတာပေါ့၊ ဘာပြောလဲ၊

ဘာဆိုလဲ၊ ဘာငိုလဲသိချင်လို့ ခေါ်လာတာ၊ မင်းကြီးတော်ကြီး အဲဒီလောက်တော့ မင်းထက်တောင် ငါတတ်သေးတယ်ဆိုပြီး နားရင်းထအုပ်ရောတဲ့၊ အဲလိုဖြစ်နေဦးမယ်"

ထွန်းလွင်နှင့် မေဘယ်လ်က ရယ်သည်။ ယုက မေဘယ်လ်ကို လက်တို့၍....

"အစ်ကို့၊ အဲဒါ ကိုထွန်းလွင် ရယ်တာလေ"

မေဘယ်လ်က သဘောကျစွာရယ်ရင်း....

"တော်ပါတော့ယုရယ်၊ မင်းလုပ်တာနဲ့ ကိုယ့်အူတက်လိမ့်မယ်"ဟု ပြော၏။

* * *

"ဒီနေ့ ဘစ်နေ့လုံး ကျောင်းမှာ အိပ်ငိုက်လိုက်တာ၊ ညကလက်ဖက်တွေစားပြီး မျက်လုံးကြောင်တာနဲ့ အိပ်လို့မရလို့ ဒီညတော့ စောစောအိပ်ရမယ်"

မေဘယ့်လ်စကားကြောင့် ကိုထွန်းလွင်က....

"ညက ဘယ်အချိန်မှ အိပ်ပျော်လို့လဲ"





"အိုး....ညကတော့ ပြောမနေနဲ့၊ ဆယ်နာရီ ထိုးတာတောင် အိပ်မပျော်သေးဘူး"

"မနက်ကော ဘယ်ချိန်ထသလဲ"

"ရှစ်နာရီ အတန်းရှိတော့ ကမန်းကတန်း ထရတာပေါ့၊ ဒါကြောင့် ရှစ်နာရီထိုးဖို့ ဆယ်မိနစ်မှနိုးလို့ ကျောင်းနောက်ကျသေးတယ်"

"ဟာ....ဒါဆို ဘယ်အိပ်ရေးပျက်မလဲ မေဘယ်လ်ရ၊ ကျွန်တော်ဆို ညတိုင်း ဆယ့်နှစ်နာရီအရှေ့ ဘယ်တော့မှ မအိပ်ဘူး၊ ဆယ့်နှစ်နာရီခွဲ၊ တစ်ချက် အဲလောက်မှ အိပ်တာ၊ မနက်ဆို ခြောက်နာရီခွဲ အမြဲနိုးတယ်"

"အမယ်လေး....အဲဒါဆို မေဘယ်လ် သေ လိမ့် မယ်၊ ကိုထွန်းလွင်နဲ့ ယုနဲ့ တွဲထားဖို့ကောင်းတယ်၊ ယုလဲ အဲဒီလိုပဲ၊ ဘာစာအုပ်တွေမှန်းလဲ မသိဘူး၊ တစ်ညလုံး ဖတ်ဖတ်နေတာပဲ"

"အဲဒါကောင်းတာပေါ့၊ ကျွန်တော်လဲ အမြဲစာဖတ်တာပဲ၊ သူတစ်ပါး မပြုနိုင်သောအမှုကို၊ သူများ မမြင်နိုင်တဲ့အမှုကို ဆောင်တတ်၊ မြင်တတ်တာဟာ ပညာရှိအလုပ်လို့ မြေဒဂုတီအရေးတော်ပုံမှာ အမတ်ကြီး မဟာပညာကျော်က ပြောခဲ့ဖူးတယ်"

"အမယ်လေး....အဲဒီတရားတော့ လာမဟောနဲ့၊ ယုပြောတာ ဒီထက်တောင်စုံသေးတယ်၊ ပြန်ပြောပြလိုက်ပါဦး ယု

ရာ၊ ယု ကိုယ့်ကိုပြောဖူးတာ ရှိပါတယ်၊ ဘာလဲ....တစ်ယံ တွေကော နှစ်ယံတွေကော စုံနေတာပဲ"

ယုက ထုံးစံအတိုင်း ရယ်သည်။

"ကိုထွန်းလွင် သိပါတယ်၊ ခုန သူပြောတဲ့ အမတ်ကြီး မဟာပညာကျော် စကားပဲဟာ၊ ရာဇနံ မင်းတို့သည် ကေမာ ရော တစ်ယံသာလျှင် သေယော အိပ်စက်ရာ၏နဲ့ စတဲ့ စကား ပါ"

ထွန်းလွင် ခေါင်းညိတ်ပြီး....

"ဪ....သိတယ်၊ ဘုရင်ဆိုတာ ညဥ့်ကို လေးယံပိုင်းပြီး တစ်ယံပဲအိပ်ရတယ်၊ သုံးယံမှာ ပြည်သူလူထုတွေ သာယာဖို့ တို့၊ သံသရာဝဋ်မှ လွတ်မယ့် တရားတို့ လုံ့လ ထုတ်ရတယ်၊ အမတ်တွေက နှစ်ယံပဲအိပ်ပြီး နှစ်ယံမှာ ပြောပြီးတဲ့ ကိစ္စ၊ နောက်ထပ်ပြောရမယ့် ကိစ္စ၊ ကိုယ့်အကျင့်သီလ မြဲရမယ့်ကိစ္စ တွေကို လုံ့လပြုနေရမယ်၊ လူတွေကတော့ သုံးယံပဲ အိပ် တယ်၊ တစ်ယံမှာ ကောင်းတဲ့အသက်မွေးမှုကိစ္စ၊ ကိုယ့်သီလ မြဲဖို့ကိစ္စ လုံ့လပြုရမယ်၊ အရူးတွေ သူတောင်းစားတွေနဲ့ အမှုသမားတွေပဲ လေးယံလုံးအိပ်တယ်ဆိုတာ မဟုတ်လား"

ယု ခေါင်းညိတ်သည်။

"ဟုတ်ဘယ်၊ ကိုထွန်းလွင်လဲ စာတွေ တော်တော်မှတ်မိ တယ်နော်၊ ကိုထွန်းလွင်နဲ့ စကားပြောလို့ ကောင်းတယ်၊ ယု အဲဒါတွေ မေဘယ့်လ်ကိုဖတ်ပြတော့ မေဘယ်လ်က စိတ် ရှုပ်လို့တဲ့၊ မင်းတစ်ယံတွေ နှစ်ယံတွေ နားမလည်ဘူး၊ ငါ





တော့ တစ်ရန် နှစ်ရန်ဆိုတာ ဖိနပ်ပဲသိတယ်တဲ့၊ ကဲ....ကြည့် ပါဦး"

မေဘယ်လ်က ရယ်သည်။

"ဟုတ်တယ်လေ၊ ကိုယ်က ဒါပဲနားလည်တာပဲ၊ တစ်ရန် နှစ်ရန်တောင် နည်းသေးတယ်၊ ပိုက်ဆံရှိရင် အရန်တစ် သိန်းလောက် ဝယ်ထားတယ်၊ အရောင်မျိုးစုံ တစ်နေ့ လေး ငါး ခြောက်ရန်လောက် စီးပစ်လိုက်မှာပေါ့"

"အဲဗျာ....ကောင်းရော၊ ကျွန်တော်က မာရ်နတ်က ဘုရားဗောဓိပင်နဲ့ ရွှေပလ္လင်ကို လာလုတာကို လူပြက်တွေ ပြက်သလို ငါးပုလင်းပေး....ငါးပုလင်းပေး၊ ငါးပုလင်း ဘော့ မရဘူး၊ သုံးပုလင်းပဲရမယ်ဆိုတာမျိုး ဖြစ်နေပြီ"

* * *

"ကျွန်တော် မနေ့က စာအုပ်ဘစ်အုပ် ဝယ်လို့ရတယ်၊ ယုကိုသတိရလို့ ဒီနေ့ ယူဘောင်လာခဲ့မလို့၊ မနက်က အိမ် က အထွက်မှာ မေ့လာလို့"

"ဘာစာအုပ်လဲ ကိုထွန်းလွင်"

"ဪ....ယု မဖတ်ဖူးသေးတဲ့စာအုပ် မဟုတ်ပါဘူး၊ ဆရာမင်းသုဝဏ်ရဲ့ သပြေညို ကဗျာစာအုပ်ပါ၊ ၁၉၄၇

ခုနှစ်က တတိယအကြိမ်ရိုက်ခဲ့တဲ့ စာအုပ်ကလေးမို့ ရှားရှား
ပါးပါး သိမ်းချင်မလားလို့ လက်ဆောင်ပေးမလို့”

‘ဟာ....အတော်ပဲ၊ ယုလဲ အဲဒီစာအုပ်ကို ရှာနေတာ
အိမ်မှာတော့ ဖေဖေ့စာအုပ်ရှိတယ်၊ အဆောင်မှာ တစ်ခါ
တလေ သိပ်ဖတ်ချင်တဲ့အခါ ဘယ်ရှာရမှန်း မသိဘူး ဖြစ်နေ
တာ၊ အပိုင်မပေးချင်နေပါ၊ တစ်ခါတလေ ငှားဖတ်တာ
ပေါ့”

“အပိုင်ပေးမှာပါ၊ ကျွန်တော့်မှာ တစ်အုပ်ရှိပါသေး
တယ်၊ မနေ့က စာအုပ်အဟောင်းဆိုင် ဝင်မွှေရင်း အဲဒီစာ
အုပ်ကလေးတွေ့တော့ ယုက ဆရာမင်းသုဝဏ်တို့၊ ဆရာ
ဇော်ဂျီတို့ ကဗျာလေးတွေ သိပ်ကြိုက်တာ သတိရလို့ တမင်
လက်ဆောင်ပေးမယ်ဆိုပြီး ဝယ်လာတာ၊ စာအုပ်ကတော့
ခပ်ဟောင်းဟောင်းပဲ၊ ဒါပေမယ့် စာမျက်နှာစုံပါတယ်”

“အင်းပေါ့၊ ဟောင်းပြီပေါ့၊ ၄၇ ခုနှစ်လောက်ကဆို
တော့ နှစ်သုံးဆယ်လောက်ရှိပြီပဲ၊ စာအုပ်ကောင်းဆိုတာ
ဟောင်းလေ တန်ဖိုးရှိလေပါ၊ ကိုထွန်းလွင်ကို သိပ် ကျေးဇူး
တင်ပါတယ်”

မေဘာယ်လ်က နှာခေါင်းရှုံ့၍....

“အမယ်လေး...,စာအုပ်အဟောင်းတစ်အုပ်နဲ့ အလုပ်ရှုပ်
နေလိုက်ကြတာ၊ နေပါဦး....အဲဒီစာအုပ်က ဘယ်လောက်
တန်မို့လို့လဲ”

ထွန်းလွင် ပြုံးရင်း....





“ဟိုတုန်းကတော့ တစ်ကျပ်ရှစ်ပဲ၊ တစ်ကျပ်ခွဲတန်တယ်
မေဘာယ်လ်၊ ခုတော့ ကျွန်တော် သုံးကျပ်ပေး ဝယ်လာခဲ့ရ
တယ်”

“ဟင့်အင်း....သုံးကျပ်တန် စာအုပ်ဟောင်းတစ်အုပ် မေ
ဘယ့်လ် လာပေးရင်တော့ ကျေးဇူးမတင်တဲ့အပြင် အခန်း
ထဲ အမှိုက်ရှုပ်လို့ လွှင့်တောင် ပစ်လိုက်ဦးမယ်”

“တယ်တူမလဲ မေဘာယ်လ်ရာ၊ မေဘာယ့်လ်ကို လက်ဆောင်
ပေးရင်တော့ တစ်ရာ့ငါးဆယ်လောက် ပေးရတဲ့ ပင်ခရို
တစ်ဘူး ဝယ်ပေးမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ယု”

ယုက ပြုံး၍ ခေါင်းခါရင်း....

“ဟာ....အဲဒါတော့ ဘယ်ဟုတ်မလဲ၊ ယုကို ပင်ခရိုပေး
ရင် ပင်ခရိုပြန်ရောင်းပြီး သပြေညို အုပ်ငါးဆယ် ဝယ်ထား
မှာပေါ့၊ မမက်ဘဲတော့ ဘယ်နေပါ့မလဲ”

ယုက မေဘာယ်လ် အူမတိုဖြစ်စေရန် နောက်၍ တုံ့ပြန်
သည်။ ထွန်းလွင်က အတည်ကြီးဖြင့် ခေါင်းခါရင်း....

“မရဘူးယု၊ ပင်ခရိုဘူး ငါးဆယ်က ဝယ်လို့လွယ်တယ်၊
သပြေညို ၁၉၄၇ ခုနှစ်က ပုံနှိပ်တဲ့စာအုပ်က တစ်ခါတလေ
ငွေတစ်သိန်းပေးလဲ ရှာမရတတ်ဘူး”

ယုက ပြုံးမဲ့ပြုံးနေသည်။

“သိပါတယ် ကိုထွန်းလွင်ရယ်၊ ဒါပေမယ့် ကိုထွန်းလွင်
မှာရှိနေတဲ့ အဲဒီ အဖိုးတန်စိတ်ဓာတ်တွေက မေဘာယ့်လ်ဆီ
မှာ ဘာမှ အသုံးမဝင်လို့ တမင် ပြောပေးတာပါ”

မှန်တာဝန်ခံရလျှင် တစ်ခါတစ်ရံ၌ ထွန်းလွင်လိုလူမျိုးသာ သူနှင့် ချစ်ခင်ရပါက များစွာ အတွဲညီကြောင်း စိတ်ကူးယဉ်ဖူး၏။

* * *

ခုတော့ သူရွေးချယ်မည့် ချစ်သူမျိုးသည် ဤသို့သော လူမျိုးဖြစ်လျှင် သိပ်ကောင်းမည်ဟု သူ ခံစားခဲ့ဖူးသည်။ ထွန်းလွင်က သူ့ကို တည့်တည့် ချစ်ရေးဆိုနေလေပြီ။

သို့ရာတွင် မရှောင်သာ၊ မလွှဲသာ သူ ငြင်းဆိုရဦးမည်ဖြစ်ကြောင်းကိုလည်း ယု နားလည်နေမိသည်။

မေဘယ်လ်ရှေ့တွင် မျက်နှာပြောင်တိုက်၍ ထွန်းလွင်အချစ်ကို လက်ခံရန် ယု ဤမျှမမိုက်မဲ။

ယုဘဝတွင် အရာရာကို ဦးနှောက်ဖြင့် လိုက်လံညှိနှိုင်းတတ်ရန် အလေ့အကျင့်က ရှိခဲ့ပြီ။ ခုခါမှ ဤ အလေ့အကျင့်ကို ဖျက်မပစ်ရက်။ လူသည် မတ်မတ်ရပ်သော သတ္တဝါဖြစ်သည်။ နှလုံးသားထက် ဦးနှောက်နေရာက မြင့်၏။ မြင့်သော ဦးနှောက်ကသာ နှလုံးသားကို ခိုင်းစေ ထိန်းချုပ်နိုင်ရမည်။ နှလုံးသားက ဦးနှောက်ကို ထိန်းချုပ်လိုက်သည်နှင့် လူသည် ကင်းမြီးကောက် ထောင်ပြီးသား ဖြစ်သွားပေတော့မည်။





ကင်းမြီးကောက် ထောင်ခြင်းသည် လူဘစ်ယောက်၏ သာဝရ ရပ်ဘည်မှုအတွက် လုံလောက်သော ခိုင်မာမှုရနိုင်သည့် ပုံစံမဟုတ်။

"ဂျောက်"

ရုတ်တရက် အခန်းတံခါးဖွင့်သံကြောင့် ယု ကပျာကယာ လှည့်ကြည့်လိုက်သည်။

"ဟင်"

သူ မည် မျှ ကြာ အောင် အ တွေး ဝင်နေ မိ သည် မ သိ။ ကိုထွန်းလွင်နှင့် ဆင်းတွေ့သော မေဘယ်လ်ပင် ပြန်ရောက်လာပေပြီ။

ယု ရင် လှုပ်ခနဲခုန်၏။

မေဘယ်လ် ဘာပြောခဲ့သလဲ၊ ဘာလုပ်ခဲ့သလဲ။

ဘာဖြစ်လို့ မေဘယ်လ် သည်နေ့ ဆင်းတွေ့ရတာလဲ။

(၆)

ထိုအတွေးက အခိုက်အတန့်လေးမှာမှ ဖျတ်ခနဲ ဝင်လာသည်။

"မောဘယ်လ် ဘာလို့ ဆင်းတွေ့တာလဲ"

အမှန်အားဖြင့် ထွန်းလွင်ဆီ မောဘယ်လ် သွားမတွေ့သင့်တော့။ မောဘယ်လ်နေရာကကြည့်လျှင် မောဘယ်လ် ထွန်းလွင်ကို သိပ်စိတ်ဆိုးသင့်သည်။ မျက်နှာ မကြည့်ချင်လောက်အောင် ဖြစ်သွားရမည်။

ယုပင် ဆင်းမတွေ့သည့်ကိစ္စကို မောဘယ်လ်က ဘာရည်ရွယ်ချက်ဖြင့် ဆင်းတွေ့ပါလိမ့်။

ယုခေါင်းထဲတွင် သိချင်ဇိတ်များ တန်းစီ ဝင်ရောက်လာသည်။

ပြုံးပန်းတစ်ရာစာစေ

သွားတွေ့ပြီး ဘာလုပ်သနည်း။

မေဘယ်လ်နှင့် ထွန်းလွင်တို့ဆက်ဆံရေး ဘယ်လိုဖြစ်သွားပြီနည်း။

သူ့ကို မေဘယ်လ် ဘာပြော ဦးမည်နည်း။

ထိုမေးခွန်းအားလုံး၏ အဖြေသည် ယခု ပြန်လာသော မေဘယ်လ်မျက်နှာ၊ မေဘယ်လ်အမူအရာ၊ မေဘယ်လ် ပြန်ပြောပြသည့် စကားများတွင် ရှိသည်ကတော့ သေချာသည်။

ယု ကမန်းကတန်း ထရပ်သည်။

တံခါးတွန်းဖွင့်၍ ဝင်လာသော မေဘယ်လ်ကို သိချင်စိတ်ဖြင့် အမြန်ဆုံး မြင်အောင်ကြည့်သည်။

အံ့ဩစရာ မြင်ကွင်းတစ်ခုကို ယု တွေ့လိုက်ရ၏။

မေဘယ်လ်မျက်နှာတွင် အပြုံးတစ်ခု ထူးထူးခြားခြား ရှိနေသည်တကား။

* * *

အံ့ဩနေသော ယုနားသို့ မေဘယ်လ် ပြုံးရွှင်လန်းဆန်းစွာပင် ချဉ်းကပ်သည်။

ထို့နောက် ယုပခုံးကို သိုင်းဖက်ရင်း....





"ဘာလဲ ယု၊ စောင့်ရတာ မောပြီလား၊ ကဲ....လာ၊ မင်းသိချင်နေတာတွေ အားလုံး 'ကိုယ် သေသေချာချာ ပြောပြမယ်"

အကင်းပါးလွန်းသော မေဘယ်လ်က ယုကို မြင်လိုက်သည်နှင့် ယု ဘာဖြစ်နေသည်ဆိုသည်ကို တန်းသိသည်။ယုသာယောင်ချာချာနှင့် မေဘယ်လ်က ထိုင်ခိုင်းသည့် ခုတင်ထောင့်စွန်းတွင် ဝင်ထိုင်ရင်း မေဘယ်လ်အမူအရာကို ခက်ခက်ခဲခဲ အကဲခတ်သည်။

မေဘယ်လ်က ယုနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး....

"မင်းကံ ကောင်းပါတယ် ယုရာ၊ ဘာပဲဖြစ်ဖြစ် ကိုထွန်းလွင်ကို မငြင်းပါနဲ့၊ သူ့အချစ်ကို မင်း လက်ခံလိုက်ပါ"

ယုက ခေါင်းခါသည်။

"အဲဒီကိစ္စ မေဘယ်လ် ခဏထားလိုက်ပါဦး၊ အခု ကိုထွန်းလွင်နဲ့ မင်း ဘာတွေပြောပြီး ဘာတွေ ဖြစ်ခဲ့ကြတယ်ဆိုတာ တို့ကို အရင် ပြောပြပါလား"

"ကိုထွန်းလွင်နဲ့ ကိုယ် ဘာမှမဖြစ်ပါဘူး ယု၊ အစအဘည်းက ဘာမှ ဖြစ်တဲ့သူတွေမှ မဟုတ်ဘဲ၊ မင်းကိစ္စတောင် ကိုယ်က စ,မမေးရပါဘူး၊ ကိုယ် တစ်ယောက်ဘည်းဆင်းလာတာတွေ့တာနဲ့ သူက မင်း မပါလာဘူးလားလို့ စ,မေးတာပဲ"

မောဘယ့်လ်အမှုအရာက သွားတုန်းက အမူအရာနှင့် လုံးဝ မတူတော့သည်မှာ သေချာသည်။ တစ်ခုခုကို ဖုံးကွယ်ပစ်လိုက်ပြီဟု ထင်မိ၏။

"ကိုယ်က မပါဘူးလို့ပြောလိုက်တော့ သူက ယု ကျွန်တော့်ကို စိတ်ဆိုးနေပြီထင်တယ် မောဘယ်လ်၊ ကျွန်တော် သူ့ကို ဒီနေ့ ချစ်ရေးဆိုလိုက်တယ်လို့ တစ်ခါတည်း တန်းပြောတာပါပဲ"

"အဲဒီတော့"

"အဲဒီတော့ ကိုယ်ကလဲ မောဘယ်လ့် သိပြီးပါပြီ ကိုထွန်းလွင်၊ ကိုထွန်းလွင်က ပိရိမယ့် ပိရိတော့လဲ တယ်ပိရိလိုက်ပါလား၊ မျက်လှည့်ပြလားတောင် အောက်မေ့ရတယ်၊ ဒါပေမယ့် ကိုထွန်းလွင် တစ်နေ့တော့ညံ့သွားပြီ၊ စောစောစီးစီးက မောဘယ့်သ်ကို ပြောပြထားရင် မောဘယ်လ့် အများကြီး ကူညီရဘာပေါ့လို့ ပြောလိုက်တယ်"

"သူက ဘာပြောလဲ"

"ဝမ်းသာသွားတာပေါ့ ယုရ၊ ဟာဗျာ....ဒါဖြင့်ရင် ခုလဲ ကူညီပေးပါဦး၊ ယုက ကျွန်တော့်ကို လက်ခံချင်ပုံမရဘူးတဲ့၊ ကိုယ်ကလဲ ပြောလိုက်ပါတယ်၊ စိတ်ချပါ ကိုထွန်းလွင်၊ ယုဘက်ကို မောဘယ်လ် တာဝန်ယူပါတယ်လို့"

လောကကြီးသည် သူထင်တာထက် များစွာ ရှုပ်ထွေးပြီး မှန်းဆရန် ခက်လှပါလားဟု ယု အောက်မေ့နေမိ၏။





ယုဖတ်သော စာအုပ်များကပင် ထိုအကြောင်းများကို ထည့်မရေးဖြစ်ကြ၍လား မပြောတတ်။

သို့မဟုတ် လောကကြီးကပင် ရေးသားဖော်ပြပြီးခဲ့ကြသော အကြောင်းအရာများနှင့် လုံးဝ မတူညီသည့် အသစ်အဆန်းဇာတ်လမ်း ဇာတ်ကွက်များကို နေ့စဉ် ဖန်တီးတီထွင်နေရမှကျေနပ်သူ ဖြစ်နေ၍လား မဆိုနိုင်။

*    *    *

"လက်ခံလိုက်ပါ ယု၊ ကိုယ် မင်းကို ရင်ထဲကလာတဲ့ မေတ္တာနဲ့ တိုက်တွန်းတာပါ၊ ကိုထွန်းလွင်ဟာ ရွေးချယ်သင့်တဲ့ လူတစ်ယောက်ပါ"

စကားအဆုံးတွင် မောဘယ်လ်က မျက်နှာတစ်နေရာသို့ လွှဲလိုက်ပါက ယု စိတ်ထဲ တစ်မျိုးဖြစ်ချင် ဖြစ်ဦးမည်။ ခုဟာက မောဘယ်လ် လုံးဝ မကြည့် မလွှဲ။ မျက်နှာမပြောင်း၊ အပြုံးမပျက်။ ခါတိုင်းလေသံမျိုးနှင့်ပင် ကြည်ကြည်လင်လင်ပြောသည်။

ယု မနေနိုင်၊ ရင်ထဲမှာ တစ်ခုခုရှိနေလျှင် အူးနူတ်သလို နှုတ်ပစ်ရမှ ကျေနပ်သော ယုမို့ မေးချင်နေသည့် မေးခွန်းကို မေးချလိုက်သည်။

"တို့ တစ်ခုမေးမယ် မောဘယ်လ်"

"မေးလေ"

"ကိုထွန်းလွင်က တို့ကိုချစ်စကားပြောတဲ့ကိစ္စ၊ မေဘယ့်လ်စိတ်ထဲမှာ ဘယ်လိုမှ မနေဘူးလား၊ ခုမင်းပြောနေတဲ့စကားတွေက တကယ်ပြောနေတာလား"

မေဘယ်လ် ရယ်သည်။

"တကယ်ပြောတာပေါ့ ယုရ၊ ဘာလဲ မင်းက ကိုယ်ငေါ့နေတယ်များ အောက်မေ့လို့လား၊ ကိုယ့်စိတ်ထဲမှာ ဘာမှမဖြစ်ပါဘူး၊ ဖြစ်စရာလဲ မလိုဘူးလေ၊ ဒါမျိုးက ဒီလိုပဲဖြစ်တတ်တာပဲဟာ"

"ဘာမျိုးက ဘယ်လိုဖြစ်တတ်တာလဲ မေဘယ်လ်၊ အဲဒီစကားကို တို့ နားမလည်ဘူး"

"ဩော်....ယုကလဲ ဒါမျိုးက ဖြစ်တတ်တာပေါ့၊ ယုလဲ အိုနာ ကျိုးကန်းနေတာမှ မဟုတ်ဘဲ၊ အပျိုနှစ်ယောက် ရှိတဲ့နေရာကို လူပျိုတစ်ယောက်လာရင် သူ ကြိုက်ချင်တဲ့ သူကိုရွေးကြိုက်သွားနိုင်တာပေါ့"

"တို့က မေဘယ့်လ်ကို အားနာတယ်၊ မင်းကို သက်သက်မယ့် စော်ကားသလို ဖြစ်နေလို့ ကိုထွန်းလွင်ကိုလဲ အရမ်းစိတ်ဆိုးတယ်"

မေဘယ်လ်က အပြုံးမပျက် ပခုံးတွန့်သည်။

"သူက ယုကိုကြိုက်တာကိုး၊ အဲဒါ ကိုယ်က ဘာလုပ်ရမှာလဲ၊ ဒီအတွက်လဲ ယုနဲ့ကိုယ့်ကြားမှာ ဘာပြဿနာမှ ဖြစ်စရာမလိုဘူး၊ မင်းနဲ့ကိုယ်က သူငယ်ချင်းပဲ၊ ပြီးတော့ ယု





စိတ်မဆိုးနဲ့နော်၊ ကိုယ်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ ကိုယ့်မှာက မရှားပါဘူး"

ဩော်....မင်းဆိုလိုတာကတော့ ရှားရှားပါးပါး တစ်ယောက်တလေရတာမို့ လက်မလွှတ်သင့်ဘူးလို့ ဆိုတာပေါ့ဟု ရင်ထဲက ပြောဖြစ်သည်။ သို့သော် မလိုအပ်သော စကားမို့ နှုတ်မှ မကျွံဖြစ်။ တုံ့ပြန်အပြုံးတစ်ခုကိုသာ လုပ်၍ ပြုံးယူလိုက်ပြီး....

"အေးလေ၊ မင်းနဲ့တို့ကြားမှာ နားလည်မှုရှိရင် ပြီးတာပါပဲ၊ တို့လဲ သူငယ်ချင်းကို ပို ချစ်တတ်ပါတယ်၊ သူ့ ကိစ္စကိုလဲ တို့ လောလောဆယ် ခေါင်းထဲ ထည့်မထားနိုင်သေးပါဘူး၊ စဉ်းစားသင့်တဲ့အချိန်ကျမှပဲ စဉ်းစားမှာပါ"

မေဘယ်လ်က အသံထွက်၍ရယ်သည်။

"စဉ်းစားပါကွာ၊ သိပ်အကြာကြီးလဲ ဆွဲမထားပါနဲ့၊ တစ်ဖက်က တမျှော်မျှော်နဲ့ စောင့်စားနေရတာကျတော့လဲ အားနာဖို့ ကောင်းပါတယ်၊ ပြီးတော့ မင်းလဲ ချင့်ချိန်နိုင်တဲ့ အရွယ် ရောက်ပြီပဲ၊ စတုတ္ထနှစ် ဘီအီးဒီ ကျောင်းသူက ဒါမျိုး မစဉ်းစားသေးဘူးလို့ သွားပြော မနေနဲ့ဦး၊ ကိုယ်ဆိုလဲ သူ့နေရာကနေ ယုံမှာမဟုတ်ဘူး"

"တို့က လူတွေယုံအောင် ဒီစကားပြောနေတာ မဟုတ်ပါဘူးကွာ၊ တို့စိတ်ထဲမှာကိုက တကယ်ကို မေ့ထားခဲ့တာပါ၊ မေ့ဘားနိုင်လို့ရတဲ့အကြောင်းလဲ ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခု အသက်အရွယ်အထိ တို့စိတ်ထဲမှာ စွဲစွဲလမ်း

လမ်း တမ်းတမ်းတတနဲ့ ရှူးရှူးမူးမူး ချစ်ရတယ်ဆိုတဲ့ အချစ်မျိုး တစ်ခါမှ မပေါ်ဖူးသေးဘူး"

"စဥ်းစဥ်းစားစား အချစ်မျိုး ဆိုရင်ကော"

"အဲဒါတော့ တို့ မပြောတတ်သေးဘူး မေဘယ်လ်၊ ဒါမျိုးလဲ တို့ ချစ်မကြည့်ရဖူးသေးဘူး"

"ချစ်ကြည့်ပါဦးကွာ၊ မင်း ချစ်နိုင်ပါလိမ့်မယ်၊ မသင့်တော်ရင် ကိုယ်ကလဲ မင်းကို မတိုက်တွန်းပါဘူး"

ယုထံမှ တုံ့ပြန်စကားမဆိုဖြစ်။ မှောင်ရီသမ်းလာပြီဖြစ်သော အဆောင်ဝင်း အပြင်ဘက်ကို ငေးငေး၍ လှမ်းကြည့်သည်။ ငှက်ရောင်စုံလေးများ မမြင်ရ။ သစ်ရွက်ခတ်သံ လေပြေးသံလေးများလည်း နားထဲမဝင်။ ပန်းပွင့်ရောင်စုံလေးများနှင့် လိပ်ပြာရောင်စုံလေးများလည်း အာရုံထဲမပေါ်။

လမ်းမီးတွေများ ပျက်နေလားမသိ။ အမှောင်ကဲလှချည့်ဟု မဆီမဆိုင် တွေးမိ၏။

* * *

ထိုနှစ် မိုးမကုန်မီ တစ်ရက်တွင် ထွန်းလွင်အား အဖြေပေးဖြစ်သည်။





နောင်....ကာလကြာသောအခါ ထွန်းလွင်က သူ့ကို တဖွဖွခေါ်ရန် ပူဆာလွန်းသဖြင့် ယုက 'မောင်' ဟု ခေါ်ခဲ့သည်။

သာမန်အားဖြင့် တွေ့နေကျ အချစ်ဝတ္ထုများတွင် မင်းသမီးနှစ်ယောက်နှင့် မင်းသားတစ်ယောက်ကြား ဟိုလိုလို သည်လိုလိုဖြစ်နေပါက နောက်ဆုံး တစ်ယောက်ယောက်ကို အဖြေပေးပြီး ချစ်သူ အတိအကျဖြစ်သွားသည်နှင့် ဝတ္ထုက ပြီးပါပြီ၊သို့မဟုတ် နားဦးစို့ဟုသာ ရေးထိုးရန် ကျန်တော့သည်။

ယု ရေးမည့်ဝတ္ထုသည် တိကျသေချာ၍ အပိုအလိုမရှိသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါအံ့။

ဇာတ်လမ်းသည် ခုမှ စရပေမည်။

စင်စစ် ပြီးခဲ့သမျှသော အပိုင်းများသည် ယု ဝတ္ထု၏ နိဒါန်းမျှသာ ဖြစ်ပါသည်တကား။

အပိုင်း (သုံး)

မိုးက ရေအရမ်းပါနေသည်။

ရွာချိန် သိပ်မကြာလိုက်သည့်တိုင် ပြတင်းမှ မြင်နေရသော လမ်းမနှင့် ခြံဝင်းတို့တွင် ရေများ ဖွေးဖွေးမြုပ်သွားသည်။

ယု ခေါင်းထဲတွင် ဝတ္ထုအား စီစဉ်သွားရမည့် တင်ပြမှုပုံစံလေးတစ်ခု ဖျတ်ခနဲ ရောက်လာသဖြင့် စောစောက လက်စဖြင့် ချထားခဲ့သော စာရေးစားပွဲဆီ ပြန်လျှောက်လာခဲ့သည်။

စောစောက ရေးထားလက်စဖြစ်သော နောက်ဆုံးစာကြောင်းလေး နှစ်ကြောင်းကား မျက်လုံးထဲ အရင်ဆုံး ခုန်ဝင်လာသည်။

မိုးက သစ္စာရှိပါတယ် မောင်ရယ်။
သစ္စာမရှိတာက....လူတွေပါ။

မြူးပန်းတစ်ရာ•ာပေ

ယုက သက်ပြင်းချလိုက်ပြီး ရေးပြီးသား စာရွက်လေး များကို ပြန်ဖတ်ကြည့်သည်။

ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်နေပြီမောင်။
မိုးမည်းကြီးက ပြိုကျဖို့ တဲတဲကလေးပဲ လိုတော့ တယ်။

ယု ရင်ထဲမှာ မိုးစက် မိုးမှုန်တွေစုပြီး လေထဲမှာ တိမ်စိုင်ထုကြီး ဖြစ်နေသလို အုံ့ဖွဲ့နေတဲ့ မျက်ရည်မိုးကြီး ပြိုတော့မယ်။

ရင်ထဲမှာ မချိလွန်းလို့သာ ရရာ တရားခံကို ယိုးမယ်ဖွဲ့ ရမယ်ရှာရပါတယ်၊ တကယ်တမ်းကျတော့ မိုးညို့ညို့ ကြီးမှာ အပြစ်မရှိရှာပါဘူး။

အပြစ်ရှိသူဟာ....မိုး မဟုတ်ပါဘူး။
သစ္စာမဲ့သူက မိုး မဟုတ်ပါဘူး။

သိပ် သေချာပါတယ်၊ တမ်းတတဲ့ မှာတမ်းရှည်ဖြစ်ချင် ဖြစ် မဖြစ်ရင် လွမ်းရတဲ့ ငိုချင်းရှည်ဖြစ်နေမှာပါပဲ။

စိတ်ထဲတွင် အားလျော့သလိုလို ပြန်ဖြစ်သွားသည်။ ယု ပြုံးမိ၏။ မချိပြုံး။ နားထဲတွင် ကိုစိုးမြတ် ပြောလိုက်သော စကားလေး ပြန်ကြားမိလိုက်သောကြောင့်ဖြစ်၏။

"မယု စာရေးချင်တယ်ဆိုတဲ့ ဆန္ဒကို ချက်ချင်းအကောင် အထည်ဖော်လိုက်ပါ မယု၊ ဘာပဲဖြစ်ဖြစ် ငီအချိန်မှာ မယုရဲ့





စိတ်နေစရာ တစ်ခုခုရှိဖို့ အရမ်းလိုအပ်ပါတယ်၊ ဘာ အကြောင်းဖြစ်ဖြစ် ရေးချင်တဲ့အကြောင်းကို ရေးချင်သလို သာ စ,ရေးနေပါ၊ တစ်ပုဒ်ပြီးရင်လဲ နားမနေပါနဲ့၊ နောက်တစ်ပုဒ် ဆက်ရေးပါ၊ အဲဒီအလုပ်ထဲမှာပဲ အာရုံကို အပြည့်ထား၊ ရေးပြီးရင် ဘာလုပ်မလဲဆိုတာ မစဉ်းစားနဲ့၊ ယု ရင်ထဲက ခံစားမှုတွေကိုသာ စာလုံးတွေအဖြစ် ပြောင်းနေ၊ စာဆိုပြီး စာနဲ့မတူလို့လဲ ဘာမှ စိတ်ဓာတ်ကျမနေနဲ့"

အားလုံးကို မေ့ပစ်ချင်၍ စာရေးဖို့ ဆုံးဖြတ်ခါမှ အားလုံးပြန်အစဖော်မိသလို ဖြစ်နေပြီဟု ကိုစိုးမြတ်ကို ခုနေ သွားပြောလျှင် ကိုစိုးမြတ် ဘာပြောဦးမည် မသိ။

ငိုချင်းကြီး ဖြစ်နေရုံမကလို့ ယေင်ကျူးကြီးပဲ ဖြစ်ဖြစ် ရေးသာရေး မယု ဟု အားပေးမြဲ အားပေးဦးမည်လား မပြောတတ်။

* * *

ခေါင်းထဲတွင် အာရုံလေး ဟိုပြောင်း သည်ပြောင်းဖြစ် သွားသဖြင့် ထွေပြားသွားသော အာရုံထဲတွင် လက်ခနဲ စိတ်ကူးလေးတစ်ခု ပေါ်လာသည်။

စာရေးသော လူများသည် ခံစားချက်ဖြင့် ရေးကြခြင်း သာဖြစ်သည်။ ခံစားချက်ဖြင့် ရေးသောကြောင့်သာ ခံစား

စရာ စာ ဖြစ်လာရခြင်းပင်။ငိုချင်း၊ လွမ်းချင်း၊တမ်းတခြင်း များအပ ဘာများ ထွက်လာနိုင်ဦးမည်နည်း။

ငိုချင်းဖြစ်နေလျှင်လည်း ကိုယ်နှင့် အလားတူ ငိုချင်နေသောလူများနှင့် အံ့ဝင်ခွင်ကျ ဖြစ်နိုင်ပေသည်။ လွမ်းချင်း၊ တမ်းတချင်းဖြစ်လျှင်လည်း လွမ်းချင် တမ်းတချင်သူများက နှစ်သက်လက်ခံပေလိမ့်မည်။

ခေါင်းထဲတွင် ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရသည်။ ဝတ္ထု၏ အဖွင့်စာမျက်နှာလေးတွင် ထိုအရာလေးကို ချရေးပြီး ဖွင့်လိုက်လျှင် ကောင်းမည်ဟု တွေး၏။

ယု....ကမန်းကတန်း အဝတ်အစားထည့်သည့် သေတ္တာဆီပြေးသည်။ မနေ့ကမှ သည်အိမ်ရောက်လာသဖြင့် အစစနေရာ မချရသေးသောကြောင့် အဝတ်အစားများလည်း ခရီးဆောင် သားရေအိတ် သေတ္တာထဲ၌သာ ရှိနေသေးသည်။

အဝတ်အစား အထပ်အောက်သို့ လက်လျှိုပြီး ထိုအရာကို ဆွဲထုတ်သည်။ လက်ထဲတွင် အလျား ရှစ်လက်မ၊ အနံခြောက်လက်မ ရှိမည်ဖြစ်သော စာအိတ်ဖြူလေး ပါလာသည်။

ထိုစာအိတ်ဖြူလေးထဲတွင် ကတ်ပြားအမာခေါက်လေးတစ်ခုရှိနေသည်။ ယုက စက္ကူပါးစာအိတ်ဖြူထဲမှ ကတ်ပြားဖြူလေးကို ဆွဲထုတ်လိုက်သည်။





အဖြူရောင် ကြွေစက္ကူကတ် ပြားပေါ်တွင် အသားဖောင်းကြွပန်းဒီဇိုင်းများနှင့် ကတ်ပြားလေး။ကတ်ပြားလေး၏ အပေါ်ဘက် ညာဘက်ထောင့်အနီး လေးထောင့် ပန်းလွတ် ကွက်လပ်လေးတွင် ငွေရောင်ဖောင်းကြွဖြင့် ရိုက်နှိပ်ထားသော စာလုံးများ။

**လက်ထပ်မင်္ဂလာ**

ထိုစာလုံးလေး၏ အပေါ်ဘက် ထောင့်စွန်းတွင် အမည်လေးနှစ်ခု။

**မောင်ထွန်းလွင်**

**မယုယုမွန်**

အောက် ဘယ်ဘက်ထောင့် ကွက်လပ်လေးတွင်မူ မင်္ဂလာနေရာနှင့် နေ့စွဲ။ အင်းလျားကန် ဟိုတယ်။ ၁၈-၃-၇၉ (တနင်္ဂနွေနေ့)။

ဒါလေးကနေ စ,ရေးမည်ဟု ဆုံးဖြတ်လိုက်၏။

(၁)

နှစ်ဖက်သော မိဘအမည်များနှင့် ယှဉ်တွဲ၍ မောင်ကလည်း နာမည်နောက်က အမြီးကလေးတပ်ပြီး မောင်ထွန်းလွင် မဟာသိပ္ပံ (ဓာတုဗေဒ) ဟု လည်းကောင်း၊ ယုကလည်း မယုယုမွန် ဘီအီးဒီ ဟု လည်းကောင်း အသီးသီး ထည့်သွင်းနိုင်ခဲ့သည်။ နှစ်ဖက်သော မိဘများ ရှေ့မှောက်တွင် ဆိုသော စာတန်းလေးပါ အဓိပ္ပာယ်ရှိရှိ ရေးသားပါရှိသော ဖိတ်စာကတ်ပြားလေး မတွေ့ရသည့် နေ့ကလောက် ကြည်နူးအေးချမ်းရသည့် နေ့မျိုး ယုဘဝတွင် ထပ်တူထပ်မျှ နေ့တစ်နေ့မရှိနိုင်တော့ပြီဟု ထင်မိသည်။

ပြုံးပန်းတစ်ရာစာပေ

မောင်လည်း အရမ်းပျော်နေပုံရသည်။ မောင့်အမူအရာ၊ မောင့်ရွှင်လန်းမှု၊ မောင့်အားတက်သရော ပြောနေမှု အားလုံးသည် ယု ကျေနပ်မှု၊ ကြည်နူးမှုများအား ပိုမို ဆပွားအောင် ပြုလုပ်ပေးနိုင်နေသည်။

"အားလုံး အဆင်ပြေသွားပြီ ယုရေ၊ ဘာတစ်ခုမှလိုလေသေးမရှိအောင် မောင် အစီအစဉ်ဆွဲပြီးပြီ၊ ၁၈ ရက်နေ့မှာပဲ မနက်ပိုင်း လက်ထပ်မယ်၊ နေ့လည်ပိုင်း ဧည့်ခံမယ်၊ နောက်နေ့ ညောင်လေးပင်မှာ ဧည့်ခံပွဲ ထပ်လုပ်မယ်၊ ပြီးတာနဲ့ ၂၁ ရက်နေ့ကျရင် ယုနဲ့ မောင် ငပလီသွားမယ်၊ လေယာဉ်လက်မှတ်လဲ ဘွတ်ကင်လုပ်ပြီးပြီ၊ မောင့်မိတ်ဆွေ မြန်မာ့လေကြောင်းက အရာရှိကို သေချာမှာထားတယ်၊ ဂျက်နဲ့ကြုံတဲ့ရက်ကို စီစဉ်ပေးပါလို့၊ ယုက လေယာဉ်မစီးဖူးတော့ ဖော်ကာဆိုရင် ကြောက်နေမှာစိုးလို့၊ ဟိုမှာလဲ ဘန်ဂလိုတစ်လုံး အဆင်သင့်ရှိတယ်၊ ငပလီမှာ တစ်ပတ်ပဲနေမယ်၊ အဲဒီက ပြန်လာရင် မြန်မာပြည်တစ်ပြည်လုံး ရှိသမျှဘုရားတွေ အကုန်လျှောက်ဖူးမယ်၊ ဪ....သန်ဘက်ခါကျရင် မောင်နဲ့ ရန်ကုန် ခဏလိုက်ခဲ့ဦး၊ မောင် လာခေါ်မယ်၊ လက်ထပ်ပြီးရင် မောင်နဲ့ယု နေမယ့်အခန်းကို မောင် စပါယ်ရှယ်ပြင်ထားတာ လိုက်ကြည့်နော်၊ ယုမကြိုက်တာရှိရင်လဲ အချိန်ရှိတုန်း ပြင်ရအောင်"





ထိုနေ့ကို ယု ကောင်းစွာမှတ်မိသည်။ နောက်တစ်ရက်နှစ်ရက်ကြာလျှင် ယုဖေဖေနှင့် ယု ရန်ကုန်ဆင်းလာမည့်နေ့ဖြစ်သော်လည်း မောင်က ယုတို့အလာအထိ မစောင့်နိုင်။

ဖိတ်စာရရချင်း ပြချင်လို့ဟုဆိုကာ ညနေစောင်းကြီး ညောင်လေးပင်ရှိ ယုတို့အိမ်သို့ ပေါက်ချလာခြင်း ဖြစ်သည်။ ရောက်လာကတည်းက အားရပါးရစကားပြော၊ တဝကြီးကျေနပ်အောင် ပြောပြီး ညခုနစ်နာရီလောက်မှ ညောင်လေးပင်က ပြန်သည်။ သုံးနာရီလောက် မောင်းရသည့်ခရီးဘာမှပင်ပန်းတာမဟုတ်ဘူး၊ မနက်ဖြန် နံနက်ပိုင်း အခန်းတွင် လေအေးစက် တပ်ဆင်သည့်ကိစ္စ အပြီးသတ်မည်၊ မောင်မရှိလို့ မဖြစ်ဘူး ဟုဆိုပြော၍ ပြန်သွားသည်။

ထိုညက ယု အိပ်မပျော်။

မောင့်စကားများ နားထဲတွင်ရစ်ဝဲသည်။ မောင့်အပြော၊ မောင့်အမူအရာ၊ မောင့်တက်ကြွမှုများ ယုမျက်လုံးထဲက မထွက်။ မောင့်အစီအစဉ်များ၊ လက်ထပ်ပွဲ၊ ဧည့်ခံပွဲ၊ ပျားရည်ဆမ်းခရီး အရာရာသည် ယုစိတ်ကူးထဲတွင် ပျော်စရာကောင်းလှ၏။

အရာအားလုံးသည် အိပ်မက်လှလေးများပင်။

အိပ်မပျော်ဘဲ မက်ရသည့်အိပ်မက်မို့ အလှဆုံး စိတ်ကူးယဉ်ချိန်လေးများတွင် ယု ဝမ်းသာ ကြည်နူးလွန်းသဖြင့် မျက်ရည်များပင် ဝဲမိသည်။

အပျော်ဆုံးနေ့ တစ်ရက်ပါ မောင်။

* * *

မှန်သည့်အတိုင်း ဝန်ခံရလျှင် ယု မောင့်ကို အဖြေပေးသည့်အချိန်၌ လည်းကောင်း၊ အဖြေပေးပြီးစ ရက်များက လည်းကောင်း တစ်ချိန်ချိန်တွင် ဤမျှကျေနပ်ပျော်ရွှင်ရလိမ့်မည်ဟု ယု လုံးဝ မျှော်လင့်ခဲ့သည်မဟုတ်။

အထူးသဖြင့် အဖြေပေးသည့်နေ့ကဆို ဆုံးဖြတ်တာ မှားစရာမရှိဟု သိနေသည့်ကြားက နောင်တွင်ကော ခုလိုအဆင်ပြေပါ့မလား ဟူသော အတွေးဖြင့် အိပ်၍ပင် မရခဲ့။

စင်စစ် ထိုအဖြေသည် လွယ်လင့်တကူ ပေးခဲ့သော အဖြေလည်း မဟုတ်။ ရှေ့နောက်ချင့်ချိန်တိုင်းထွာပြီး အကြိမ်ကြိမ် နှိုင်းဆပြီးမှ ပေးသောအဖြေနှင့် ဆုံးဖြတ်သော ဆုံးဖြတ်ချက်လည်း ဖြစ်သည်။





သို့သော် ယုကိုယ်ယု သိနေသည်။ ယု မောင့်ကို တုံ့ပြန်ခဲ့သည့်အချစ်သည် ရင်ခုန်ခြင်းများစွာဖြင့် ဆယ်ကျော်သက်ဆန်စွာ ချစ်ခဲ့သောအချစ်မဟုတ်၊ အကြောင်းကြောင်းများကို အရုံအကာပြုပြီးသကာလ ချစ်သင့်သည်ဟုထင်၍ ချစ်ခဲ့သော စဉ်းစားချစ်မျှသာ ဖြစ်သည်။

ထိုအချစ်သည် သန့်မှသန့်ပါရဲ့လား၊ မြဲမှမြဲပါ့မလား။ ဘဝ တစ်လျှောက် လုံး လက်တွဲသွားနိုင်ရေးအတွက် လိုလောက်မှ လုံလောက်ပါရဲ့လား။ သံသယများစွာ နေ့နှင့်ညကို အမြဲစိုးမိုးနေခဲ့သည်။

ထိုရက်များသည် မေ့ပျောက်လွယ်ဖွယ် နေ့ရက်များမဟုတ်။

* * *

မှတ်မှတ်ရရ မောင် ယုကို ချစ်ရေးဆိုခဲ့သည့် နေ့၊ ညနေသည် ယုနှင့်မောင်· ချစ်သူမဖြစ်မီ အဆောင်သို့ မောင်နောက်ဆုံး လာခဲ့သည့်နေ့ ဖြစ်သည်။

ထိုနေ့က မေဆာယ်လ် တစ်ယောက်တည်း ဆင်းတွေ့ခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ နောက်ရက်များတွင်

သူလာလျှင်လည်း ယု ဆင်းတွေ့တော့မည် မဟုတ်ဟု မောင် တွေးထင်ထားမိပုံရသည်။ တကယ်လည်း ယုက မောင့်ကို ဆင်းမတွေ့တော့ရန် ဆုံးဖြတ်ထားခဲ့သည်။

ထိုညနေက မောင် မေဘယ်လ်နှင့်တွေ့ပြီး ပြန်သွားသော အခါ ဘာပြောပြော ယုရင်ထဲ ပေါ့တန်သလောက် ပေါ့ သွားသည်။ မေဘယ်လ်က မောင့်အချစ်ကို လက်ခံရန် ယု အား တိုက်တွန်းသည့်တိုင် ယု မောင့်ကိုလည်းမယုံ၊ မေ ဘယ်လ်ကိုလည်း မယုံ။

မောင့်ကို လက်ခံမည်ဆိုပါက လက်ခံနိုင်လောက်သည် ဟု သိနေသည့်ကြားက မောင့်ကိုမေ့ပစ်လိုက်တာ အကောင်း ဆုံးပါပဲလေ ဟု ဆုံးဖြတ်ထားခဲ့သည်။

သို့အတွက် နောက်တစ်နေ့နံနက် ယု စာသင်ခန်းရှိရာ မောင်လာသောအခါ ယု ခါးခါးသီးသီး ငြင်းဆန်ခဲ့ခြင်း ဖြစ်၏။

* * *

စာသင်ချိန်ပြီး၍ အခန်းထဲက ပြန်အထွက် ရုတ်တရက် ပိတ်ရပ်လိုက်သော လူအရိပ်ကြောင့် ယု ကမန်းကတန်းမော့ ကြည့်လိုက်သည်။





"ဟင်.....ကိုထွန်းလွင်"

"ဟုတ်တယ် ယု၊ မနေ့ညနေက အဆောင်လာတော့ ယု ဆင်းမတွေ့တာနဲ့ ဒီနေ့ တမင် ယု ရှောင်နေလို့ မရနိုင်တဲ့ နေရာကို လာခဲ့တာ"

ယု တမင်တင်းထားသော မျက်နှာဖြင့် ခေါင်းကို ခါ ယမ်းသည်။

"မလာပါနဲ့ ကိုထွန်းလွင်၊ ယုဆီက ကိုထွန်းလွင် ဘာမှ မျှော်လင့်စရာမရှိပါဘူး၊ ယုလဲ ကိုထွန်းလွင်ကို ညှော်ခံစကား ပြောချင်စိတ် မရှိဘူး"

ထွန်းလွင်က ယုစကားကို မည်သို့မျှ အမှတ်ထားပုံမပေါ်။ အသံထွက်ရုံ တစ်ချက်ရယ်လိုက်ပြီး....

"ကိစ္စမရှိပါဘူးယု၊ ယုပြောချင်တာ ပြောပါ၊ ကျွန် တော် မနေ့ကတည်းက ပြောပြီးပြီပဲ၊ ယုဆီက အဖြေရတဲ့ အထိ စက္ကန့်တိုင်း ကြိုးစားနေမယ်ဆိုတာ"

"ဇွတ်မတိုးပါနဲ့ ကိုထွန်းလွင်၊ ကျွန်မ ဒါတွေကို မစဉ်း စားပါဘူးလို့ ရှင်းရှင်းလင်းလင်း ပြောခဲ့ပြီးပြီပဲ၊ ကျွန်မ မာ ယာသုံးပြီး လှည့်စားဖြားယောင်းနေတာ မဟုတ်ဘူး ကိုထွန်း လွင်"

ထွန်းလွင်မျက်နှာတွင် အပြောင်းအလဲမရှိ။သိသိသာသာ ခေါင်းညိတ်လိုက်ပြီး....

"လက်ခံပါတယ်ယု၊ ခုချိန်မှာ ယုစိတ်ထဲ ကျွန်တော့် အပေါ် ဘယ်လိုမှ တိမ်းညွတ်မနေဘူးဆိုတာ ကျွန်တော် အပြည့်အဝ လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်လုပ်နေတဲ့ အလုပ်က လူပျို့လှည့်တာ၊ ပိုးပန်းနေတာပဲ ယုရယ်၊ ကျွန်တော့် ဘက်ကဲ ဇွဲလေး၊ လုံ့လဝီရိယလေးနဲ့ ဇွတ်တိုးပြီး ကြိုးစားရမှာပေါ့၊ ယုက ကျွန်တော့်ကို မချစ်ပေမယ့် ကျွန်တော်က ယုကို ချစ်နေတာကိုး"

"အမိုက်မခံပါနဲ့ ကိုထွန်းလွင်၊ ရှင့်ဘက်က ဒါလောက် အပင်ပန်း ခံရလောက်အောင် ကျွန်မက ဘာတစ်ခုမှ ထူးခြားတဲ့ မိန်းကလေး မဟုတ်ပါဘူး၊ ရှင့်အနေအထားနဲ့ မဆွတ်ခင်က ညွတ်နေတဲ့ မိန်းကလေးတွေ အများကြီး ရှိပါတယ်၊ အလဟဿ ကျွန်မဆီမှာ အချိန်လာမဖြုန်းပါနဲ့"

"ကျွန်တော့်ကို စေတနာစကား ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် ယု၊ ဒါပေမယ့် ယုရဲ့ အကြံပေးစကားက ကျွန်တော့်အတွက် သိပ် အသုံးမဝင်ပါဘူး၊ ကျွန်တော် ယုကို တမင် ရွေးချယ်ထားတာပါ"

"အကျိုးမရှိတဲ့အလုပ်ကို မလုပ်ပါနဲ့ ကိုထွန်းလွင်"

"ကျွန်တော့် စိတ်က သူများနဲ့ နေရာတိုင်း မတူပါဘူး ယု၊ ယု ကျွန်တော့်ကို ငြင်းနိုင်သလောက် ငြင်းချင်တဲ့ ပုံစံနဲ့ ငြင်းပါ၊ ငြင်းစရာ ကုန်သွားရင် ငြင်းတော့မှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံနေပါတယ်"





ခက်ပါလား ကိုထွန်းလွင်ဟု သက်ပြင်းနှင့်အတူ ရော၍ ပြောမိသည်။ ထွန်းလွင်က ရယ်သည်။

"ခက်သင့်သလောက်တော့ ခက်မှာပေါ့ ယုရာ၊ သူစိမ်း မိန်းကလေးတစ်ယောက်ကို အချစ်နဲ့တကွ လိုချင်တာ၊ ဈေးထဲမှာ ကန်စွန်းရွက်တို့ ဂေါ်ဖီဆုပ်တို့ သွားဝယ်တာမှ မဟုတ်ဘဲ"

အလွန် ထုံတုံတုံ....ဟု စဦးက ထင်မှတ်ခဲ့သော သည်ပုဂ္ဂိုလ်သည် ခုခါတွင် ဘယ်လိုက ဘယ်လို စကားတွေတတ်၊ နှုတ်တွေသွက်နေပါလိမ့်ဟု အံ့သြခြင်းကြီးစွာ ဖြစ်မိ၏။

(၂)

မောင်သည် သူ့ကတိတည်စွာပင် ယုထံမှ ချစ်အတုံ့အပြန် ရရှိရေး၊ နှလုံးသားစီမံချက်၊ ချစ် စစ်ဆင်ရေးကို မဟာဗျူဟာ နည်းဗျူဟာများစွာတို့ဖြင့် စစ်ကြောင်းများစွာ ဖွင့်သည်။

"ကျောင်းကို ဘာဖြစ်လို့ နေ့တိုင်းလာနေရတာလဲ ကို ထွန်းလွင်၊ ကျွန်မ ရှင့်ကို နေ့တိုင်း ဒီလို ညှော်ခံစကား ပြော မနေနိုင်ဘူး"

"ကိစ္စမရှိပါဘူး ယု၊ ကျွန်တော့်ကို စကားမပြောနိုင်ရင် ယု မပြောဘဲနေပါ၊ ကျွန်တော်ကတော့ မလာဘဲ နေလို့

ဘယ်ရမလဲ၊ ကျွန်တော်က ယုနားမှာ အချိန်ပြည့် နေချင်လို့ ကြိုးစားနေတဲ့ သူပဲ"

"မဟုတ်ပါဘူး ကိုထွန်းလွင်၊ အဲဒီလို မလုပ်ပါနဲ့၊ ဘေးက လူတွေက တစ်မျိုးထင်ကုန်လိမ့်မယ်၊ ခုတောင် ကိုထွန်းလွင် နေ့တိုင်း လာပုံနဲ့ အတန်းထဲကလူတွေ ဘယ်လောက် အထင်လွဲနေပြီလဲ မသိဘူး"

"စိတ်တော့ မဆိုးနဲ့နော် ယု၊ အဲဒီလို လူတွေက များများ ထင်လေ တခြားတစ်ယောက်က ယုကို ချဉ်းကပ်ဖို့ ခက်လေ ဖြစ်နေရင် ကျွန်တော့်အတွက် အများကြီး စိတ်ချနေရပါတယ်"

"ဩော်....ရှင်က ကျွန်မသိက္ခာကိုတော့ ထည့်မတွက်တော့ဘူးပေါ့"

"ယုမှာရှိတဲ့ အကျင့်သီလနဲ့ သိက္ခာက လူတွေ ပြောရုံထင်ရုံနဲ့ ကျသွားစရာ မရှိပါဘူး ယုရယ်၊ ပြီးတော့ အဲဒီလူတွေက ကျွန်တော် ယုကို ဘယ်လောက် ချစ်တယ်ဆိုတာ သိတာမှ မဟုတ်ဘဲ"

* * *

ပြုံးပန်းတစ်ရာစာစပေ



"တရားဦး ဟောလှည့်မပါ"

ကာမဘောင် ရှုပ်အထွေးကိုသာ
ပျိုလေးမယ် မခင်လို့
ရှန်းချင်ပြီ ဆုပန်ကြွားသူရဲ့
တားမြစ်ဖို့ ခွင့်မသာ။
နှစ်ကိုယ်တွဲကာပ
သည်ဝဲသံသရာက
သောင်ခေမာ ဟိုတစ်ဖက်ဆီသို့
ဖောင်မဂ္ဂင် ဆင်ကာကူးမယ်လို့
ဆုထူးကို ပန်ညီသော်လည်း
ပါရမီ မောင် မရင့်သော်ကြောင့်
သွားနှင့် သက်လျှာ။
ဇာတ်မတူ အမူကြမ်းသူဖြင့်
သောင်ကမ်း မမြင်နိုင်လို့
တစ်ပင်တိုင် နာဝါပျက်လိုပ
သံသရာ သည်ဂယက်မှာလ
စုန်တစ်ခါ ဆန်တစ်ချက်ကယ်နဲ့
မျောလျက်ကွယ့် ယောင်ချာချာ
တွယ်ရာဖြင့် ရှိနိုင်ဘူး။

ပြုံးပန်းတစ်ရာစာစပေ

သို့ အကြောင်းရယ်ကြောင့်
ချစ်ဟောင်း နွယ်သာကီရဲ့
ပါရမီ ပြည့်လျှံ ဖြိုးကာပ
တန်ခိုးတွေ တလူလူနှင့်
ဘိက္ခုနီ ထေရီဖြစ်တော့ခါ
မောင်ချစ်ကို မယ်သနားတာဖြင့်
တရားမွန် မှန်သဘောကို
ဟောလှည့်အဦး။ ။

နေ့တိုင်း စကားလာပြောရင် သိကြွာနွမ်းနိုင်တယ် ဆိုလို့ လူလာချင်လျက်နဲ့ စာပဲ ရေးလိုက်ရပါတယ် ယု။

ယုကို တစ်ခါက ကျွန်တော် လက်ဆောင်ပေးဖူးတဲ့ စာအုပ်ထဲမှာပါတဲ့ ဆရာမင်းသုဝဏ်ရဲ့ ကဗျာလေး တစ်ပုဒ်ပါ၊ ကျွန်တော့် ဆန္ဒကလည်း ဆရာ့ဆန္ဒမျိုးပါပဲ ယု။

လောဘ၊ ဒေါသ၊ မောဟတွေ ပြည့်နေတဲ့ ကာမဘုံ လူ့လောကကြီးထဲကနေ ယု အလွတ်ရုန်းပြီး ဘိက္ခုနီ ဝတ်သွားဦးမယ် ဆိုရင်တောင် တရားဦး ပထမဆုံးကြားရတဲ့ 'အနီးဆုံးလူ' ဖြစ်ပါရစေ။





မိတ်ဆွေဘဝလေးကိုတောင် ပြန်လွမ်းနေသလိုပဲ ယုရယ်။ အဲဒီတုန်းက ညနေတိုင်း အဆောင်ကို လာလို့ရတယ်၊ကျောင်းပိတ်ရက်ဘုရားသွားကျောင်းတက် အတူတူကုသိုလ်ယူလို့ရတယ်၊ ဈေးသွား ဈေးဝယ်ကအစ လိုက်ပို့နိုင်တယ်၊ ချစ်မိတော့မှ 'အဝေးကလူ' ဖြစ်နေရတော့တယ်။

ကမ္ဘာကြီး တကယ် လုံး ပါ စေ လို့ နေ့တိုင်းဆုတောင်းမိတာပဲ ယု။ အရှေ့စူးစူးမှာ အဝေးဆုံးလူဟာ ကမ္ဘာကြီးလုံးနေရင် အနောက်စူးစူးမှာ အနီးဆုံးလူ ဖြစ်နေတယ် မဟုတ်လား။

ကျွန်တော် မျှော်ပါတယ်၊ ခဏခဏ ဒီလိုအပင်ပန်းခံခဲ့ဖူးတာမှမဟုတ်ဘဲ၊ဘဝမှာ ဒီတစ်ခါပဲ အပင်ပန်းခံရမှာ။

ယု ကျွန်တော့်ကို ချစ်တဲ့နေ့မှာ ပင်ပန်းသမျှ နွမ်းသမျှတွေ တစ်ခါတည်း အပန်းပြေသွားမှာပါ။

ကျွန်တော့်ဘဝထဲကို စိတ်ကူးနုနုနဲ့ အိမ်မက်လှလှနဲ့ မျှော်လင့်ချက်လင်းလင်းလက်လက်လေးတွေ လက်ဆောင်ပေးနိုင်တဲ့ ယု ကို ကျေးဇူးတင်ပါတယ်။

ကျွန်တော့်ကိုယ် ကျွန်တော် သိပ် ကျေနပ်နေတာပဲ။

ယုလဲ တစ်နေ့ကျ ကျွန်တော့်ကို ချစ်လာမှာပါ။ ကျွန်တော်က အရင်လို မဟုတ်တော့ဘူး ယုရဲ့၊ခု သိပ်

ချစ်နေတတ်ပြီ၊ အချစ်မှာ ရောင်ပြန်တော့ရှိတယ်လို့ ပြောကြတာပဲ။

ယု ကျွန်ဘော်.ကို မမုန်းနဲ့နော်။

* * *

"ဘယ်လိုလဲ ယု၊ခုထက်ထိ ပါတော် မမူသေးဘူးလား၊ ကိုယ်တော့ မင်းကို အရမ်းအံ့ဩတာပဲ၊ ဒီလိုလူမျိုးကို လက်ခံဖို့ ဘာလို့ဒီလောက်ခက်ခဲနေရတာလဲ ယုရာ"

မေဘယ်လ် ပြောလည်း ပြောစရာပင်၊ သည်မလောက်ပြောတာတောင် တော်သေးသည်ဟုပင် မေဘယ်လ်ကို ကျေးဇူးတင်ရသေး၏။

'မင်းက ဈေးကိုင်လွန်းတယ်ကွာ၊ ဒီလောက် ဈေးကိုင်နေရအောင် မင်းကိုယ်မင်း ဘာများမှတ်နေလို့လဲ၊ ဒီလိုလူမျိုးက ကံဆွတ်လို့ လာကြိုက်တာနဲ့ ကိုယ့်ကိုယ်ကို ဘဝင်မြင့်မသွားနဲ့ဦး'ဟု ပိုးစိုးပက်စက် ပြောလျှင်လည်း သူ့ကို စိတ်မဆိုးသာ။

တကယ်လည်း'သက် သက် မယ့် ဈေး ကိုင် လို့ ရ နေ လို့ အသားလွတ် ဘဝင်မြင့်နေမိတာများလား'ဟု မကြာခဏ မေးကြည့်မိသည်။





ပြန်တွေးကြည့်တော့လည်း ကိုယ်လည်းလူပီပီမချစ်တတ်သော အသည်းနှလုံးကို ပိုင်စိုးထားသူ မဟုတ်၊ အချစ်ဝတ္ထုတွေ၊ အချစ်ကဗျာတွေလည်း ဖတ်တတ် ခံစားတတ်သည်။ အချစ်အကြောင်းပါသော ရုပ်ရှင်ကားများ၊ အချစ်သီချင်းများကိုလည်း ကြည့်ရှုနားထောင် ခံစားတတ်သည်။

ကိုထွန်းလွင်ကိုလည်း စိတ်အားဖြင့် အထင်ကြီးပြီး အသိအားဖြင့် လေးစား၍ရသည်။ ဦးနှောက်ကနေ လက်ခံနိုင်သည်ဟု ခွင့်ပြုချက်ပေးထားသလို နှလုံးသားကလည်း ပြင်းထန်စွာ ကန့်ကွက်နေခြင်း မရှိ။

သို့သော် ကျောင်းမပြီးခင် ကျောင်းစာကလွဲပြီး တခြားစိတ်မဝင်စားသေး၊ပညာစုံသည်အထိ မိဘ ရင်အေးအောင် ရည်းစားမထား ဆိုသည့် မူလ ရည်ရွယ်ချက်ကို ဖောက်ဖျက်ကျူးလွန်မိသည်အထိ အ ချစ် စိတ် က မိုက်မဲစွာ ပြင်းထန်မလာ။ အချစ်မှာ မျက်စိမရှိဆိုသော စကားကို ကိုးကား၍ ပြောရလျှင် ယုထံမှ အချစ်က မျက်စိပါနေသည်။ မျက်စိမှုန်မွားဝေသီပြီး တိမ်စွဲနေသော မျက်စိမျိုးပင် မဟုတ်၊ဒေါင်ဒေါင်မြည် ကျန်းမာရေး ကောင်းနေသည့် ပထမတန်းစားအဆင့်မီ မျက်စိမျိုး။

သည်မျက်စိကြောင့်ပင် နောက်ဆုံး၌ မောင့်အချစ်ကို ယုလက်ခံမိလိုက်သလား မပြောတတ်။

(၃)

သချာသည်ကတော့ ထိုမျက်စိကို "အကြောင်းပြု၍ နောက်ပိုင်း ကျောင်းသို့ ထွန်းလွင် လာသောအခါယု ပြင်းထန်စွာ မနှင်၊ မငြင်းတော့။

"ကဲ....တားမရရင်လဲ ကိုထွန်းလွင် ကျောင်းကို တစ်ခါ တလေလာပါ၊ ယု လက်ခံစကားပြောပါ့မယ်၊ ဒါပေမယ့် တန်ဆေး လွန်ဘေးဆိုတဲ့စကား ရှိပါတယ် ကိုထွန်းလွင်၊လူ ဆိုတာ သတိလက်လွတ်ဖြစ်ရင် ဘယ်အရာမှ မကောင်းပါ ဘူး၊ ကိုထွန်းလွင် ယု ဆိုလာတဲ့အချိန်ဟာ ကိုထွန်းလွင် စာ

သင်ချိန် လွတ်တဲ့အချိန်ဖြစ်ပါစေ၊ အဲဒီလိုပဲ ယု စာသင်ချိန်လဲ မဖြစ်ပါစေနဲ့”

ဘယ်လိုပဲဖြစ်ဖြစ် ထွန်းလွင် ဝမ်းသာသည်တော့ အမှန်။ ထိုစကားကြားချိန်တွင် ထွန်းလွင်မျက်နှာ တစ်ခုလုံး ဝင်းလက် တောက်ပသည်။

“ဟာ....ဝမ်းသာလိုက်တာ ယုရ၊ ဒါဖြင့်ရင် ယု ကျွန်တော့်ကို အဖြေပေးတဲ့အထိ လက်မခံသေးတာတောင်မှ နဂိုမိတ်ဆွေဘဝမှာ ပေးထားတဲ့ အခွင့်အရေးတွေ အကုန်ပြန်ပေးပြီပေါ့၊ စနေနေ့ ဘုရားတက်ရင်ကော ကျွန်တော်လိုက်ပို့နိုင်ပြီလား”

“နေပါဦး ကိုထွန်းလွင်၊ သိပ် လောဘမကြီးပါနဲ့၊ အဲဒီကိစ္စ ယု နောက်မှ စဉ်းစားပြီးပြောပါမယ်”

“ရတယ် ယု၊ ကျွန်တော် အလောသုံးဆယ် ဘာတစ်ခုမှ မရှိပါဘူး၊အားလုံးကို ကျွန်တော် တစ်ဆင့်ချင်း တိုးတက်မှုကို စိတ်ရှည်လက်ရှည် စောင့်ယူပါမယ်”

“အမယ်....ယုက အဲဒီ အဓိပ္ပာယ်နဲ့ပြောတာ မဟုတ်ပါဘူးနော်”

ရင်မခုန်ဘူးဆိုသည့်တိုင် ထိုစကားကို ပြန်ပြောစဉ်ကတော့ ယု ရင်ထဲ ခုန်သလို ဖြစ်သွား၏။





ထွန်းလွင်ပြောသည့် တစ်ဆင့်ချင်း တိုးတက်မှု ဆိုသည်က ဖြစ်လာရန် သေချာသလောက် ဖြစ်နေပြီ မဟုတ်ပါလား။

* * *

“ကျွန်တော် တစ်ခုမေးမယ်နော် ယု”

“မေးလေ ကိုထွန်းလွင်၊ ဘာမေးချင်လို့လဲ”

“ယု ကျွန်တော်နဲ့ပတ်သက်လို့ လက်မခံနိုင်စရာ ဘာရှိလဲ”

“ဘာဖြစ်လို့ မေးတာလဲ ကိုထွန်းလွင်”

“မဟုတ်ဘူးလေ ယုရယ်၊ ယု ဘာဖြစ်လို့ ကျွန်တော့်ကို မချစ်နိုင်တာလဲဆိုတာ ကျွန်တော် သိချင်တယ်၊ ယုစိတ်ထဲမှာ ကျွန်တော့်အပေါ် တစ်ခုခု မကျေနပ်တာ ရှိနေတယ်ဆိုရင် ပြုပြင်နိုင်တဲ့အမှားဆို ကျွန်တော်ပြင်မှာပေါ့”

ယု အေးချမ်းစွာပြုံး၍ ခေါင်းခါသည်။

“မရှိပါဘူးကိုထွန်းလွင်၊ ယု ညာစရာ မလိုပါဘူး၊ ကိုထွန်းလွင်မှာ မိန်းကလေးတစ်ယောက်က လက်မခံနိုင်စရာအပြစ် ဘာတစ်ခုမှ မရှိပါဘူး”

"မိန်းကလေးတစ်ယောက်က လက်မခံနိုင်စရာ မရှိပေမယ့် ယုအနေနဲ့ လက်မခံနိုင်စရာကော ရှိလား"

ယု အသံထွက်၍ ရယ်သည်။

"မရှိပါဘူး၊ ယုလဲ မိန်းကလေးထဲက မိန်းကလေးပါ ကိုထွန်းလွင်၊ ယု အနေနဲ့လဲ လက်မခံနိုင်စရာ အပြစ် ဘာ တစ်ခုမှ မမြင်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ လက်မခံနိုင်သေးတာလဲ ယု"

"ဩော်....အပြစ်မရှိတာက အပြစ်မရှိတာ သတ်သတ်ပဲ ကိုထွန်းလွင်၊ အတိအကျ ချစ်သူအဖြစ် လက်ခံဖို့ ဆိုတာက တော့ တခြားလိုအပ်ချက်အကြောင်းကြောင်းတွေ ရှိသေး တာပေါ့"

"အဲဒါတွေ ကျွန်တော် မသိရဘူးလား"

"သိရပါတယ်၊ နံပါတ်တစ်က ယုအနေနဲ့ ကိုထွန်းလွင်ကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားနိုင်မလား၊ မချစ်နိုင်ဘူး လားဆိုတာ ပြတ်ပြတ်သားသား တွေးလို့မရသေးဘူး ကို ထွန်းလွင်၊နံပါတ်နှစ်၊အဲ....အဲဒီနံပါတ်နှစ်ကနံပါတ်နှစ်ဆိုပေမယ့် တစ်နဲ့ အရေးကြီးတာချင်း အတူတူပါပဲ၊ အဲဒါက ဘာလဲဆိုတော့ ယုဟာ တစ်သက်လုံး မိဘ အဆုံးအမနဲ့ လမ်းမှန် ကမ်းမှန် ရပ်တည်လာနိုင်ခဲ့တဲ့ မိန်းကလေးပါ ကိုထွန်းလွင်၊ ဒါကြောင့် မိဘ သဘောမတူနိုင်တဲ့ လူမျိုးကို ယု





သေအောင်ချစ်လဲ ယု လက်မခံပါဘူး၊ ယု မိဘတွေကိုလဲ အရင်ကြိုတင်ပြီး အသိပေးရပါဦးမယ်၊ သူတို့ သဘောတူမှ လဲ ယု လက်ခံမှာပါ"

"အင်း....ယု မိဘတွေကြားရင် အရမ်းကျေနပ် စိတ်ချမ်း သာမယ့်စကားတွေပဲ ယု၊ ယု တကယ်လိမ္မာပါတယ်၊ ဒါပေ မယ့် ကျွန်တော် တစ်ခုမေးချင်တယ်၊ တကယ်လို့ ယုချစ်တဲ့သူ ကို မိဘတွေက သဘောမတူဘူး၊ မိဘတွေ သဘောတူတဲ့ သူ ကို ယုက မချစ်ဘူးဖြစ်နေရင်ရော ကျွန်တော်ရယ်လို့ ပြော တာမဟုတ်ဘူးနော်၊ ယုအယူအဆနဲ့ ပတ်သက်လို့ဆွေးနွေး ကြည့်တာ"

"ရပါတယ် ကိုထွန်းလွင်၊ ဆွေးနွေးတာ မမှားပါဘူး၊ ဒီအတွက်လဲ ပြဿနာမရှိလှပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ယုမိဘတွေကိုလဲ ယုယုံပါတယ်၊ ယု ချစ်တဲ့သူကို အလကား နေရင်း သဘောမတူမှာ မဟုတ်သလို ယု မချစ်တဲ့ သူကိုလဲ တာအကြောင်းနဲ့မှ သူတို့ သဘောတူနေမှာ မဟုတ်ပါဘူး ကိုထွန်းလွင်"

"ဘယ်လိုလုပ်ပြီး ဒီအတိုင်းဖြစ်မယ်လို့ ပြောနိုင်လဲ ယု"

"ပြောနိုင်ပါတယ် ကိုထွန်းလွင်၊ ယုတို့အိမ်မှာ ဘယ်သူ စည်းကျိုးတာပျက် မရှိပါဘူး၊ မိဘကလဲ မိဘနေရာကနေ တာဝန်ကျေပါတယ်၊ သားသမီးကလဲ သားသမီးနေရာမှာ တာဝန်ကျေကျေ နေပါတယ်"

"ဒါဖြင့် ယုအနေနဲ့ ဘာတစ်ခုမှ လွတ်လွတ်လပ်လပ် မဆုံးဖြတ်ဘူးပေါ့"

"လွတ်လပ်ပါတယ် ကိုထွန်းလွင်၊ ဒါပေမယ့် လွတ်လပ်မှုဆိုတာ စည်းတစ်ခု ဘောင်တစ်ခုအတွင်းမှာပဲ လွတ်လပ်မှုရှိရမှာပေါ့၊ ရပ်ရွာအေးချမ်းမှုအတွက် စိုးမိုးထားတဲ့ တရားဥပဒေကို အချုပ်အနှောင်လို့ ထင်တာမျိုး၊ သားသမီးဝတ်၊ မိဘဝတ်၊ ဘာသာတရားနဲ့ ပတ်သက်တဲ့ အကျင့်သီလဝတ်၊ အဲဒီရေးမထားတဲ့ တရားဥပဒေကို မလိုအပ်တဲ့ အနှောင်အဖွဲ့လို့ ထင်တာမျိုးက လူ့လောကအတွက် အသုံးမကျတဲ့ လွတ်လပ်မှုပဲ၊ မိဘက မသင့်တော်လို့ ဆုံးမတာကို မလွတ်လပ်ဘူးထင်ပြီး ထင်ရာစိုင်းတဲ့ကလေး ခွေးဖြစ်သွားမှာပေါ့"

ထွန်းလွင် ပြုံး၍ ခေါင်းညိတ်သည်။

"ကျွန်တော့်ကိုကော ယု မိဘတွေ လက်ခံနိုင်ပါ့မလား" ယု ပြုံးသည်။

"မြွေမှန်ရင် တွင်းဝင်ဖြောင့်ပါတယ် ကိုထွန်းလွင်၊ ကိုယ်ကိုယ်နှိုက်က အပြစ်မရှိရင် တွေးမပူပါနဲ့၊ ယုမိဘတွေက စည်းနဲ့ ကမ်းနဲ့ပဲ နေတာပါ၊ တရားမမဲ့ပါဘူး၊ အချိန်တန်ရင် ကိုထွန်းလွင်ကိုလဲ ယုမိဘတွေနဲ့ တွေ့ပေးမှာပါ၊ အဲဒီအခါမှာ ကိုထွန်းလွင်ဘက်ကလဲ ပြန်အကဲခတ်ပါဦး၊ ကိုထွန်းလွင်ဘက်ကလဲ စစ်ဆေးနိုင်တဲ့ အခွင့်အရေး ရှိပါတယ်"

ပြုံးပန်းတစ်ရာစာစပ



"အင်း....တဖြည်းဖြည်းနဲ့ ကြောက်တောင်လာပြီယု၊ စာမေးပွဲဖြေရတာထက်တောင် ခက်နေပြီ"

"ခက်တာပေါ့ ကိုထွန်းလွင်၊ စာသင်နှစ် တစ်နှစ်မှာ အတန်းတင်စာမေးပွဲ ကျရင် တစ်နှစ်ပဲ နစ်နာမှာပေါ့၊အချစ်နဲ့ အိမ်ထောင်ရေးမှာ အမှားပါသွားရင် တစ်ဘဝလုံး ဘယ်လိုသွားပြင်လို့ ရတော့မလဲ၊ ကိုထွန်းလွင် ယုကို စိတ်ကုန်ရင် ကုန်နိုင်ပါတယ်၊ ယု အပြစ်မတင်ပါဘူး၊ လောကမှာ စည်းနဲ့ ကမ်းနဲ့ ဆိုတာမျိုးကို လိုက်နာနိုင်တဲ့သူ အရမ်း နည်းပါတယ်"

"ဟာ....ဒီလိုတော့ မဟုတ်ပါဘူး ယုရာ၊ ကျွန်တော်လဲ ကျွန်တော့်ဘဝကို စည်းနဲ့ စနစ်နဲ့ ပြုစုလာခဲ့တဲ့ သူပါ၊ ကျွန်တော့် မိဘတွေလဲ ဒီလိုပါပဲ"

"ဒါကြောင့် ကိုထွန်းလွင်မှာ အပြစ်မရှိဘူးလို့ ပြောတာပေါ့၊ ဟု ကိုထွန်းလွင်ကို လေးစားပါတယ်"

"ချစ်နိုင်အောင်လဲ ကြိုးစားပါ ယုရယ်"

"မလောပါနဲ့ရှင်ရယ်၊ ယုက ဆိုခဲ့စေ မြဲစေ မိန်းကလေးပါ၊ မချစ်ခင်သာ ကိုထွန်းလွင် စိုးရိမ်ရမှာပါ၊ ချစ်ပြီးရင် တစ်သက်လုံး ယုအတွက် ဆံချည်တစ်မျှင်တောင် စိုးရိမ်ပူပန်ဖို့ မလိုစေရပါဘူး"

ပြုံးပန်းတစ်ရာစာစပ

"ဒါကြောင့်လဲ ကျွန်တော် ယုကို ဒီလောက် ချစ်နေမိတာ ထင်ပါရဲ့ ယုရယ်၊ ယုကို ကျွန်တော် ရွေးချယ်မိတာ သိပ်ကံကောင်းတယ်လို့ ထင်ပါတယ်"

ယု ကျေနပ်စွာ ပြုံးသည်။

လှပသော နေ့ရက်ကလေးများကို ယုလည်း မက်မောတတ်ပါသည် မောင်။

* * *

ကြည်နူးဖွယ်အိပ်မက်ကလေးများထဲအထိ မောင် အလည်ရောက်လာပြီ ဆိုသောအခါ ယု၏ လိုအပ်ချက် နံပါတ်တစ်ပြည့်စုံပြီ ထင်သည်ဟု ယု တွေးမိသည်။

သို့အတွက် စနေနေ့တစ်ရက် ဘုရားပေါ်တွင် နောက်တစ်ဆင့် တိုးတက်၍ ဘုရားလိုက်ပို့ပေးနေပြီဖြစ်သော မောင့်အား စကားတစ်ခု ဆိုဖြစ်သည်။

"နောက်တစ်ပတ်ကျရင် ယု ညောင်လေးပင်ကို ခဏပြန်မယ် ကိုထွန်းလွင်၊ ကိုထွန်းလွင်အားရင် ယုတို့အိမ်ကို လိုက်လည်ပါလား"





မောင့်မျက်နှာ လပြည့်ဝန်းကဲ့သို့ လင်းထိန်လှပသည်။

"ဘာလဲယု၊ နောက်ဆုံးစာမေးပွဲ ဝင်ရတော့မှာလား"

"ရေးဖြေ အောင်ပါပြီ ကိုထွန်းလွင်၊ လူတွေ့စစ်ဖို့ပဲ ကျန်ပါတော့တယ်၊ ကိုထွန်းလွင် စိတ်ရှည်ရဲ့လား"

"ဟာ....စိတ်ရှည်ပါတယ်ဗျာ၊ ကျွန်တော် ဝမ်းသာအားရ လိုက်ခဲ့မှာပါ၊ ယေက္ခမဆိုပေမယ့် ကျွန်တော်က မိဘလိုပဲ အောက်မေ့မှာပါ"

"ဟင်း....နော် ကိုထွန်းလွင်"

(၄)

မိုင်တိုင်အမှတ် ၃၀/၃ အလွန်တွင် ရထားလမ်းနှင့် ကားလမ်း ဆုံသည်။

ရထားအလာနှင့် တိုးနေသဖြင့် မီးရထားလမ်းဖြတ် တံခါးပိတ်ထားသည်။ ထွန်းလွင်က ကားလေးကို အရှိန် လျှော့၍ ရပ်ထားလိုက်၏။

ကားအပေါ်တွင် အာရုံစိုက် မောင်းလာသဖြင့် မသိ မသာ တောင့်တင်းနေသော ခန္ဓာကိုယ်ကို လျှော့ချလိုက်ပြီး နာရီကို ဘစ်ချက်ကြည့်၍....

"မိုးတွင်းဆိုတော့ လမ်းပေါ် ရေစိုနေတာရယ်၊ လမ်း နည်းနည်းပျက်နေတာရယ်ကြောင့် ဒါလောက်ကြာတာ ယု၊ နို့မို့ ခုလောက်ဆို ရောက်ပြီ"

"ရပါတယ် ကိုထွန်းလွင်၊ အိမ်ရောက်ဖို့က ဒီလောက် လောစရာ မရှိပါဘူး၊ ခပ်မှန်မှန်ပဲ မောင်းပါ"

ထွန်းလွင် ရယ်သည်။

"အင်း....ယု မလောပေမယ့် ကျွန်တော်က လောနေတယ် ယုရာ၊ ကျွန်တော့် စိတ်ထဲ ယုတို့အိမ်ကို ဒီထက် အများကြီး စောရောက်ချင်နေတာ"

"ဘာဖြစ်လို့လဲ"

"အောင်စာရင်း မနက်ထွက်မယ်ဆိုလို့ မြန်မြန် မိုးလင်းအောင် ဆုတောင်းနေတဲ့ ကျောင်းသားလို ဖြစ်နေတာပေါ့ ယု၊ ကျွန်တော် ယုမိဘတွေနဲ့ မြန်မြန်တွေ့ပြီး သဘောတူညီချက် အမြန်ရချင်လို့ပြီ"

ယု မျက်နှာသည် ပော်လန်သစ္စာပန်း ပန်းရောင်အဆင်းလေးကဲ့သို့ ဖြစ်သွား၏။

"ရှင် တော်တော်ပိုတယ် ကိုထွန်းလွင်"

"မပိုပါဘူး ယုရာ၊ ကျွန်တော့် ဘဝမှာ ဒီလောက် မျှော်လင့်ချက်ကြီးတာမျိုး တစ်ခါမှ မကြုံခဲ့ရဖူးပါဘူး၊ ကျွန်တော့် အတွက် သေရေးရှင်ရေးလောက်ကို အရေးကြီးနေတာ"

"အဲလောက် အပြောမလွန်နဲ့ ကိုထွန်းလွင်၊ ဘာပဲဖြစ်ဖြစ် လောကမှာ တော်ရုံတန်ရုံပဲ ကောင်းပါတယ်"

"ကျွန်တော် ယုကိုချစ်တာ တော်ရုံတန်ရုံမှ မဟုတ်ဘဲ"

"တော်ရုံပဲချစ်ပါရှင်၊ သစ္စာရှိရှိနဲ့ သင့်ရုံပဲချစ်တာကို ယုလိုချင်ပါတယ်၊ ပန်းတောင်မှ မွှေးလွန်းရင် မကောင်းပါဘူး၊ ဘဝတစ်လျှောက်လုံး အတိုင်းအဘာမှာ အချစ်ကို





ဟင်းထဲမှာ ဆားခတ်သလောက်ပဲ သဘောထားပါ၊ နည်းရင် ပေါ့ပြီး စားမကောင်းသလို များရင်လဲ လေးလွန်းလို့ သုံးမရတော့ဘူး မဟုတ်လား"

"ယုက ကတ်သီးကတ်သတ် ပြောတတ်တယ်ဗျာ"

"တိကျတဲ့ ဥပမာပါ ကိုထွန်းလွင်၊ သေချာစဉ်းစားလေ သေချာအဓိပ္ပာယ်ရှိလေပါ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ တစ်ခုတော့ ကြိုပြီးပြောထားပါလား ယု"

"ဘာကိုလဲ"

"ဩော်....ကျွန်တော်တို့ ယုမိဘများဆီ သွားပြီး သဘောတူနိုင် မတူနိုင် ခွင့်ပြုချက်သွားယူတာဟာ လူကြီးတွေ သဘောတစ်ခုပဲ ကျန်တော့စေချင်တယ်ဗျာ၊ ယုရဲ့ ကိုယ်ပိုင် အဖြေကိုတော့ ကျွန်တော့်ကို ပြောပြဘားသင့်ပါပြီ"

ရှက်ပြုံးတစ်ရိပ် လှစ်ခနဲ မျက်နှာပေါ် ဖြတ်ပြေးသည်။

"လူကြီးတွေဆီက အဖြေရတာနဲ့ ကိုထွန်းလွင် သိရမှာပေါ့"

"မဟုတ်ပါဘူး ယုရာ၊ ယုသဘောကိုတော့ အရင်ပြောပါဦး၊ လူကြီးတွေ လက်မခံလို့ ယု ငြင်းမယ်ဆိုရင်လဲ ငြင်းပါ၊ ယု တစ်ဦးတည်းသဘောကိုတော့ ကျွန်တော့်ကို အရင်ပြောပါ"

"ခက်ပါလား ကိုထွန်းလွင်၊ လူကြီးတွေသဘောတစ်ခုပဲ ကျန်ပါတော့တယ်လို့ ပြောပြီးပြီပဲ၊ ဘာ ထပ်ပြော စရာ လိုတော့လို့လဲ"

"ဒါဖြင့် ယုကတော့ ကျွန်တော့်ကို ချစ်ပြီပေါ့"

"အို....ဘယ်လိုကြီးလဲ၊ မ ေမးပါနဲ့လို့ဆိုမှ"

"သိချင်လို့ပေါ့ ယုရာ"

"ဟင်....ဘာယ့်နှယ်လဲ၊ ရှင်က ကလေးလေးကျနေစာပဲ"

"ကျွန်တော်က အချစ်နဲ့ပတ်သက်လာရင် ကလေးလေး ပါ ယု၊ ပြောပါဗျာ"

"ကဲ....စကားများမနေနဲ့ ကိုထွန်းလွင်၊ ဟိုမှာ ရထား လာနေပြီ၊ ကားထွက်ရတော့မှာ"

"ရထားတစ်စီးလုံး ဖြတ်ချိန်ရပါသေးတယ် ယုရာ၊ ယု ပြောရမယ့်စကားက ချစ်တယ်လို့ နှစ်ခွန်းတည်းပါ၊ ပြော ပါ"

"အို"

"ရထားစဖြတ်နေပြီဗျာ၊ ပြောပါ"

"ခက်ပါလား ကိုထွန်းလွင်"

"ရထားအလယ်ရောက်နေပြီ ယုရယ်၊ ပြောပါ"

"အာ....စိတ်တောင်ညစ်လာပြီ"

"တံခါးမဖွင့်သေးဘူး ယုရယ်၊ ပြောပါ"

"ဟင်း"





"ပြောပါ ယုရယ်၊ အရိပ်အမြွက်လောက်ဖြစ်ဖြစ် ပြော ပါ"

"လူဆိုးပါလားရှင်ရယ်၊ ကဲ....ကဲ....ယုကတော့ ချစ်နိုင် ပါပြီ ကိုထွန်းလွင်၊ ဒါပေမယ့်"

"ဒါပေမမယ့်နဲ့တော့ ယု၊ ရပြီ"

ထိုစဉ် တံခါးလာဖွင့်သဖြင့် ထွန်းလွင်က ယုကို လက် တား၍ ပြောရင်း ကားစက်နှိုးသည်။

"မရဘူး....မရဘူး၊ ဒါပေမယ့် လူကြီးတွေ သဘောမတူ ရင် ယု အဲဒီစကားကို ပြန်ရုပ်သိမ်းရမယ်"

"ကလေးတွေစကားနဲ့ပြောရရင် ပြော ပြီး စ လစ် ပဲ ယု၊ နောက်စကားတွေကို ကျွန်တော် မကြားတော့ဘူး၊ ကျွန် တော် ပျော်သွားပြီ၊ ယု ကျွန်တော့် ချစ်သူဖြစ်ပြီ၊ ဒါပဲ၊ ကဲ....လာလေ့ ကားမောင်းပြီယု၊ ဘာမှမပြောနဲ့တော့"

ကလေးလေးလို ရွှင်လန်းတက်ကြွစွာ အော်ဟစ်၍ ကား မောင်းထွက်သော ထွန်းလွင် အမူအရာကြောင့် ယု မျက် စောင်းဖြင့်ကြည့်ရင်း ပြုံးသည်။

ကားလေးက တစ်ရှိန်ထိုးထွက်၍ ရထားလမ်းကို ဖြတ် ကျော်သည်။

တစ်လျှောက်လုံးလိုလို ဘယ်ဘက်တွင်ရှိလာသည့် ရထား လမ်းသည် လမ်းကူးပြီးသည်နှင့် ညာဘက်သို့ ရောက် သွား၏။

* * *

"ဖြည်းဖြည်းမောင်းပါ ကိုထွန်းလွင်၊ လမ်းက ဒါလောက် ဆိုးနေတဲ့ဟာများ"

ယုက လမ်းဘေးကို သတိထား ကြည့်မိသ ဖြင့် ကျိုက်စကောရွာအဝင် မိုင်တိုင်အမှတ် ၇၁/၃ လောက်ကစ၍ ရေကျော်ထားသော လမ်းများတစ်ပြင်လုံး ချိုင့်ချည်းဖြစ်နေသည်။ ဘေးဘယ်ညာ နှစ်ဖက်စလုံး ကားလမ်းမျက်နှာပြင် ထိမိလု ရေများပြည့်နေသည်။

ကားလေးက ချိုင့်များသဲမှာ အရှိန်မလျှော့သဖြင့် တချိုင်းချိုင်း လှုပ်ခါနေသည်။

"မောင်းပါရစေ ယုရာ၊ ပျော်လွန်းလို့ ခုန်ပေါက်နေချင်တာနဲ့ ကားခုန်တာနဲ့ အတော်ပဲ ဖြစ်နေလို့ပါ"

"ဒီလမ်းက ယုသွားနေကျ ကိုထွန်းလွင်၊ ဒီကနေ ပြွန်တန်ဆာအဝင်လောက်ထိက နှစ်တိုင်းလို ရေအမြဲကျော်လို့ လမ်းက တောက်လျှောက် မကောင်းတတ်ဘူး၊ ဟိုရောက်ရင် ကားကို တစ်စစီ ပြန်ကောက်ယူနေရလိမ့်မယ်"

"ရပါတယ်၊ ကားက ကောင်းပါတယ်၊ ဒီလောက် ပိုက်ဆံပေးထားရတဲ့ကား ဒီလောက်မှ မပျော်ရရင် လွှင့်ပစ်ဖို့ ရှိတော့တာပေါ့"

"အပျော်လဲမလွန်နဲ့ ကိုထွန်းလွင်၊ ကိုထွန်းလွင်မှာ အဲဒီအချက် သိပ်ချွတ်ယွင်းတယ်၊ စိတ်အလိုလိုက်လွန်းတယ်၊ သတိလက်လွတ် သိပ်လုပ်တယ်၊ အဲဒါ ယုမကြိုက်ဘူး"





ထွန်းလွင်က ရယ်ပြီး ကားအရှိန်ကိုလျှော့ချသည်။ ပြီးမှ ပြုံး၍ ယုဘက်သို့လှည့်ပြီး....

"ယုမကြိုက်ဘူးဆိုလို့ ကျွန်တော် ပြုပြင်တာနော်၊ ကျွန်တော် ကားက ဒီလောက်မညံ့ဘူး"

"အင်း....အဲဒါဆို ပိုသတိထားပေါ့၊ အဖိုးတန်ပစ္စည်းကိုင်တဲ့သူဟာ သိပ်ဂရုစိုက်ရတယ် ကိုထွန်းလွင်၊ အဖိုးမတန်တဲ့ ပစ္စည်း ဆုံးရှုံးတာက ဒီလောက်မဟုတ်ဘူး၊ အဖိုးတန်တဲ့ ပစ္စည်း ဆုံးရှုံးမှ ယူကျုံးမရ ဖြစ်ရတတ်တာ"

ယုမျက်လုံးသည် လမ်းဘေးသို့ အမှတ်မထင် ရောက်သွားသည်။ ရေများဖွေးနေသော ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ရှုမိသည်။ ရင်ထဲတွင် မိုးရေတက်ရေ တဖွေးဖွေး အစရှိသော ကဗျာလေးကို သတိရမိသည်။

အနီးသို့ ပြန်ရောက်လာသော မျက်လုံးထဲတွင် လက်ခုပ်ကွင်းမငရောက်မီ မိုင်တိုင်အမှတ် ၇၂၊ ၇ လေး ရေဖွေးဖွေးထဲတွင် နစ်နေသည်ကို တွေ့ရ၏။

(၅)

"ကောင်လေးက မွန်မွန်ရည်ရည်လေးပါ၊ လူရည်သန့်လေးပါပဲ၊ အကျင့်စာရိတ္တတို့ ဘာတို့ကိုတော့ သမီးလေ့လာပြီးသား မဟုတ်လား သမီး"

"သမီး သိသလောက်တော့ အကျင့်စာရိတ္တရော ကြိုးစားအားထုတ်မှုရော အပြစ်ရယ်လို့ ထူးထူးထွေထွေ မရှိပါဘူး မေမေ"

"အဖေကြီးကရော ဘယ်လိုသဘောရသလဲ"

"ဟုတ်တယ် ဖေဖေ၊ ဖေဖေ့သဘောကိုလဲ ပြောပါဦး"

"အင်း....လူတစ်ယောက်ကို ခဏနဲ့ ဆုံးဖြတ်တဲ့ ကိစ္စက တော့ အတိတကျကြီးတော့ ဘယ်ရမလဲ သမီး၊ ဒါပေမယ့် ဖေဖေလဲ တရားသူကြီး လုပ်လာတဲ့လူပဲ၊ လူကဲခတ် အညံ့ကြီးတော့ မဟုတ်ပါဘူး၊ မောင်ထွန်းလွင်ဟာ လူတော် တစ်ယောက်ဖြစ်နိုင်တယ်လို့တော့ အကြမ်းဖျင်း မှန်းလို့ရပါတယ်"

"ဖေဖေ့ စိတ်ထဲမှာ မတင်မကျ ဖြစ်နေသေးရင်တော့ သမီး သူ့ ကို အဖြေမပေးသေးပါဘူး ဖေဖေ၊ စောင့်ကြည့် ချင်လဲ စောင့်ကြည့်ပါဦး"

ယု ဖေဖေက ရယ်သည်။

"ဖေဖေက ဒီသဘောပြောတာ မဟုတ်ပါဘူး၊ ဖေဖေ့ အနေနဲ့ ယတိပြတ် မပြောနိုင်ပေမယ့် သမီးကို ဖေဖေ ယုံပါတယ်၊ သမီးသေချာမလေ့လာ မဆန်းစစ်ဘဲ ဒီအထိ ခေါ်လာမှာ မဟုတ်ဘူး ဆိုတာလဲ သိတယ်၊ သမီးစိတ်ကြိုက်အဖြေပေးပါ၊ ခုလောက်လိမ္မာလာပြီးတဲ့ သမီးဆုံးဖြတ်ချက်ကိုမှ လက်မခံရင် ဖေဖေတို့ ဘယ်တရားမျှမလဲ၊ဖေဖေ သမီးကို ခွင့်ပြုတယ်၊ သမီးကြိုက်သလို ဆုံးဖြတ်ပေတော့"

"ဟုတ်တယ် သမီး၊ မေမေလဲ ဒီအတိုင်းပဲ"

ယု ရင်ထဲ ဝမ်းသာသွားသည်။သည်လိုပဲဖြစ်မည်ဟု ထင်ထားခဲ့ပြီးသည့်တိုင် အတိအကျ ကြားရသည့် အချိန်တွင် ကြည်နူးဝမ်းသာဖြစ်မိသည်ကတော့ အမှန်။





"ဒါဖြင့်ရင် သမီး သူ့ကို သင့်တော်မယ့် တစ်ချိန်မှာ အဖြေ ပေးလိုက်တော့မယ်နော်"

ဖေဖေရော မေမေပါ ခေါင်းညိတ်သည်။

သည်အကြောင်းတွေ သူ သိရင် ခုန်ပေါက်နေမလားဟု ဧည့်ခန်းတွင် ထိုင်နေရစ်ခဲ့သည့် ကိုထွန်းလွင်အတွက် ကူပြီး ဝမ်းသာပေးလိုက်မိ၏။

* * *

"တစ်ခုတော့ ရှိတယ်နော် သမီး"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"သမီးဘဝက တစ်ဆစ်ချိုးသွားပြီ၊ ဘဝတစ်သက်တာ လက်တွဲသွားမယ့် အဖော်ဆိုတာကို လက်တွဲဖေးမဖို့အတွက် လောက်ပဲဆိုတာ သမီးနားလည်ထားနော်၊ လုံးဝမှီခိုစရာရှိပြီ၊ တစ်သက်လုံး အတွက် ကိုယ့်အား ကိုယ်ကိုးစရာ မလိုတော့ဘူးဆိုပြီး သမီးအရင်က ပြုခဲ့တဲ့ ကြိုးစားအားထုတ်မှုတွေ၊တည်တံ့ထိန်းသိမ်းမှုတွေကို လျှော့တော့ မပစ်လိုက်နဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"နောက်တစ်ခုက လောကမှာ လူဟာ အလုံးစုံကို သိနိုင်တဲ့သတ္တဝါ မဟုတ်ဘူး သမီး၊ ပုထုဇဉ်စိတ်ဆိုတာ ကျောက်

ဆောင်လိုခိုင်ကျည်တဲ့ သမာဓိနဲ့ သီလ အမြဲမပြတ် တည်နေနိုင်တာမဟုတ်ဘူး၊ လူဆိုတာ မှားတတ်တဲ့ သတ္တဝါ၊ မိုက်မဲတတ်တဲ့ သတ္တဝါပဲ၊ ခု ဖြူပေမယ့် ခဏကြာရင် မည်းတတ်တယ်၊ ခု ဖြောင့်ပေမယ့် တော်ကြာ ကောက်ချင် ကောက်တာ၊ လူတစ်ယောက်နဲ့ တစ်ယောက် ယုံရတယ် စိတ်ချရတယ်ဆိုတာက သမုတိ သဘောတွေ၊ ထာဝရ သဘောမဟုတ်ဘူး၊ ဘဝဆိုတာ ဒီလို စွန့်စားမှုမျိုးတွေနဲ့ လျှောက်လှမ်းရတဲ့ ခရီး သမီး၊ သိပ်ယုံရတဲ့ လူက ဖောက်ပြန်ရင် ဖောက်ပြန်မယ်၊ ရန်သူက မိတ်ဆွေဖြစ်လာရင် ဖြစ်လာမယ်၊ လောကဓံဆိုတာ လေးပါးအကောင်း၊ လေးပါးအဆိုး ရှိတယ်၊ အဲဒီတော့ သမီးစိတ်ထဲမှာ ဒီတစ်ခုကို စွဲစွဲမြဲမြဲ ကိုင်ဆုပ်ထားပါ၊ ဘယ်လိုအခြေအနေမျိုးနဲ့ပဲကြုံကြုံ ဘယ်အခြေအနေ ရောက်ရောက်၊ ဘဝကို သတ္တိရှိရှိနဲ့ အမှန်ကန်ဆုံး ရင်ဆိုင်သွားမယ်ဆိုတဲ့ သတ္တိနဲ့ သီလပဲ၊ ဘဝဆိုတာ ပင်လယ်သမုဒ္ဒရာပြင်ရဲ့ သဘာဝထက် မှန်းဆရခက်တယ် သမီး၊ အဲဒါတော့ အမြဲမှတ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဒီစကားတွေကို သမီး ဘယ်တော့မှ မမေ့ပါဘူး"

"ကဲ....ဒါဖြင့်ရင် သမီး ညွှန့်ခန်းကိုသွား၊ ညွှန့်သည်ကို စကားပြောလိုက်ဦး သမီး၊ ညွှန့်သည်ကို တစ်ယောက်တည်း ထားပစ်ခဲ့ရတာ အားနာဖို့ ကောင်းပါတယ်"

မြှုံးပန်းတစ်ရာစာပေ



မှတ်မှတ်ရရ ထိုနေ့က ညွှန့်ခန်းသို့ ပြန်ထွက်လာစဉ် ယုရင်သည် သိသိသာသာ ခုန်လှုပ်နေသည်။ ဖဝါးနှင့်ကြမ်းပြင်ထိခြင်းရှိသည်ဟု အမှတ်မရ။

ပြီးတော့ ဘယ်ကရောက်လာမှန်း မသိသောရှက်စိတ်က တစ်ကိုယ်လုံး ပျံ့နှံ့နေသည်။

မောင်နှင့် မျက်နှာချင်းဆိုင်မိလျှင် ယု ထားရှိရမည့်မျက်နှာကို ဘယ်လိုမှ ရွေးချယ်၍မရ။

မောင့်ကို အရမ်းရှက်တာပဲကွယ်။

* * *

"ဘာတဲ့လဲ ယု"

ထွန်းလွင်က မျက်နှာ နီတီတီ၊ အမ်းတမ်းတမ်းလေးနှင့် ထွက်လာသော ယု အနားသို့ရောက်သည်တွင် အားတက်သရောနှင့် ခိုးခိုးဝှက်ဝှက် အလောတကြီးမေးသည်။

ယုက မျက်နှာမထားတတ်စွာ ခေါင်းငုံ့ရင်း ကွယ်ဝှက်ရှက်ပြုံးလေးတစ်ခုဖြင့် ဆတ်ခနဲ ခေါင်းညိတ်သည်။

ထွန်းလွင်ရင်ထဲ ဝမ်းသာလုံးတစ်လုံး ဒိန်းခနဲတက်ဆောင့်သည်။

"သဘောတူတယ်ပေါ့ ယု၊ ဟုတ်လားဟင်"

မြှုံးပန်းတစ်ရာစာပေ

ယု နှုတ်ခမ်းလေး မသိမသာစူသည်။

"အင်းပါဆို"

"ဟာ....ဝမ်းသာလိုက်တာ ယုရာ၊ ကိုယ်ဖြင့် ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး၊ ဒါဖြင့် ယု ကိုယ့်ချစ်သူဖြစ်ပြီပေါ့နော်"

အနည်းငယ် မေ့သွားသောအကြည့်သည် မျက်စောင်းတစ်ခု ပါလာသည်။

"ဩော်....ငြိမ်ငြိမ်နေစမ်းပါ၊ အဲဒါတွေ နောက်မှပြော၊ ခု ဣန္ဒြေရရနေ"

ထွန်းလွင်က လက်ဝါးကို ဆုပ်ချည်ဖြန့်ချည် လုပ်သည်။ ခြေဖျားကိုလည်း ဖြန့်နင်းလိုက်၊ ခေါက်လိုက် လုပ်သည်။

"ဘယ်လိုမှ ဣန္ဒြေနဲ့ နေလို့မရဘူးယုရာ၊ ခုနေ ကွင်းပြင်ထဲမှာဆို ကိုယ် အော်ဟစ်ခုန်ပေါက်ပြီး လျှောက်ပြေးနေပြီ"

"သွားပါ"

"တကယ်ပါ ယုရဲ့"

"အဟမ်း"

အထဲဘက်မှ ချောင်းဟန့်သံတစ်ခု ပေါ်လာသည်။ ယုက မျက်လုံးပြူး၍....

"ဣန္ဒြေရရနဲ့ နေနော်၊ ဖေဖေ ထွက်လာပြီ"





ဖေဖေဆိုသော အသံကြားမှ ထွန်းလွင် မျက်နှာပိုး ကပျာကဃာ သတ်သည်။ ခန္ဓာကိုယ်ကိုလည်း ထိုင်လျက်နှင့် သတိအနေအထားသို့ ကမန်းကတန်းပြင်သည်။

မည်မျှ မျက်နှာပိုးသတ်သတ် အပျော်ဖြင့် အပိုးမကျိုးဘဲ စပ်ဖြဲဖြဲကြီးတည်နေသော မောင့်မျက်နှာကိုကြည့်၍ ယု ရယ်ချင်စိတ်ကို မထိန်းနိုင်။

ခစ်ခနဲ တစ်ချက်ရယ်လိုက်၏။

(၆)

တုန်လှုပ်သောစိတ်ကြောင့် ထင်သည်။ အသက်ရှူ၍မဝ။ ရင်ထဲတွင် တင်းကျပ်ခဲမာပန်းလာသည်။

"မကြောက်နဲ့နော်၊ ယု ဘာမှဖြစ်စရာမရှိဘူး"

သိသိသာသာကြီး ဖြူဖျော့ပြီး မျက်စိမျက်နှာပျက်ဖြစ်နေသည်ကို မောင်ရိပ်မိသွားသည် ထင်သည်။ ယုအက် အနည်းငယ် တိုး၍ လက်ကို ဖွဖွဆုပ်ကိုင် အားပေးသည်။ ယု စကားပြန်မပြောနိုင်။ သိသာရုံ ခေါင်းတစ်ချက်သာ ညိတ်ပြ၏။

စိတ်ထဲကနေ သမ္ဗုဒ္ဓေဂါထာကိုရွတ်ပြီး စိတ်ကို ဖြေလျှော့သည်။

ပြုံးပန်းတစ်ရာစာစပေ

စက်သံ သီသိသာသာမြင့်လာပြီး လေယာဉ်က ရွေ့လျားစ ပြုသည်။

"အသက်ရှူလို့ မဝဘူး"

ယုက ခပ်တိုးတိုးပြောသည်။ ထွန်းလွင်က ခေါင်းညိတ်ပြီး ကိုယ်ကို ရှေ့အနည်းငယ်ကိုင်း၍ လေယာဉ်မျက်နှာကြက်ရှိ ခလုတ်လေးများဆီ လက်လှမ်းသည်။ လေဝင်ပေါက်ဟု ယူဆရသော လျက်ဆားပုလင်းအဖုံးလောက်ရှိ ခလုတ်လေး နှစ်ခုကို ယုနှင့် တည့်တည့်ချိန်၍ ရွှေ့ပေးသည်။

"ယု သိပ်ကြောက်နေရင် အာရုံကိုတခြားပို့ထား၊ လေယာဉ်စီးနေတယ်ဆိုတာ မေ့ပစ်လိုက်"

ယု ခေါင်းညိတ်သည်။ စိတ်ကို ရအောင်ထိန်း၍ မျက်လုံး အစုံကို မှိတ်ထားလိုက်သည်။

လေယာဉ်ပျံက ခပ်မှန်မှန်မောင်းနေရင်း ဦးလှည့်လိုက်သည်ဟု စိတ်ဖြင့်သိသည်။ တိုနောက် စက်သံက ပိုမြည်လာပြီး ပြေးသည့်အရှိန်က သိသိသာသာ အလွန်လျင်မြန်လာသည်။ မောင့်လက်၏ ဆုပ်ကိုင်ခြင်းက ပိုမိုတင်းကျပ်လာ၏။

ချောက်ချားဖွယ် ရုတ်ခြည်း လျင်မြန်လာသည့် အရှိန်ကြောင့် အသက်ပင် မရှူမိ။ ဆယ်စက္ကန့်လောက်အတွင်း အရှိန် တအားမြန်လာပြီး လေယာဉ်က ငြိမ့်ခနဲဖြစ်၍ ရုတ်





ဘရက် ဦးမော့သွားသည်။ ရင်ထဲတွင် လှိုက်ခနဲခံစားလိုက်ရ၏။ လေယာဉ်သည် ဝေဟင်ထဲသို့ တက်ပြီ။ နားများ အူလာသည်။

"မကြောက်နဲ့တော့ ယု၊ လေယာဉ်မစီးဖူးတဲ့ သူက အတက်အဆင်းလောက်သာ ကြောက်တတ်တာပါ၊ လေယာဉ်ပျံဆိုတာ လေထဲမှာ ငြိမ်နေပါတယ်"

ယု မျက်လုံးဖွင့်လိုက်သည်။ ဘေးမှ ပြတင်းမှန်ကို ဖြတ်၍ အပြင်ကို ကြည့်သည်။ စောစောက တရိပ်ရိပ်မြင်နေသော မြေပြင်ကို မမြင်ရတော့။ အနားတွင် လွင့်မျောနေသော တိမ်စိုင်များနှင့် ကောင်းကင်ပြာပြာကြီးသာ ရှိတော့သည်။

"ယုဘော့ ကြောက်သေးတယ်၊ လေယာဉ်ပျံပေါ်ကဆင်းမှပဲ ကြောက်စိတ်ပြေမှာပဲ"

ယု စကားကြောင့် ထွန်းလွင် ရယ်သည်။

"သိပ်မကြာပါဘူး ယုရာ၊ ခဏပါပဲ"

ယု သက်ပြင်းချသည်။ မောင်ပြောသလိုပင် အာရုံကို လေယာဉ်စီးနေသည့်နေရာမှာ မထားဘဲ တစ်နေရာရာပို့ထားရန် ကြံသည်။ တစ်ခုခုကိုတွေးနေရန် စဉ်းစားဆဲ သူနှင့် ထွန်းလွင်တို့၏ ပြောင်းလဲနေပြီဖြစ်သော အခြေအနေကို အမှတ်ရသည်။

ယုနှင့်မောင်သည် သူစိမ်းတွေလည်းမဟုတ်တော့၊ မိတ်ဆွေတွေလည်း မဟုတ်တော့။ ချစ်သူများလည်း မဟုတ်

တော့။ အများသုံးစကားပြောလျှင် ယုနှင့်မောင် လင်မယား ဖြစ်ပြီ။ ယခုခရီးသည် လှပသော ပင်လယ်ကမ်းခြေ အနားယူစခန်းတစ်ခုဖြစ်သော ငပလီသို့ထွက်လာသည့် ပျားရည်ဆမ်း ခရီး။

ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးသည် မနေ့ကပင် အောင်မြင်စွာပြီးမြောက်ခဲ့ပြီ။ မောင့်အစီအစဉ် သေချာမှု၊ သပ်ရပ်မှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာ ဘာ တစ်ခုမှ မကြုံတွေ့ခဲ့ရ။ မိဘများအားလုံးပင် ကျေနပ်ကြည်နူးနေသော မျက်နှာများဖြင့် အပြုံးကိုယ်စီ မျက်နှာပေါ်မှ မချ။ ယုကိုယ်တိုင်လည်း မျက်ရည်ဝဲသည်အထိ ပီတိဖြစ်ခဲ့သည်။

ရင်ခုန်ခြင်းများစွာကိုလည်း ဖြတ်သန်းကျော်လွှားခဲ့ရပြီ။ စဦး အခြေအနေက ဆန်းစစ်ခြင်း၊ စဉ်းစားခြင်းများစွာဖြင့် ရွေးချယ်အတည်ပြုခဲ့ရသော အချစ်သည် ယခုအခါ ပီသသော အချစ်စစ်အဖြစ် တစ်စထက်တစ်စ ရုပ်လုံးပေါ်ခဲ့ပြီ။ ယု မောင့်ကိုချစ်သည်။

"ယု ကိုထွန်းလွင်အချစ်ကို လက်ခံပါတယ်၊ ယုဘက်က တစ်သက်လုံး သစ္စာရှိရှိနဲ့ မြတ်နိုး အားကိုးသွားပါ့မယ်လို့ ယု ကတိပေးပါတယ် ကိုထွန်းလွင်"

ဟု ဆိုကာ အဖြေပေးခဲ့သည့် ညောင်လေးပင်မှ အပြန်ခရီးမှ ရင်ခုန်မှုသည် ခုခါနှင့်နှိုင်းစာလျှင် ဘာမှ မပြောပလောက်တော့။





သို့သော် မေ့ပျောက်ဖွယ်တော့ မရှိ။
အတွေးထဲတွင် ပြန်သတိရသည်။

* * *

မိုင်တိုင်အမှတ် ၇၀၊ ညောင်လေးပင်မြို့မှထွက်၍ ဒိုက်ဦးမြို့နယ်အတွင်း ဝင်သည်နှင့် ထွန်းလွင်က ကားကလေးကို လမ်းဘေးတွင် တုံ့ခနဲထိုးရပ်သည်။ ယုကဲ ဖျတ်ခနဲလှည့်ကြည့်ပြီး....

"ဘာဖြစ်လို့လဲ ကိုထွန်းလွင်"

ထွန်းလွင်မျက်နှာက မိဘများနှင့် သဘောတူသည်ဟု ပြောစဉ်က ဖြစ်ခဲ့သည့်အတိုင်း ပြုံးဖြဲဖြဲကြီး ဖြစ်လာသည်။

"ကျွန်တော် မအောင့်နိုင်တော့ဘူး ယုရာ"

ယု ရုတ်တရက် လန့်သွားသည်။

"ရှင်....ဘာကို မအောင့်နိုင်တော့တာလဲ"

ထွန်းလွင်က အမေးကို မဖြေ။ တစ်ချက်ရယ်၍ သူ့ဘက်မှ တံခါးကိုဖွင့်ပြီး အောက်ကိုဆင်းသည်။ 'ခဏလေးနော် ယု' ဟုလည်း ဆင်းရင်းပြောသည်။ သည်တော့မှ ယုက သတိရ၍....

'ဩော်....အပေါ်အပါး သွားချင်လို့နဲ့တူတယ်၊ အမယ်လေးလေ....ငါကလဲ သူ မအောင့်နိုင်တော့ဘူး ပြောတာ ဘောင် နားမလည်ဘူး၊ သွားမေးရသေးတယ်'ဟု တွေးပြီး မျက်နှာလေး ရဲသွားဆဲ ထွန်းလွင်က ကားခေါင်းဘက်မှ ပတ်၍ ယုဘက်တံခါးဆီ လျှောက်၍လာ၏။

"ကဲ....ခဏလေးဆင်းပါဦး ယုရာ"

ယု ခပ်သွက်သွက်ခေါင်းခါသည်။

"ဟင့်အင်း....ကိုထွန်းလွင် လုပ်စရာရှိတာ လုပ်ပါ၊ ယု မဆင်းတော့ပါဘူး"

"ဗျာ....ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဩော်....ကိုထွန်းလွင် မအောင့်နိုင်တော့ဘူးဆို၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းပေါ့"

ထွန်းလွင် ကြောင်သွားသည်။ ပြီးမှ အမိပွာယ်ပေါက်၍ ဘဟားဟားရယ်သည်။ ရယ်လျက်နှင့်....

"ဟာ....မဟုတ်ပါဘူး ယုရ၊ ကျွန်တော်က အဲဒီကိစ္စပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် မအောင့်နိုင်တော့ဘူးဆိုတာက တခြားပါ"

"ဘာ တခြားလဲ"

"ဟာဗျာ....ယုကလဲ၊ ကျွန်တော်ပြောတာက တစ်မျိုး၊ ယုဆီကအဖြေ ကြားချင်လှပြီ၊ အဲဒါ ကားရပ်ပြီး ယုဆီက အဖြေဘောင်းမလို့၊ ယုက တလွဲတွေ အမိပွာယ်ပေါက်သွားတာကိုး"





"ဟောတော့"

ယု လှစ်ခနဲရေရွတ်၍ လျှာကလေး တစ်လစ် ယောင်ပြီး ထုတ်ပါသည်။ ခစ်ခနဲ ရယ်သည်။

"အို....ရှင်ကလဲ ရှင်းရှင်းပြောတာမဟုတ်ဘူး"

ပထမဦးဆုံးအကြိမ်အဖြစ် အချစ်ဖြင့်ကြည့်သော မျက်စောင်းကို အသုံးပြုမိ၏။

* * *

ရေများပြည့်နေသော လယ်ကွင်းကြီးက မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ် ပြန့်ပြူးနေသည်။

"အဖြေပေးတော့လေ ယုရာ"

"ဟင်း....ရှင် တော်တော်သည်းတာပဲ ကိုထွန်းလွင်၊ ပေးစရာမလိုတော့တဲ့အဖြေကို ဘာလို့ ဒီလောက်အလောတကြီး ဖြစ်နေရတာလဲ၊ တကတဲ....ထွက်ပြေးသွားမှာ ကျနေတာပဲ"

"စိတ်မဆိုးပါနဲ့ ယုရာ၊ ကျွန်တော် ကြားချင်လွန်းလို့ပါ၊ ကျွန်တော့် စိတ်ကူးထဲမှာ အကြိမ်ကြိမ် မျှော်လင့်တွေးကြည့်ဖူးတဲ့ အဖြေလေးကို တကယ်ရရတဲ့ အရသာလေး ခံစားချင်ပါလို့"

"ကဲ....ဒါဖြင့် နားထောင်၊ ယု ကိုထွန်းလွင်အချစ်ကို လက်ခံပါတယ်၊ ယုတက်က တစ်သက်လုံး သစ္စာရှိရှိနဲ့ မြတ်နိုး အားကိုးသွားပါ့မယ်လို့ ယု ကတိပေးပါတယ် ကိုထွန်းလွင်"

"ဟာဗျာ....နားထောင်ရတာ ဘယ်လိုအရသာရှိမှန်း မသိဘူး၊ နောက်တစ်ခေါက်လောက် ပြန်ပြောပါဦး ယုရာ"

"အို....ဘယ်လို လဲ၊ ဒါ သီချင်းပဟေဠိမဟုတ်ဘူး၊ ဘယ့်နှယ်....နောက်တစ်ခေါက်ထပ်ပြောပြရမယ်လို့"

"မဟုတ်ပါဘူး ယုရာ၊ တကယ် နားတောင်လို့ မဝလို့ပါ၊ ဒီတစ်ခါထပ်ပြောရင် 'ချစ်' ဆိုတဲ့ စကားလေးပါအောင် ပြောပေးစမ်းပါ၊ ယုကျေးဇူးကို ကျွန်တော် တစ်သက်လုံး မမေ့ပါဘူး"

ထွန်းလွင်၏ အူတူတူစကားကြောင့် ယု ဖျတ်ခနဲလှမ်းကြည့်သည်။

"ပြောပါ ယုရယ်၊ တစ်ခါတည်းပါ"

"ဒီလောက်ဖြစ်မနေပါနဲ့ ကိုထွန်းလွင်၊ ကဲ....နားထောင်၊ ကျွန်မ ရှင့်ကို ချစ်တော်မူပါသတဲ့၊ ကဲ....ကျေနပ်ပြီလား"

ထွန်းလွင် ဖျတ်ခနဲ တိုးကပ်သည်။

"ယု ကျွန်တော့်ကို တကယ်ချစ်ပြီနော်"

"အင်း"

"ဟာဗျာ....ဝမ်းသာလိုက်တာ၊ ဒီမှာစမ်းကြည့်စမ်းပါဦး ယုရာ၊ ကျွန်တော့်ရင်တွေခုန်နေလိုက်တာ"





"အို...."

ထွန်းလွင်က ယုလက်ကလေးကို မ,၍ သူ့ရင်တွင် ကပ်ပေးသည်။ လက်ချင်းအထိ လှပ်ခနဲတုန်လှုပ်သွားသော ရင်ကြောင့် ယု မျက်နှာလေး နီမြန်းသည်။

"ကဲ....ယုပြီလား၊ ကျွန်တော် တကယ်ပြောတာပါ"

"ပျော်ရင်လဲ ကျေနပ်တော့နော်၊ အပြန် သိပ်မိုးချုပ်သွားရင် မကောင်းဘူး"

"ဩော်....ဟုတ်သားပဲ၊ ဆောရီးနော် ယု၊ ကဲ....ကားပေါ်တက်၊ သွားစို့"

ကားပေါ်တက်စဉ် တံခါးပိတ်ပေးရန် ထွန်းလွင်က ရပ်စောင့်သည်။

ယု ပြုံးလိုက်၏။

* * *

"ယု ကိုထွန်းလွင်ကို တစ်ခုပြောမယ်နော်"

"ပြော....ယု၊ တစ်ခုမဟုတ်ဘူး၊ အများကြီးပြော"

"ယု စကားတော့ မဟုတ်ပါဘူး၊ ယု ဖေဖေ ပြောထားတာလေးတွေထဲက မှတ်မိသလောက် ယုပြန်ပြောမလို့ပါ"

"ပြောပါ ယု၊ ကျွန်တော် အလေးအနက်ထားပြီး နားထောင်ပါ့မယ်"

"လမ်းဘေးက လယ်ကွင်းကြီးကို ကြည့်လိုက်စမ်းပါ ကိုထွန်းလွင်၊ ကိုထွန်းလွင် ဘယ်လိုခံစားရလဲ"

ထွန်းလွင်အကြည့်က ရေဖွေးစိမ်းမြနေသော လယ်ကွင်းကြီးတစ်လျှောက် အဆုံးမရှိ ရောက်သွားသည်။

"သိပ်လှတာပဲ ယု၊ ရင်ထဲမှာ အေးချမ်းကြည်နူးသွားတာပဲ"

"ဖေဖေက ငယ်ငယ်ကတည်းက ယုကို ကဗျာလေးတစ်ပုဒ်ကို အဓိပ္ပာယ်အမျိုးမျိုးနဲ့ ခံစားတတ်အောင် သင်ပေးထားတယ် ကိုထွန်းလွင်၊ ကိုထွန်းလွင် ယုကို လက်ဆောင်ပေးဖူးတဲ့ ကဗျာစာအုပ်လေးထဲမှာလဲ ပါပါတယ်၊ အိမ်ရောက်ရင်လဲ ပြန်ဖတ်ကြည့်၊ စာမျက်နှာ ၄၉ မှာ၊ ယု စာမျက်နှာပါ အလွတ်ရတယ်"

"ဘယ်ကဗျာလဲ ယု"

"လယ်စောင့်တဲလေး ကဗျာပါ ကိုထွန်းလွင်၊ မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေးနဲ့ စ,တာလေ"

"ဪ....ကျွန်တော် ရပါတယ်၊ အဲဒီကဗျာက ဘာဖြစ်လဲ ယု"

"ဖေဖေ ရှင်းပြတာတွေကတော့ အများကြီးပါ၊ နောက်တော့ အလျဉ်းသင့်ရင် ယု ပြောပြပါ့မယ်၊ အဲဒီထဲက အရေးကြီးတာ တစ်ခုကို ယု အရင်ပြောထားချင်လို့၊ အဲဒီကဗျာထဲက ရှုခင်းဟာ ဖေဖေက အင်မတန် လှပအေးချမ်းတဲ့ ဘဝတစ်ခုနဲ့ တူတယ်လို့ ပြောဖူးတယ် ကိုထွန်းလွင်"





"အင်း...."

"ဘယ်လိုတူသလဲဆိုတော့ ဘဝကြီး တစ်ခုလုံးဟာ ကဗျာထဲမှာပါတဲ့ မိုးရေတက်ရေဖွေးနေတဲ့ လယ်ကွင်းပြင်ကြီးလိုပဲ ကြည့်မဆုံး မြင်မကုန် သိပ်ကျယ်ပြောလှတယ်၊ အဲဒီထဲက လယ်စောင့်တဲလေးဟာ လူတစ်ယောက်ရဲ့ဘဝ ဆိုပါတော့၊ ဘဝကွင်းပြင်ကြီးထဲမှာ ဘဝတဲလေးတစ်ခု မြင့်မြင့်မားမား ရှိတယ်၊ အဲဒီဘဝတဲလေးနားမှာလဲ ကြာနီလေး တစ်ပွင့်တလေ၊ ကြာဖြူလေး တစ်ပွင့်တလေပဲ တဲနဲ့ပန်းတင့်ရုံရှိတယ်၊ ဆိုလိုတာက အဲဒီရှုခင်း လှနေတာဟာ မြင်ကွင်းကျယ်ကြီးထဲမှာ လိုအပ်သလောက်ပဲ မြင်ကွင်းကို တန်ဆာဆင်ထားလို့တဲ့ ကိုထွန်းလွင်"

"အဲ့ဒီတော့ ယုပြောချင်တာက...."

"ယုပြောချင်တာက ကိုထွန်းလွင်လဲ အဲဒီကဗျာလေးကို ခံစားပြီး ဘဝမှာ ဆင်ဆင်ခြင်ခြင်နဲ့ သင့်တင့်မျှတအောင် နေစေချင်တယ်လို့ ပြောမလို့ပါ၊ ဘာကိုမှ အလွန်အကျွံ မခံစားဘဲ စည်းကမ်းလေးနဲ့၊ သူ့ခွင် သူ့ဘောင်နဲ့ လှရုံလေး ခံစားစေချင်တယ်"

"ဘယ်လိုကိစ္စမျိုးမှာလဲ ယု"

"အရာရာတိုင်းပဲ ကိုထွန်းလွင်၊ အထူးသဖြင့် ခုလောလောဆယ် လိုအပ်တာကတော့ ယုတို့ ချစ်သူဘဝမှာလဲ ပျော် ရောကောင်းတယ်ဆိုရုံ နေချင်တယ် ကိုထွန်းလွင်၊ ယုရော

ကိုထွန်းလွင်ရော ဘဝအတွက် မျှော်မှန်းထားတဲ့ ရည်မှန်းချက်တွေ မပြည့်မချင်း စည်းလေးကမ်းလေးနဲ့ သန့်သန့်စင်စင် ချစ်သွားချင်ဘယ်၊ ငါတို့တော့ ချစ်သူတွေဖြစ်ပြီဆိုတဲ့ အတွေးနဲ့ အပျော်လွန်ပြီး ဘာတစ်ခုမှ လက်လွှတ်စပယ် မနေစေချင်ဘူး”

“ဟာ....စိတ်ချပါ ယုရာ၊ ကျွန်တော် နားလည်ပါတယ်”

“ဝမ်းသာပါတယ် ကိုထွန်းလွင်၊ အချစ်ဆိုတာကို ဘဝအတွက် ခွန်အားလေးတစ်ခုပဲဖြစ်ချင်ပါတယ်၊ ဘဝကို ဖျက်ဆီးမယ့် အဆိပ်မဖြစ်ချင်ဘူးရှင်”

“စိတ်ချပါ ယုရယ်၊ ယုနဲ့ကျွန်တော် ဒီနေရာမှာ သဘောချင်း ညီပါတယ်”

“ဒါဖြင့် စောစောက ပျော်နေတာတွေလဲ နည်းနည်းလျှော့လိုက်တော့နော်”

ထွန်းလွင် ရယ်သည်။ ရယ်ရင်းနှင့် ခေါင်းညိတ်သည်။

‘ကျွန်တော် သဘောပေါက်ပါတယ်ယု’ ဟုလည်း ရယ်ပြော,ပြောသည်။ ခဏကြာမှ အရယ်ရပ်၍ အပြုံးသို့ကူးပြီး....

“တစ်ခုတော့ ရှိတယ် ယု၊ အဲဒါတော့ ယုကို ကျွန်တော်တောင်းဆိုရလိမ့်မယ်”

“ဘာလဲ ကိုထွန်းလွင်”





“ခုမဟုတ်တောင် တဖြည်းဖြည်းပေါ့ဗျာ၊ ယု ကျွန်တော့်ကို ခုလို ခပ်စိမ်းစိမ်းကြီး ကိုထွန်းလွင်တို့၊ ရှင်တို့....ရှင်တို့ မခေါ်နဲ့တော့နော်”

“ဘယ်လိုခေါ်ရမလဲ”

“သင်ပုန်းကြီးဖတ်စာထဲမှာမဘာ့ သဝေထိုး မ,ရေးချ င,သတ်လို့ ရေးတယ်ယု၊ မောင့်ကို နောက်ကျရင် အဲလို အမြဲခေါ်နော်”

“အို”

ယု ရှက်တော့ ရှက်၏။

သို့သော် သိပ်တော့မရှက်၊ ပြုံးရင်းသာ ရှက်၏။

ပထမပိုင်းပြီး

နှမ်ဂျာသိုင်း